CENTRE FOR LAW AND DEMOCRACY

မြန်မာ

ဩဂုတ် ၂၀၂၃

# အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအား လေ့လာသုံးသပ်ခြင်း

Centre for Law and Democracy
info@law-democracy.org
+1 902 431-3688
www.law-democracy.org
fb.com/CentreForLawAndDemocracy
@Law_Democracy

## မာတိကာ

*ခြုံငုံသုံးသပ်ချက်အကျဉ်းချုပ်*......ii

အသင်းအဖွဲ့များ မဖြစ်မနေ မှတ်ပုံတင်ရခြင်း......iii

အာဏာတည်ဆောက်ခြင်း......iii

မှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်းလုပ်ငန်းစဉ်များ......iv

အရေးယူခြင်းနှင့် မှတ်ပုံတင်ဖျက်သိမ်းခြင်း......v

ပြဋ္ဌာန်းချက်များ၊ ကြီးကြပ်ရေးနှင့် စစ်ဆေးရေးအာဏာများကို အစီရင်ခံတင်ပြခြင်း......vii

စည်းရုံးရေးနှင့် လုပ်ငန်းစဉ်များအပေါ် ကန့်သတ်တားမြစ်ချက်များ......viii

*နိဒါန်း*......1

*1. နောက်ခံသမိုင်း*......3

1.1. မြန်မာ့အရပ်ဘက်အဖွဲ့အစည်းများကို ထိန်းချုပ်ထားသော အခြားစည်းမျဉ်းဥပဒေများသမိုင်း......3

1.2. သက်ဆိုင်ရာ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေနှင့် စံနှုန်းများ......4

*2. မဖြစ်မနေ မှတ်ပုံတင်ရခြင်း*......7

2.1. အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ......7

2.2. နိုင်ငံတကာစံနှုန်းများနှင့် နှိုင်းယှဉ်အကဲဖြတ်ခြင်း......9

*3. အကောင်အထည်ဖော်ရာတွင် တာဝန်ရှိသော စည်းကမ်းထိန်းသိမ်းရေး အဖွဲ့အစည်းများ*......11

3.1. ပြည်ထဲရေးဝန်ကြီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန......11

3.2. အသင်းအဖွဲ့များမှတ်ပုံတင်ရေးအဖွဲ့များ......14

3.3. နိုင်ငံတကာစံနှုန်းများနှင့်နှိုင်းယှဉ်သုံးသပ်ချက်......17

*4. မှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ*......18

4.1. အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ......18

4.1.1. ပြည်တွင်းအဖွဲ့အစည်းများ......18

4.1.2. အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များ......22

**4.2. နိုင်ငံတကာစံနှုန်းများနှင့် နှိုင်းယှဉ်သုံးသပ်ခြင်း......23**

***5. အရေးယူခြင်းနှင့် မှတ်ပုံတင်ဖျက်သိမ်းခြင်း......27***

**5.1. စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း......27**

**5.2. ပြစ်ဒဏ်များ......29**

**5.3. နိုင်ငံတကာစံနှုန်းများဖြင့် နှိုင်းယှဉ်သုံးသပ်ချက်......31**

***6. ပြဋ္ဌာန်းချက်များ၊ ကြီးကြပ်ရေးနှင့် စစ်ဆေးရေးအာဏာများကို အစီအရင်ခံတင်ပြခြင်း......34***

**6.1. အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ......34**

**6.2. နိုင်ငံတကာစံနှုန်းများနှင့် နှိုင်းယှဉ်သုံးသပ်ချက်......37**

***7. စည်းရုံးရေးနှင့် လုပ်ငန်းစဉ်များအပေါ် တားမြစ်ကန့်သတ်ချက်များ......39***

**7.1. အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ......39**

**7.2. နိုင်ငံတကာစံနှုန်းများနှင့် နှိုင်းယှဉ်သုံးသပ်ချက်......41**

***8. နိဂုံးနှင့် အကြံပြုချက်များ......42***


# ခြုံငုံသုံးသပ်ချက်အကျဉ်းချုပ်

၂၀၂၁ ခုနှစ်တွင် စစ်တပ်က အာဏာသိမ်းပြီးနောက် တရားဥပဒေစိုးမိုးရေး အာဏာပိုင်ဖြစ်သည့် မြန်မာနိုင်ငံ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီသည် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ (NGO Law) ကို ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ပြဋ္ဌာန်းထုတ်ပြန်ခဲ့သည်။ ဤဥပဒေသည် အခြေခံ အရပ်ဘက် လူ့အဖွဲ့အစည်း လုပ်ငန်းများကို ပြင်းပြင်းထန်ထန် ခြိမ်းခြောက်လျက်ရှိပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များ အရေးတကြီးရှိနေသည့် မြန်မာနိုင်ငံတွင် ကြီးမားသည့်အကျိုးဆက်များရှိလာနိုင်သည်။ ဥပဒေသစ်တွင် ၂၀၁၄ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေဟောင်းရှိ အင်္ဂါရပ်ကောင်းများကို ဖယ်ရှားပြီး အသင်းအဖွဲ့များ၏ လုပ်ငန်းများကို ကန့်သတ်ချုပ်ချယ်ကာ စစ်ရေးအရစောင့်ကြည့်မှုများ ပါဝင်လာသည့် စည်းမျဉ်းအသစ်များကို ထည့်သွင်းထားသည်။

ဤလေ့လာသုံးသပ်ချက်သည် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများကိုအခြေခံ၍ ၂၀၂၂ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကို အကဲဖြတ်ခြင်းဖြစ်သည်။ လူ့အခွင့်အရေးဥပဒေသည် ရည်ရွယ်ချက်အမျိုးမျိုးအတွက် အခြားသူများနှင့် အသင်းအဖွဲ့တည်ထောင်ခွင့်အပါအဝင် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခွင့်ကို အကာအကွယ်ပေးထားသည်။ အခြားသူများနှင့် ပေါင်းသင်းဆက်ဆံခြင်း အပါအဝင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်

ကိုလည်း ကာကွယ်ပေးသည်။ နိုင်ငံများအနေဖြင့် ဥပဒေကြောင်းနှင့်ညီညွတ်သော အကျိုးစီးပွားကို ကာကွယ်ရန် နှင့် ထိုအကျိုးစီးပွားကို ကာကွယ်ရန် မလွဲမရှောင်သာအခြေအနေမျိုးအတွက် ဥပဒေတွင် ရှင်းရှင်းလင်းလင်း ပြဋ္ဌာန်းထားခြင်းရှိမှသာ၊ အပိုင်းသုံးပိုင်းပါဝင်သော ကြောင်းကျိုးစစ်ဆေးမှုနှင့်အညီ အဆိုပါအခွင့်အရေးများကို ထိန်းချုပ်ကန့်သတ်နိုင်သည်။

## အသင်းအဖွဲ့များ မဖြစ်မနေ မှတ်ပုံတင်ရခြင်း

အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေတွင် မည်သည့်အသင်းအဖွဲ့များ မှတ်ပုံတင်ရမည်ကို ရှင်းရှင်းလင်းလင်း သတ်မှတ်ထားခြင်းမျိုးမရှိပေ။ မှတ်ပုံတင်ခြင်းမရှိဘဲ အသင်းအဖွဲ့တစ်ခု တည်ထောင်ခြင်း သို့မဟုတ် လုပ်ငန်းလည်ပတ်ခြင်းအား ရာဇဝတ်မှုတစ်ရပ်အဖြစ် ပြဋ္ဌာန်းထားပြီး အစိုးရမှထူထောင်ထားသည့် အဖွဲ့အစည်းများကိုမူ မှတ်ပုံတင်ရန် မလိုအပ်ကြောင်း ဖော်ပြထားသည်။ နိုင်ငံရေး၊ စီးပွားရေး သို့မဟုတ် ဘာသာရေးနယ်ပယ်များတွင် "တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောနည်းဖြင့်" လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသည့် အသင်းအဖွဲ့များကို စာရင်းသွင်းခြင်းမှ တားမြစ်ထားသည်။

နိုင်ငံတကာဥပဒေအရ အသင်းအဖွဲ့များ မဖြစ်မနေမှတ်ပုံတင်ရခြင်းမှာ လုံးဝလျော်ကန်သင့်မြတ်ခြင်းမရှိပါ။ လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်တွင် အခြားသူများနှင့် အရပ်သဘော အသင်းအဖွဲ့ဖွဲ့စည်းခွင့်လည်း ပါဝင်သည်။ မဖြစ်မနေမှတ်ပုံတင်ရခြင်းမှာ အသင်းအဖွဲ့များအား ဖိနှိပ်ရန် ပိုပြီး လွယ်ကူသွားစေသည်။

## အာဏာတည်ဆောက်ခြင်း

အာဏာထူထောင်သော အဓိကအဖွဲ့အစည်းများမှာ ပြည်ထဲရေးဝန်ကြီးဌာန (MOHA) ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) နှင့် အသင်းအဖွဲ့မှတ်ပုံတင်ရေးအဖွဲ့များဖြစ်သည်။ မြန်မာ့ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထဲရေးဝန်ကြီးဌာနသည် စစ်တပ်ဦးဆောင်သော ဝန်ကြီးဌာနတစ်ခုဖြစ်ပြီး အာဏာသိမ်းသည့်နေ့တွင်ပင် အကြီးအကဲကို ပြောင်းလဲအစားထိုးခဲ့သည်။ အာဏာသိမ်းပြီးကတည်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို စစ်တပ်က ချုပ်ကိုင်ခဲ့သည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် သမိုင်းကြောင်းအရ ထောက်လှမ်းရေးနှင့် ဆက်နွယ်နေခဲ့ပြီး ယခုအခါတွင် မှတ်ပုံတင်ရေးအဖွဲ့များနှင့် စစ်ဆေးရေးအာဏာသစ်များစသည့် အခန်းကဏ္ဍတွင်ပါ ပိုမိုအားကောင်းလာပြီး အသင်းအဖွဲ့များထံမှ သုံးလတစ်ခါ အစီရင်ခံစာများရရှိသည်။

လက်ရှိ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေသည် ၂၀၁၄ ခုနှစ် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေဖြင့် ဖွဲ့စည်းထားသော မှတ်ပုံတင်ရေးအဖွဲ့များကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အာဏာသိမ်းပြီးချိန် ကတည်းကပင် မှတ်ပုံတင်ရေး အဖွဲ့များပေါ်တွင် စစ်တပ်အာဏာသက်ရောက်မှု ပိုမိုကြီးမားခဲ့ပြီးဖြစ်သည်။ အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဩဇာလွှမ်းမိုးမှုကို စုစည်းခိုင်မာစေပြီး ဒေသအဆင့် မှတ်ပုံတင်ရေးအဖွဲ့များတွင် တာဝန်ထမ်းဆောင်ခဲ့သော အသင်းအဖွဲ့တာဝန်ခံများကို ဖယ်ရှားခြင်း အားဖြင့် မှတ်ပုံတင်ရေးအဖွဲ့တွင် မတူကွဲပြားမှုကိုလျော့ပါးစေသည်။ ဥပဒေတွင် မှတ်ပုံတင်ရေးအဖွဲ့ဝင်

အရေအတွက် စုစုပေါင်းပမာဏကို မသတ်မှတ်ထားသောကြောင့် အဖွဲ့ဝင်များကို စစ်တပ်နှင့် ပနံသင့်သော ကိုယ်စားလှယ်များ ဖြင့်သာ အကွက်ဆင်ပေါင်းစည်းထားနိုင်သည်။

နိုင်ငံတကာဥပဒေအရ အသင်းအဖွဲ့မှတ်ပုံတင်ရေးအဖွဲ့များသည် ပွင့်လင်းမြင်သာပြီး ဘက်မလိုက်သော၊ အစိုးရလောင်းရိပ်မှ ကင်းလွတ်သည့်အဖွဲ့အစည်းမျိုးဖြစ်သင့်သည်။ ဒါ့အပြင် အစိုးရ၏ အလွန်အကျွံချုပ်ကိုင်မှု သို့မဟုတ် အစိုးရ၏ဆုံးဖြတ်ချက်ကိုနာခံရသော စစ်ဘက်သြဇာလွှမ်းမိုးမှုအောက်ရှိ လက်အောက်ခံမျိုး လုံးဝမဖြစ်သင့်ပေ။ မှတ်ပုံတင်ရေးအဖွဲ့များတွင် အရပ်ဘက်အဖွဲ့အစည်းများမှ အဖွဲ့ဝင်များလည်း ပါဝင်သင့်သည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အခန်းကဏ္ဍကိုကြည့်ခြင်းအားဖြင့် အသစ်ဖွဲ့စည်းထားသော အသင်းအဖွဲ့မှတ်ပုံတင်ရေးအဖွဲ့များသည် နိုင်ငံတကာစံနှုန်းများနှင့် မကိုက်ညီဘဲ စစ်တပ်၏ ဝင်ရောက်စွက်ဖက်မှုနှင့် ထိန်းချုပ်မှုကို ခံရလေ့ရှိကြသည်။

## မှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်းလုပ်ငန်းစဉ်များ

ပြည်တွင်းအသင်းအဖွဲ့များသည် မှတ်ပုံတင်လက်မှတ်ရရှိရန်အတွက် ၎င်းတို့၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ၊ အသင်းပိုင်ငွေကြေးနှင့်ပစ္စည်းစာရင်း၊ ၎င်းတို့၏ လုပ်ငန်းဆောင်တာများနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ထောက်ခံချက်အပါအဝင် အချက်အလက်များစွာကို တင်ပြလျှောက်ထားရမည်ဖြစ်သည်။ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ အောက်တွင်-

- ပြည်တွင်းအသင်းအဖွဲ့များသည် ၂၁ ရက်အတွင်း ယာယီမှတ်ပုံတင်လက်မှတ်ကို ရရှိမည်ဖြစ်သည်။ သို့ရာတွင် ၂၀၁၄ ဥပဒေနှင့်မတူဘဲ မှတ်ပုံတင်ရေးအဖွဲ့အား နောက်ဆုံးဆုံးဖြတ်ချက်ချမှတ်ရန် အချိန်ကာလသတ်မှတ်ထားခြင်းမျိုးမရှိတော့ပါ။
- အသင်းအဖွဲ့မှတ်ပုံတင်ရေးအဖွဲ့သည် မှတ်ပုံတင်ရန်လျှောက်ထားချက်ကို ဆုံးဖြတ်ချက်မပေးခင် စိစစ်ရမည်ဖြစ်ပြီး အစိုးရဌာနအဖွဲ့အစည်းတစ်ခုကို စိစစ်ရန် တာဝန်ပေးအပ်ရမည်။
- မှတ်ပုံတင်ရေးအဖွဲ့သည် နိုင်ငံ၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်နိုင်စေသော အသင်းအဖွဲ့များကို မှတ်ပုံတင်ခြင်း ခွင့်မပြုကြောင်း ငြင်းဆိုနိုင်ပြီး မှတ်ပုံတင်ခြင်းအား ငြင်းဆိုနိုင်သည့် အခြားအကြောင်းပြချက်များလည်းရှိသည်။
- ၂၀၂၄ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဥပဒေနှင့် နှိုင်းယှဉ်လျှင် မှတ်ပုံတင်ကြေးများကို တိုးမြှင့်သတ်မှတ်ထားသည်။
- မှတ်ပုံတင်လက်မှတ်များကို ငါးနှစ်တစ်ကြိမ် သက်တမ်းတိုးလဲလှယ်ရမည်ဖြစ်ပြီး ၂၀၁၄ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဥပဒေနှင့်မတူဘဲ သက်တမ်းတိုးခြင်းကို ခွင့်ပြုမည်ဟု ပုံသေမျှော်မှန်း၍မရပေ။

အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများအတွက် ထပ်ဆောင်းပြဋ္ဌာန်းချက်များမှာ_

- မြန်မာနိုင်ငံသား ၄၀ ရာခိုင်နှုန်းပါဝင်သော အလုပ်အမှုဆောင်ကော်မတီတစ်ခုရှိရမည်။

- အခြားဝန်ကြီးဌာနများမှ ထောက်ခံစာများ၊ အသင်းအဖွဲ့များ၏ ဘဏ္ဍာငွေအရင်းအမြစ်များ၊ သက်ဆိုင်ရာ ဒေသန္တရအုပ်ချုပ်ရေးမှူးထံမှ ခွင့်ပြုချက်နှင့် နားလည်မှုစာချွန်လွှာ (MOU) မူကြမ်းကို တင်သွင်းရမည်။

နိုင်ငံတကာဥပဒေအရ၊ မှတ်ပုံတင်ခြင်းလုပ်ထုံးလုပ်နည်းများသည် လွန်ကဲစွာပါဝင်စွက်ဖက်ခြင်း၊ ရှုပ်ထွေးခြင်း၊ ဈေးကြီးခြင်း၊ မရှင်းလင်းခြင်း သို့မဟုတ် ကာလရှည်ကြာခြင်းမျိုး မဖြစ်သင့်ပါ။ မှတ်ပုံတင်သက်တမ်းတိုးခြင်းမျိုး မလိုအပ်သင့်ပါ။ မှတ်ပုံတင်ရေးအဖွဲ့များသည် မှတ်ပုံတင်ခြင်းကို ငြင်းဆိုနိုင်ပါက လွတ်လပ်စွာ အသင်းအပင်း ဖွဲ့စည်းခွင့်ကို တားမြစ်ကန့်သတ်ခြင်းအတွက် အဆင့်သုံးဆင့်ပါဝင်သော ကြောင်းကျိုးစစ်ဆေးမှု ပြုပြီးမှသာ ငြင်းဆိုသင့်သည်။ ဆန့်ကျင်ဘက်အားဖြင့် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေသည် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းကို သိသိသာသာ ရှုပ်ထွေးစေပြီး မှတ်ပုံတင်ရေးအဖွဲ့များက မှတ်ပုံတင်ခြင်းကို ခွင့်မပြုကြောင်း အလွယ်တကူ ငြင်းပယ်နိုင်သည်။

## အရေးယူခြင်းနှင့် မှတ်ပုံတင်ဖျက်သိမ်းခြင်း

မှတ်ပုံတင်ရေးအဖွဲ့များသည် အသင်းအဖွဲ့များအပေါ် သတိပေးခြင်း၊ လုပ်ငန်းများကို ယာယီ ကန့်သတ်ခြင်း၊ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခြင်း အပါအဝင် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူမှုများ ချမှတ်နိုင်သည်။ ဤအရေးယူမှုများကို အောက်တွင်ဖော်ပြထားသည့် ရှည်လျားသော တာဝန်များစာရင်းကို လိုက်နာရန် ပျက်ကွက်သည့်အခါတွင် ချမှတ်နိုင်သည်-

- မှတ်ပုံတင်လက်မှတ်လျှောက်ထားရာတွင် အချက်အလက်များကို မှားယွင်းဖော်ပြခြင်း၊
- ခွင့်ပြုချက်မရှိသော လုပ်ငန်းများကိုဆောင်ရွက်ခြင်း သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ အချို့သော လုပ်ငန်းဆောင်တာများကို ပြောင်းလဲခြင်း၊
- အစိုးရဌာနအဖွဲ့အစည်း၏ လုပ်ငန်းတွင် ဝင်ရောက် စွက်ဖက်ရန် အသင်းအဖွဲ့၏ အမည်ကို အသုံးပြုခြင်း၊
- လိုအပ်သောအစီရင်ခံစာများကို တင်ပြရန်ပျက်ကွက်ခြင်း၊
- အစိုးရမှ စစ်ဆေးခြင်းနှင့် စုံစမ်းမေးမြန်းခြင်းများကို ခွင့်ပြုရန် ငြင်းဆန်ခြင်း၊
- အသင်းအဖွဲ့တို့၏ ဖော်ပြထားသော ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ခြင်းမရှိခြင်း၊
- အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ၎င်း၏ စည်းမျဉ်းများ သို့မဟုတ် အခြားတည်ဆဲဥပဒေများကို လိုက်နာရန် ပျက်ကွက်ခြင်း။

အသင်းအဖွဲ့များအနေဖြင့် ပြည်တွင်းရေး သို့မဟုတ် နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်ပါက၊ သို့မဟုတ် ရာဇဝတ်မှုကျူးလွန်ပါက၊ သို့မဟုတ် နိုင်ငံတကာအသင်းအဖွဲ့များက အချုပ်အခြာအာဏာ သို့မဟုတ် လုံခြုံရေးကို

ထိခိုက်စေရန် ပူးပေါင်းကြံစည်ပါက မှတ်ပုံတင်ရေးအဖွဲ့များသည် မှတ်ပုံတင်လက်မှတ်များကို ပယ်ဖျက်နိုင်သည်။

NGO ဥပဒေတွင် ရာဇဝတ်မှုအသစ်များကိုလည်း ဖန်တီးထားသည်-

• မှတ်ပုံမတင်ထားသော အသင်းအဖွဲ့တည်ထောင်ခြင်းနှင့် လည်ပတ်ခြင်း (ငွေဒဏ် သို့မဟုတ် ထောင်ဒဏ်သုံးနှစ်)။

• ပယ်ဖျက်ထားသော သို့မဟုတ် သက်တမ်းကုန်ဆုံးသည့် သက်သေခံလက်မှတ်ဖြင့် လုပ်ငန်းလုပ်ကိုင်ခြင်း (ငွေဒဏ် သို့မဟုတ် ထောင်ဒဏ်နှစ်နှစ်)။

• မှတ်ပုံတင်မထားသော အသင်းအဖွဲ့တွင် အသင်းဝင်အဖြစ်ပါဝင်ခြင်း၊ ဆောင်ရွက်ခြင်း၊ အားပေးကူညီခြင်း (ငွေဒဏ် သို့မဟုတ် ထောင်ဒဏ်နှစ်နှစ်)။

• အခြားသော ရာဇဝတ်မှုများအတွက် အသင်းအဖွဲ့ ၏ဝန်ထမ်း တစ်ဦးချင်းစီအတွက် အောက်ပါ ပြစ်ဒဏ်များ ပါဝင်သည်-

  - တရားမဝင်ငွေကြေးစီမံခန့်ခွဲမှု သို့မဟုတ် နိုင်ငံရေးပါတီ သို့မဟုတ် ကိုးကွယ်ရာဘာသာတစ်ခု အကျိုးအတွက် သို့မဟုတ် (နိုင်ငံရေး၊ စီးပွားရေး သို့မဟုတ် ဘာသာရေးအရမဖြစ်နိုင်သော) "လူမှုရေးလုပ်ငန်းများ"ထက် ကျော်လွန်သည့် အကျိုးအမြတ်တစ်စုံတစ်ရာအတွက် အသင်းအဖွဲ့ ၏ အမည်ကို အသုံးချခြင်း (ထောင်ဒဏ်သုံးနှစ်နှင့်/သို့မဟုတ် ငွေဒဏ်)။
  - မတရားအသင်းအဖြစ်ကြေညာထားသော အဖွဲ့အစည်းများကို ဆက်သွယ်ခြင်း၊ ထောက်ပံ့ခြင်း၊ သို့မဟုတ် လက်နက်ကိုင်တော်လှန်ခြင်း သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်ပတ်သက်ခြင်း သို့မဟုတ် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး နှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောနည်းဖြင့် ထိခိုက်စေခြင်း (ငါးနှစ်နှင့်/သို့မဟုတ် ငွေဒဏ်)။ အသင်းအဖွဲ့ကိုဖျက်သိမ်းခြင်းနှင့် အသင်းအဖွဲ့၏ ပိုင်ဆိုင်မှုများအား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်သည်။.

နိုင်ငံတကာဥပဒေအရ၊ တရားသူကြီး၏အမိန့်အရ သို့မဟုတ် အနည်းဆုံး တရားစီရင်ရေးဆိုင်ရာ ပြန်လည်စိစစ်မှုဖြင့် အလွန်ပြင်းထန်သော စည်းကမ်းချိုးဖောက်မှုများအတွက်သာ အသင်းအဖွဲ့တစ်ရပ်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းတို့ကို ဆောင်ရွက်သင့်သည်။ ပြစ်ဒဏ်မချမှတ်မီတွင် အသင်းအဖွဲ့များအား ၎င်းတို့၏ အပြုအမူကို ပြုပြင်ရန် သတိပေးချက်ထုတ်ပြန်ပြီး အခွင့်အရေးပေးသင့်သည်။ အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေတွင် လုပ်ထုံးလုပ်နည်းဆိုင်ရာအကာအကွယ်များ ကင်းမဲ့နေပြီး ယင်း၏ ဥပဒေ ချိုးဖောက်မှုစာရင်းများသည် လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခြင်းအား တားမြစ်ကန့်သတ်ချက်များ ချမှတ်သည့်အခါ ဆောင်ရွက်ရသည့် အပိုင်းသုံးပိုင်းပါကြောင်းကျိုးစစ်ဆေးချက်နှင့် မကိုက်ညီနေပါ။

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာစည်းမျဉ်းများကို လိုက်နာရန် ပျက်ကွက်သည့်အတွက် ပြစ်ဒဏ်များချမှတ်ခြင်းနှင့် အထူးသဖြင့် မှတ်ပုံတင်ခြင်းမရှိဘဲ လုပ်ကိုင်ခြင်းအတွက် ထောင်ဒဏ်ချမှတ်ခြင်းမှာ မမျှတချေ။ အချို့

ရာဇဝတ်မှုများသည် စကားရပ်အားဖြင့် တိကျစွာမဖော်ညွှန်းထားရာ လက်နက်ကိုင်အဖွဲ့များရှိနေသည့် ဒေသများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးခြင်း သို့မဟုတ် နိုင်ငံရေးလွန်ကဲသည်ဟု ယူဆနိုင် သည့် မှတ်ချက်သဘောထားများထုတ်ပြန်ခြင်းကဲ့သို့သော လုပ်ရပ်များမှာ ရာဇဝတ်မှုမြောက်နိုင်သည်။ သာမန် အသင်းအဖွဲ့လုပ်ငန်းများအတွက် ယခုလိုရာဇဝတ်မှုဆိုင်ရာ ပိတ်ဆို့အရေးယူမှုများသည် အရပ်ဘက်အဖွဲ့အစည်းများ၏လှုပ်ရှားမှုများကို အဟန့်အတားဖြစ်စေနိုင်ပြီး နိုင်ငံတကာလူ့အခွင့်အရေးဥပဒေနှင့် မကိုက်ညီပေ။

## ပြဋ္ဌာန်းချက်များ၊ ကြီးကြပ်ရေးနှင့် စစ်ဆေးရေးအာဏာများကို အစီရင်ခံတင်ပြခြင်း

အသင်းအဖွဲ့များသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံ သုံးလတစ်ကြိမ် လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာတင်သွင်းရမည်။ အမျိုးသား သို့မဟုတ် ဒေသဆိုင်ရာအသင်းအဖွဲ့များအနေဖြင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်တစ်ဦးဖြင့်စစ်ဆေးထားသော နှစ်ပတ်လည်ဘဏ္ဍာရေးအစီရင်ခံစာကိုလည်း တင်သွင်းရမည်ဖြစ်သည်။

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေတွင် အသင်းအဖွဲ့များအတွက် ကြီးကြပ်ကွပ်ကဲမှု လုပ်ငန်းစဉ်အချို့မှာ ရှင်းရှင်းလင်းလင်းမရှိသည့်အပြင် လုပ်ထုံးလုပ်နည်းများမှာလည်း ရှင်းလင်းမှုရှိမနေသည့်အတွက် လုပ်ငန်းစဉ်အလိုက် လုပ်ထုံးလုပ်နည်းများ ကွဲပြားခြင်းရှိမရှိပင် ရေရေရာရာမရှိသည်ကို အောက်ပါအတိုင်းတွေ့ရသည်။

- မှတ်ပုံတင်ရေးအဖွဲ့များသည် အသင်းအဖွဲ့များ၏ မှတ်ပုံတင်ခွင့်လျှောက်ထားမှုကို စစ်ဆေးရန်နှင့် အသင်းအဖွဲ့နှင့်စပ်လျဉ်းသည့် တိုင်ကြားချက်များကို စိစစ်ရန် သက်ဆိုင်ရာဦးစီးဌာနအား တာဝန်ပေးဆောင်ရွက်စေရခြင်း၊
- အသင်းအဖွဲ့အတွက် ထောက်ခံစာထုတ်ပေးထားသော သို့မဟုတ် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားသော အစိုးရဌာနအဖွဲ့အစည်းသည် အသင်းအဖွဲ့က စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းရှိ၊ မရှိကို မှတ်ပုံတင်ရေးအဖွဲ့ထံ အစီရင်ခံတင်ပြရမည်ဖြစ်ပြီး မှတ်ပုံတင်ရေးအဖွဲ့မှ အသင်းအဖွဲ့၏ လုပ်ငန်းစဉ်များကို ပြန်လည်စိစစ်မှု ဖြစ်လာနိုင်စေသည်။

မှတ်ပုံတင်ရေးအဖွဲ့၊ အသင်းအဖွဲ့လိုက် တာဝန်ပေးအပ်ထားသော အစိုးရဌာနများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် အသင်းအဖွဲ့ တစ်ခုအား စစ်ဆေးခြင်း၊ စာရွက်စာတမ်းများ ပြန်လည်စစ်ဆေးခြင်းနှင့် အသင်းအဖွဲ့အား စုံစမ်းမေးမြန်းခြင်းများ ပြုလုပ်နိုင်သည်။ အသင်းအဖွဲ့များသည် ၎င်းတို့၏အမည်၊ နေရပ်လိပ်စာ၊ အမှုဆောင်အဖွဲ့ဝင် သို့မဟုတ် ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များပြောင်းလဲခြင်းကဲ့သို့သော အခြေခံလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် အတည်ပြုချက်ရယူရမည်ဖြစ်သည်။

နိုင်ငံတကာဥပဒေအရ အစီရင်ခံခြင်းဆိုင်ရာပြဋ္ဌာန်းချက်များသည် ဝန်ထုပ်ဝန်ပိုးမဖြစ်သင့်ပါ။ သုံးလပတ်လှုပ်ရှားမှု အစီရင်ခံစာများသည် မလိုအပ်ဘဲ တရားဝင်စည်းမျဉ်းစည်းကမ်းဆိုင်ရာ ရည်ရွယ်ချက်ကို ဖြည့်ဆည်းရာလည်း မရောက်ပါ။ ကုန်ကျစရိတ်ကြီးသော စာရင်းစစ်အဖွဲ့ဖြင့်စစ်ဆေးမှု အပြည့်အစုံသည် အရွယ်အစားကြီးသော အသင်းအဖွဲ့များအတွက်သာ လိုအပ်သင့်သည်။ အာဏာပိုင်များသည် အသင်းအဖွဲ့များအပေါ်တွင် ကျယ်ပြန့်ပြီး အတိအကျမသတ်မှတ်ထားသည့် စောင့်ကြည့်ရေးအာဏာမျိုးမရှိသင့်ပါ။ စုံစမ်းစစ်ဆေးခြင်းမျိုးကို ကြိုတင်သတိပေးချက်ဖြင့်သာလုပ်ဆောင်သင့်ပြီး တရားမဝင်လုပ်ငန်းဆောင်တာများအဖြစ် သံသယရှိပါက ကျိုးကြောင်းခိုင်လုံသောအကြောင်းပြချက်ဖြင့်သာ စစ်ဆေးခြင်းဖြစ်သင့်ပြီး ရှာဖွေခြင်းနှင့် ဖမ်းဆီးခြင်းများကို တရားစီရင်ရေးအရ ခွင့်ပြုချက်ရမှသာ ဆောင်ရွက်သင့်သည်။ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေတွင် ထိုသို့သော လုပ်ထုံးလုပ်နည်းအကာအကွယ်များ ကင်းမဲ့နေသည်။ အသင်းအဖွဲ့များသည် အခြေခံလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာဆုံးဖြတ်ချက်များအတွက် အစိုးရ၏ ခွင့်ပြုချက်ရယူရန် လိုအပ်ပြီး ၎င်းတို့၏ အရေးကိစ္စများအတွက် လွတ်လပ်စွာရပ်တည်ခွင့် အာမခံချက်မရှိပါ။

## စည်းရုံးရေးနှင့် လုပ်ငန်းစဉ်များအပေါ် ကန့်သတ်တားမြစ်ချက်များ

အသင်းအဖွဲ့များသည် နိုင်ငံရေး၊ ဘာသာရေး သို့မဟုတ် စီးပွားရေးဆိုင်ရာ လှုပ်ရှားမှုများတွင် "သွယ်ဝိုက်သော အားဖြင့်"ပင် ပါဝင်ခွင့်မရှိဘဲ မှတ်ပုံတင်ရာတွင် အတည်ပြုထားသော "လူမှုရေးလုပ်ငန်းများ" ကိုသာ ဆောင်ရွက်ခွင့်ရှိပြီး ထိုလုပ်ငန်းစဉ်များကို ပြောင်းလဲဆောင်ရွက်လိုပါက ခွင့်ပြုချက်ရယူရန် သတ်မှတ်ထားသည်။ အသင်းအဖွဲ့များသည် ၎င်းတို့မှတ်ပုံတင်ထားရာဒေသ အပြင်ဘက်တွင် လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိပါ။ (ထို့ကြောင့် နိုင်ငံတော်အဆင့်တွင် စာရင်းသွင်းထားခြင်းမရှိဘဲ ဒေသတစ်ခုတွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့များသည် အခြားဒေသတစ်ခုတွင် လုပ်ငန်းမလုပ်ဆောင်ရပါ)။ တစ်ခုတည်းသောခြွင်းချက်အနေဖြင့် သဘာဝဘေးအန္တရာယ်များအတွက်မူ ဒေသန္တရအုပ်ချုပ်ရေးမှ အထူးခွင့်ပြုချက်ရယူပြီး ဆောင်ရွက်နိုင်သည်။ ခရီးသွားလာမှုကန့်သတ်နယ်မြေများတွင် အလုပ်လုပ်ရန်လည်း အထူးခွင့်ပြုချက် လိုအပ်သည်။

နိုင်ငံတကာဥပဒေအရ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တစ်စိတ်တစ်ပိုင်းအနေဖြင့် အသင်းအဖွဲ့များသည် လူထုမူဝါဒဆိုင်ရာ စကားရည်လုပွဲများတွင် ပါဝင်ခွင့်နှင့် ခေါင်းစဉ်အမျိုးမျိုးကို ဆွေးနွေးပြောဆိုပိုင်ခွင့်ရှိသည်။ အသင်းအဖွဲ့များကို ဥပဒေပြဋ္ဌာန်းချက်ပါ "လူမှုရေးလုပ်ငန်းများ" တွင်သာကန့်သတ်ခြင်းသည် လူ့အခွင့်အရေးစံနှုန်းများနှင့်မကိုက်ညီပါ။ အသင်းအဖွဲ့များ၏လုပ်ငန်းဆောင်တာများကို ကြိုတင်ခွင့်ပြုချက်တောင်းခံစေခြင်းအားဖြင့် နိုင်ငံ၏ အစီအမံနှင့် ကိုက်ညီရန် မကြိုးစားသင့်ပါ။

## နိဒါန်း[1]

၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ၊ အာဏာသိမ်းပြီးနောက်ပိုင်း စစ်အုပ်ချုပ်ရေးအဖွဲ့အဖြစ် ဖွဲ့စည်းထားသော မြန်မာနိုင်ငံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) သည် အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ (NGO Law) အသစ်ကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။[2] ဤဥပဒေသည် အသင်းအဖွဲ့ မှတ်ပုံတင်ခြင်း ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ထုတ်ပြန်ထားပြီး မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ်နေသော အစိုးရ မဟုတ်သော အသင်းအဖွဲ့ (NGO) များအတွက် စည်းမျဉ်းများ ချမှတ်ထားသည်။ အသင်းအဖွဲ့မှတ်ပုံတင်ခြင်း ဆိုင်ရာ ဥပဒေသစ်ထွက်ရှိမည်ဟု ယခုကြေငြာချက်မတိုင်မီ ကောလာဟလများထွက်ပေါ်ခဲ့ပြီးဖြစ်သော်လည်း လက်ရှိ ဥပဒေသစ်သည် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ခြင်းအလျဉ်းမရှိဘဲ ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလနှောင်းပိုင်းတွင် စတင်အသက်ဝင်ခဲ့သော အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေသည် ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးကတည်းက ဆက်တိုက်ဖိနှိပ်မှုများကို ခံစားခဲ့ရသည့် မြန်မာနိုင်ငံရှိ အရပ်ဘက် အဖွဲ့အစည်းများအပေါ် ဆိုးရွားသော အကျိုးသက်ရောက်မှုရှိစေမည်ဖြစ်သည်။ ဤလေ့လာဆန်းစစ်မှုတွင် ဖော်ပြထားသည့်အတိုင်း၊ အသင်းအဖွဲ့များကို ဝန်ပိစေသောမှတ်ပုံတင်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်းမရှိပါက၊ အသင်းအဖွဲ့အများအပြားအား တရားမဝင်ဖြစ်စေနိုင်ပြီး စီမံခန့်ခွဲရေး နှင့် ရာဇဝတ်မှုအရ အရေးယူခံရနိုင်ခြင်းက ချောက်လှန့်လျက်ရှိသည်။

ပြဋ္ဌာန်းချက်အသစ်များသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ကဏ္ဍအားလုံးကို ထိခိုက်စေနိုင်ပြီး ဆိုးရွားသော အကျိုးဆက်များရှိလာနိုင်သည်။ ယနေ့မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များ ကြီးမားလျက်ရှိသည်။ လူဦးရေ၏ထက်ဝက်သည် ဆင်းရဲနွမ်းပါးစွာဖြင့် နေထိုင်နေရပြီး လူသုံးဦးတွင် တစ်ဦးနီးပါး သည် ၂၀၂၃ ခုနှစ်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်မည်ဟု ခန့်မှန်းထားသည်။ ၂၀၂၃ ခုနှစ်တွင် လက်ရှိအထိ အိုးအိမ်မဲ့ ရွှေ့ပြောင်းသူ ၁.၃ သန်းရှိနေပြီး နောက်ထပ် လူ ၁.၄ သန်းသည်

[1] ဤစာတမ်းသည် Creative Commons Attribution အောက်တွင် Non Commercial-ShareAlike 3.0 Unported လိုင်စင်အောက်တွင်ပါရှိသည်။ Centre for Law and Democracy ကို ကိုးကားဖော်ပြချက်ထည့်သွင်းပြီး အခမဲ့ ကူးယူ၊ ဖြန့်ဝေ၊ ပြသခြင်း၊ ဆင့်ပွားစာတမ်းများပြုစုခြင်းတို့တွင် အသုံးပြုနိုင်သည်။ ဖော်ပြပါလိုင်စင်ပါ ဤစာတမ်းမှ ဆင်းသက်လာသော မည်သည့်အလုပ်ကိုမဆို အကျိုးစီးပွားအတွက် အသုံးပြုခြင်းနှင့် ဖြန့်ဝေခြင်းမပြုရပါ။ လိုင်စင်မိတ္တူကို ကြည့်ရှုလိုပါက http://creativecommons.org/licenses/by-nc-sa/3.0 တွင် လေ့လာနိုင်သည်။

[2] နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဥပဒေ အမှတ် ၄၆/၂၀၂၂။ ဤလေ့လာဆန်းစစ်ချက်သည် ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၉ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့အထိ မြန်မာ့အလင်းသတင်းစာတွင် ထုတ်ဝေထားသော ဘာသာပြန်ဆိုချက်အပေါ် မှီတည်သည်။ (GNLM ဘာသာပြန်) CLD သည် ဤဘာသာပြန်ဆိုချက်ကို https://www.law-democracy.org/live/wp-content/uploads/2023/06/Myanmar-Organization-Registration-Law-consolidated-English-version.pdf တွင် စာတမ်းတစ်ခုအဖြစ် စုစည်းထားပါသည်။ ဤဘာသာပြန်ဆိုချက်တွင် အမှားအယွင်းများ သို့မဟုတ် နားလည်ရခက်သောစကားစုများ ပါဝင်နေပုံရသောကြောင့် CLD သည် https://bit.ly/3jJIJy3 (Lincoln Translation) အခြားဘာသာပြန်တစ်ခုကိုလည်း ကိုးကားထားပါသည်။ ဘာသာပြန်ဆိုမှုများတွင် ကွဲလွဲမှုများကို ဤလေ့လာဆန်းစစ်ချက်တစ်လျှောက် အောက်ခြေမှတ်စုများတွင် မှတ်သားထားသည်။

ပြည်တွင်းတွင် အိုးမဲ့အိမ်မဲ့ ဖြစ်လာနိုင်သည်ဟု ခန့်မှန်းထားသည်။ [3] အရေးကြီးအစိုးရဌာနများစွာသည် လည်ပတ်ခြင်းမရှိဘဲ - ပြည်သူ့ကျန်းမာရေးစနစ်သည် "လုံးဝပြိုလဲလုနီး" အခြေအနေဖြစ်သည်- ဆိုလိုသည်မှာ အရပ်ဘက် လူ့အဖွဲ့အစည်းသည် အရေးကြီးသောအကူအညီများကို ပံ့ပိုးပေးလျက်ရှိသည်။[4]

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေက နိုင်ငံရေးတက်ကြွမှု၊ စစ်တပ်ကို ဝေဖန်ထောက်ပြမှု သို့မဟုတ် အတိုက်အခံလှုပ်ရှားမှုများကို ထောက်ခံသည်ဟုယူဆသည့် မည်သည့်အသင်းအဖွဲ့ကိုမဆို ထပ်လောင်းနှောင့်ယှက်မှုများလည်း ဖြစ်လာနိုင်သည်။ ၎င်းသည် တိုင်းရင်းသားအရပ်ဘက်အဖွဲ့အစည်းများ သို့မဟုတ် လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားနေသော ဒေသများတွင် လုပ်ငန်းလုပ်ဆောင်နေသူများကို ပိုမိုကန့်သတ်ချက်များ ဖြစ်ပေါ်စေနိုင်သည်။ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေသည် မြန်မာနိုင်ငံတွင် အကြွမ်းမဖက်သော နိုင်ငံရေး အတိုက်အခံများနှင့် အချေအတင် ဆွေးနွေးခြင်းရပ်ဝန်းကို ပိုမိုကျဉ်းမြောင်းစေပြီး အတိုက်အခံများအတွက် ငြိမ်းချမ်းစွာ ထုတ်ဖော်ပြောဆိုရန် လမ်းကြောင်းများကို တားမြစ်ကန့်သတ်ထားသည်။ လူ့အခွင့်အရေး ရှုထောင့်မှကြည့်လျှင် လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်၊ ထုတ်ဖော်ပြောကြားခွင့်နှင့် နိုင်ငံရေးတွင် ပါဝင်မှုများ အပါအဝင် အခြေခံအခွင့်အရေးများ ကျင့်သုံးခြင်းတို့ကို ဆန့်ကျင်နေပြီးဖြစ်သည့် အခြေအနေရပ်ဝန်းကို ပို၍ပင်ဆိုးရွားသွားစေသည်။

ဤလေ့လာဆန်းစစ်ချက်သည် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေက မြန်မာနိုင်ငံတွင်လုပ်ကိုင်နေသော အသင်းအဖွဲ့များအတွက် တရားဝင်အခင်းအကျင်းကို မည်သို့ပြောင်းလဲစေခြင်းအပါအဝင် ဥပဒေ၏ အဓိက အင်္ဂါရပ်များကို ဆွေးနွေးထားသည်။ ဤလေ့လာဆန်းစစ်ချက်က အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအား နိုင်ငံတကာလူ့အခွင့်အရေးဥပဒေစံနှုန်းများနှင့် နှိုင်းယှဉ်အကဲဖြတ်ပြီး လွတ်လပ်စွာ အသင်းအပင်း ဖွဲ့စည်းခွင့်နှင့် အခြားအခြေခံလူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများနှင့် မကိုက်ညီကြောင်း ပြသလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဥပဒေများထုတ်ပြန်ရန်အာဏာသည် တရားဥပဒေကြောင်းအရ သံသယဖြစ်ဖွယ်ရှိကြောင်းကိုလည်း ကျွန်ုပ်တို့သတိပြုမိပါသည်။[5] လက်တွေ့တွင် ၂၀၂၂ အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအား တရားဝင်ဥပဒေအဖြစ် ကျင့်သုံးမည်ဖြစ်သောကြောင့် ဤလေ့လာဆန်းစစ်ချက်သည် ဤဥပဒေအား စီမံခန့်ခွဲရေးဥပဒေတစ်ရပ်အဖြစ် သဘောထားတင်ပြထားပါသည်။ သို့သော်၊ ယင်းအချက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ဥပဒေရေးဆွဲရေးအဖွဲ့အဖြစ် တရားဝင်သည်ဟု မဆိုလိုပါ။

---

[3] ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၊ စာမျက်နှာ- ၉၂ https://reliefweb.int/attachments/f0cc9858-071b-4583-bcfe-e2dc2c288f7b/mmr_humanitarian_needs_overview_2023%20final.pdf ။ Reliefweb၊ "မြန်မာ့လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နောက်ဆုံးရသတင်း အမှတ် ၂၆"၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်၊ https://reliefweb.int/report/myanmar/myanmar-humanitarian-update-no-26-2-february-2023 ။

[4] *Ibid.*၊ စာမျက်နှာ-၂၂

[5] ဤဆွေးနွေးချက်အတွက် CLD၊ မြန်မာ၊ ခွဲခြမ်းစိတ်ဖြာခြင်း- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ရာဇသတ်ကြီးပြင်ဆင်ချက်များ၊ ၂၀၂၁ခုနှစ်၊ မေလ စာမျက်နှာ- ၂၊ https://bit.ly/3DQ8PWN ။

# 1. နောက်ခံသမိုင်း

## 1.1. မြန်မာ့အရပ်ဘက်အဖွဲ့အစည်းများကို ထိန်းချုပ်ထားသော အခြားစည်းမျဉ်းဥပဒေများသမိုင်း

၁၉၈၈ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် အသစ်ဖွဲ့စည်းထားသော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့သည် အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ ၆/၈၈ ကို အတည်ပြုခဲ့သည်။ ၁၉၈၈ဥပဒေ၌ အသင်းအဖွဲ့ဟုဆိုရာတွင် ကျယ်ပြန့်စွာအဓိပ္ပာယ်ဖွင့်ဆိုထားပြီး မည်သည့်အသင်းအဖွဲ့မဆို ဖွဲ့စည်းခွင့်အတွက် လျှောက်ထားရန်လိုအပ်ကြောင်း သတ်မှတ်ပြဋ္ဌာန်းထားသည်။ တရားမဝင်အသင်းအဖွဲ့တစ်ခု သို့မဟုတ် တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို အနှောင့်အယှက်ဖြစ်စေသော အသင်းအဖွဲ့တွင် လုပ်ငန်းဆောင်ရွက်၊ ပူးပေါင်းပါဝင် သို့မဟုတ် ကူညီဆောင်ရွက်ပေးသူများအား ပြစ်မှုပြစ်ဒဏ်များချမှတ်ခဲ့သည်။[6] နောက်ပိုင်းနှစ်များတွင် ဤဥပဒေနှင့်အညီ ပြင်းထန်သော တားမြစ်ကန့်သတ်ချက်များကို တွေ့မြင်ခဲ့ရသည်။ ဥပမာအားဖြင့်၊ နာဂစ်မုန်တိုင်းအပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းရန်ကြိုးပမ်းသည့် ပြည်တွင်းအဖွဲ့အများအပြားအား မှတ်ပုံတင်ခွင့်မပြုခြင်း၊ ထင်ရှားသော ၈၈ကျောင်းသား တက်ကြွလှုပ်ရှားသူများကို ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးအပြီး တရားမဝင်အသင်းအဖွဲ့ ဖွဲ့စည်းလုပ်ဆောင်မှု စွဲချက်ဖြင့် ထောင်ချခြင်းများ ရှိခဲ့သည်။[7]

မြန်မာနိုင်ငံတွင် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအသစ်ကို ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။[8] ကနဦး မူကြမ်းကို အရပ်ဘက်အဖွဲ့အစည်းများက ဝေဖန်ပြီးနောက် ဥပဒေပြုသူများနှင့် အရပ်ဘက်အဖွဲ့အစည်း များကြား ဆက်တိုက်ဆွေးနွေးမှုများကြောင့် အတော်လေးတိုးတက်သောဥပဒေတစ်ရပ်ကို အတည်ပြုနိုင်ခဲ့သည်။[9] ၂၀၁၄ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ မှတ်ပုံတင်ခြင်းကို သဘောဆန္ဒအလျောက် လုပ်ဆောင်နိုင်ပြီး ပြစ်မှု (သို့မဟုတ် အခြား) ပြစ်ဒဏ်များ ချမှတ်ခြင်းမရှိပေ။ ၂၀၁၄ ဥပဒေ၏ အစိတ်အပိုင်းများသည် မလိုအပ်ဘဲ ဝန်ထုပ်ဝန်ပိုးဖြစ်စေသော စည်းမျဉ်းလိုအပ်ချက်များပါဝင်သည့်အတွက်ကြောင့် နိုင်ငံတကာစံနှုန်းများနှင့်

---

[6] အပိုင်း ၃၊ အပိုဒ်ခွဲ ၅-၇၊ https://bit.ly/3REZ0Rn ။

[7] OMCT၊ အရေးပေါ်ဝင်ရောက်စွက်ဖက်မှုများ- ၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့မှ အဖွဲ့ဝင်များအား စီရင်ချက်ချခြင်း၊ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉၊ https://bit.ly/3I6NVoY ၊ အာရှလူ့အခွင့်အရေးကော်မရှင်၊ မြန်မာနိုင်ငံ- စွပ်စွဲခံထားရသောတရားမဝင်အဖွဲ့အစည်းအတွက် မှားယွင်းစွာစွပ်စွဲခံရသူ ၁၃ ဦး၊ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၁၄၊ https://bit.ly/3x6thiA ၊ Human Rights Watch၊ "ကိုယ့်လူမျိုးကို ကူညီချင်ပါတယ်"- နာဂစ်မုန်တိုင်းအပြီး မြန်မာနိုင်ငံရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အစိုးရ၏ထိန်းချုပ်မှုများ၊ ၂၀၁၀ ခုနှစ်၊ ဧပြီလ ၂၈၊ https://bit.ly/3IgS5uN ။

[8] ဥပဒေအမှတ် ၃၁/၂၀၁၄၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင် ၁၈ https://bit.ly/3REN425

[9] Paul Vrieze, "အရပ်ဘက်အဖွဲ့အစည်းနှင့် လွှတ်တော်ကိုယ်စားလှယ် 'တိုးတက်သော' အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ"၊ ၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၂၁၊ ဧရာဝတီ၊ https://bit.ly/40CQWVm ၊ နှင့် International Crisis Group၊ "မြန်မာ- မိုးကုတ်စက်ဝိုင်းပေါ် ရှိ မုန်တိုင်းတိမ်တိုက်များ"၊ အာရှအစီရင်ခံစာနံပါတ်. ၂၃၈၊ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာ 12၊ စာမျက်နှာ-၁၅၊ https://bit.ly/3llfXUT ။

မကိုက်ညီသော်လည်း မြန်မာ့သမိုင်းကြောင်းအရ ၎င်းသည် ကြီးကြီးမားမား အပြုသဘောဆောင်သော တရားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ကိုယ်စားပြုခဲ့သည်။ ၂၀၁၄ ဥပဒေသည် ၂၀၂၂ ဥပဒေအသစ် ပြဋ္ဌာန်းချိန်အထိ အာဏာတည်ခဲ့သည်။

မြန်မာနိုင်ငံတွင် ကိုလိုနီခေတ် မတရားအသင်းများ အက်ဥပဒေကိုလည်း ဆက်လက်ထိန်းသိမ်းထားဆဲဖြစ်သည်။ ဤ ၁၉၀၈ ခုနှစ်ဥပဒေသည် အကြမ်းဖက်မှုကျူးလွန်ရန် အားပေးကူညီသူများ သို့မဟုတ် နိုင်ငံတော် သမ္မတက တရားမဝင်ဟု ကြေညာထားသော မည်သည့်အသင်းအဖွဲ့ကိုမဆို "တရားမဝင်အသင်းအဖွဲ့များ" ဟု သတ်မှတ်ထားမြစ်ထားသည်။ နိုင်ငံတော်သမ္မတသည် တရားဝင်ပြန်တမ်းတွင် အသိပေးစာဖြင့် မည်သည့်အသင်းအဖွဲ့ကိုမဆို ဥပဒေအတိုင်း မတရားအသင်းအဖြစ်သတ်မှတ်ရန် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။[10] အဆိုပါအသင်းအဖွဲ့များတွင် အသင်းဝင်အဖြစ်ပါဝင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ကူညီပေးခြင်း၊ အစည်းအဝေးတက်ရောက်ခြင်း သို့မဟုတ် အလှူငွေ ထည့်ဝင်သူများသည် ထောင်ဒဏ်ငါးနှစ်အထိ ပြစ်ဒဏ်ချမှတ်ခံရနိုင်သည်။[11]

အာဏာပိုင်များသည် အသင်းအဖွဲ့များအား မတရားအသင်းဟု တံဆိပ်ကပ်ရန် အတားအဆီးမရှိ အာဏာစက်သက်ရောက်နေပြီး ၊ ရာဇဝတ်မှုများအားအဓိပ္ပါယ်ဖွင့်ဆိုချက်တွင် တိကျမှုမရှိသောကြောင့်၊ မတရားအသင်းများအက်ဥပဒေသည် အကြမ်းမဖက်လှုပ်ရှားမှုတွင် ပါဝင်ခြင်းမရှိသော သာမန်လူများကိုဖိနှိပ်ခြင်း သို့မဟုတ် တိုင်းရင်းသားဒေသများတွင် လုပ်ငန်းဆောင်ရွက်နေသော လူမှုအဖွဲ့အစည်းများကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အဆက်အဆံရှိသည်ဟုသော စွပ်စွဲချက်ဖြင့် နှောင့်ယှက်နိုင်ချေများရှိသည်။ စစ်တပ်သည် သတင်းသမားများ၊ ပရဟိတသမားများနှင့် တက်ကြွလှုပ်ရှားသူများကို ပစ်မှတ်ထားရန် မတရားအသင်းများအက်ဥပဒေအား အသုံးပြုခဲ့သည့် သမိုင်းကြောင်းရှည်လျားပြီး ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးကတည်းက ဤအက်ဥပဒေဖြင့် စွဲချက်များစွာတင်ခဲ့သည်။[12]

## 1.2. သက်ဆိုင်ရာ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေနှင့် စံနှုန်းများ

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေသည် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခွင့်ကို အကာအကွယ်ပေးထားသည်။ လူတိုင်းတွင် ဘုံရည်မှန်းချက်များကိုအကောင်အထည်ဖော်ရန် သို့မဟုတ် အများသူငှာအကျိုးစီးပွားအတွက် ထောက်ခံအားပေးရန် အဖွဲ့များဖွဲ့စည်းခြင်းအပါအဝင် အခြားသူများနှင့် အသင်းအဖွဲ့ဖွဲ့စည်းပိုင်ခွင့်ရှိသည်။ အဆိုပါအခွင့်အရေးသည် လူတို့၏အသင်းအဖွဲ့ ဖွဲ့စည်းနိုင်မှုစွမ်းရည်နှင့် ထိုအသင်းအဖွဲ့များ၏

---

[10] မတရားအသင်းများအက်ဥပဒေ၊ အိန္ဒိယအက်ဥပဒေ ၁၄၊ ၁၉၀၈ ခုနှစ်၊ အပိုင်း 15-16၊ https://bit.ly/3JRi5Oy ။

[11] Ibid., ပုဒ်မ ၁၇။

[12] ဥပမာအားဖြင့်၊ Human Rights Watch၊ မြန်မာနိုင်ငံ- ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား တရားမဝင်ကြောင်း ကြေညာ၊ ၂၀၂၁ ခုနှစ် မတ်လ ၂၅ ၊ https://bit.ly/3HKNj70 ၊ Burma News International, "စစ်အစိုးရက မောင်တောအမျိုးသားလေးဦးကို မတရားအသင်းများ အက်ဥပဒေဖြင့် စွဲချက်တင်"၊ ၂၀၂၂ခုနှစ် အောက်တိုဘာလ ၂၀၊ https://bit.ly/3la5SKe ၊ စာနယ်ဇင်းသမားများကို အကာအကွယ်ပေးရေးကော်မတီ၊ "ဘီဘီစီ သတင်းထောက် ဟောင်းကို ထောင်ဒဏ် ၃ နှစ်ချမှတ်"၊ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်၊ https://bit.ly/3YwgHF1 ၊ "တရားမဝင် အသင်းဥပဒေဖြင့် စွဲချက်တင်ခံထား ရသော ကချင်ဘာသာရေးခေါင်းဆောင် ငြိမ်းဆွေ"၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၊ Myanmar Now၊ https://bit.ly/40EN8Tt ။

လုပ်ငန်းစဉ်များကို ထမ်းဆောင်နိုင်စေရန်အတွက် အကာအကွယ်ဖြစ်သည်။[13] အသင်းအဖွဲ့များကလည်း ဥပဒေကြောင်းအရ အသိအမှတ်ပြုမှုရရှိရန် ဆန္ဒရှိလျှင် နိုင်ငံတော်သို့ မှတ်ပုံတင်ခွင့်ရှိရမည်။[14]

အရပ်ဘက်အဖွဲ့အစည်းများအပေါ် လွန်ကဲစွာ ကန့်သတ်ချုပ်ချယ်မှုများကြောင့်လည်း အခြားသော အခြေခံလူ့အခွင့်အရေးများကို ထိပါးမှုရှိလာသည်။ အသင်းအဖွဲ့များမှ ထုတ်ပြန်ချက်များနှင့် အစီရင်ခံစာများကို လွတ်လပ်စွာထုတ်ဝေခွင့် သို့မဟုတ် လူထုအကျိုးစီးပွားအတွက် လွတ်လပ်စွာပြောဆိုထောက်ခံအားပေးခွင့်သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးခြင်းဖြစ်ပြီး တစ်ဦးချင်းသာမက စုပေါင်းကျင့်သုံးနိုင်သည်။[15] အလားတူ လူမျိုးရေး၊ ဘာသာရေးနှင့် ဘာသာစကားဆိုင်ရာလူနည်းစုများ၏ အခွင့်အရေးအမျိုးမျိုးတို့သည် ၎င်းတို့ဆင်နွှဲသည့် ယဉ်ကျေးမှု၊ ဘာသာရေးနှင့် ဘာသာစကားတို့ကိုအခြေခံသည့် အဖွဲ့များ ဖွဲ့စည်းလည်ပတ်နိုင်မှုအပေါ်မူတည်သလို အရပ်ဘက်အဖွဲ့အစည်းများ၏ စည်းရုံးလှုံ့ဆော်ခွင့်နှင့် အစိုးရနှင့် ထိတွေ့ဆက်ဆံခွင့်တို့သည် လူထုအရေးတွင် ပါဝင်လှုပ်ရှားခွင့်၏ အစိတ်အပိုင်းများအဖြစ် ပါဝင်သည်။ [16]

အစိုးရများသည် ဤအခွင့်အရေးများကို အကာအကွယ်ပေးရန်အတွက် ကောင်းမွန်သောပတ်ဝန်းကျင်ကို ဖန်တီးသင့်သည်။ လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခြင်းအား တားမြစ်ကန့်သတ်ချက်မှန်သမျှသည် လူ့အခွင့်အရေးဥပဒေဖြင့် တင်းကျပ်စွာသတ်မှတ်ထားသည့် ကြောင်းကျိုးစစ်ဆေးမှုသုံးရပ်ကို လိုက်နာရမည်ဖြစ်သည်။ ဤစမ်းသပ်မှုအရ၊ မည်သည့်ကန့်သတ်ချက်မျိုးမဆို အောက်ပါအတိုင်းဖြစ်ရမည်-

- <u>ဥပဒေအရသတ်မှတ်ထားခြင်း</u>- တားမြစ်ကန့်သတ်ချက်များသည် ဥပဒေအရသာဆောင်ရွက်ရမည်ဖြစ်ပြီး တရားလက်လွတ် နိုင်ထက်စီးနင်းမပြုရ။ လူတစ်ဦး၏အကျင့်စာရိတ္တကို လမ်းညွှန်ရန် ဥပဒေသည် တိကျမှုရှိရမည်။ မရေရာမှုလွန်ကဲသော သို့မဟုတ် မရှင်းလင်းသော ကန့်သတ်ချက်များသည် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေအောက်တွင် တရားမဝင်ပါ။
- <u>ဥပဒေကြောင်းအရ ရည်ရွယ်ချက်ရှိခြင်း</u>- တားမြစ်ကန့်သတ်ချက်များသည် နိုင်ငံတော်လုံခြုံရေး သို့မဟုတ် လူထုငြိမ်ဝပ်ပိပြားရေး၊ ပြည်သူ့လုံခြုံရေး၊ ပြည်သူ့ကျန်းမာရေး၊ ကိုယ်ကျင့် တရား သို့မဟုတ် အခြားသူများ၏အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကာကွယ်ရန် ရည်ရွယ်ရမည်။

---

[13] လူ့အခွင့်အရေးကော်မတီ၊ Kungurov v. Uzbekistan၊ ဆက်သွယ်ရေးအမှတ် ၁၄၇၈/၂၀၀၆၊ ၂၀၁၁ခုနှစ် ဇူလိုင်လ ၁၅၊ အပိုဒ်. ၈.၂၊ undocs.org/CCPR/C/102/D/1478/2006။

[14] လူ့အခွင့်အရေးဆိုင်ရာ အာဖရိကကော်မရှင်၊ အာဖရိကရှိ လွတ်လပ်စွာအသင်းအဖွဲ့နှင့် စည်းဝေးပွဲဆိုင်ရာ လမ်းညွှန်ချက်များ၊ ၂၀၁၇ ခုနှစ် မေလ ၈ ရက်မှ ၂၂ ရက်အထိကျင်းပခဲ့သော အကြိမ် ၆၀ မြောက် ပုံမှန်အစည်းအဝေးတွင် အတည်ပြုခဲ့သည်။ အပိုဒ် ၁၂၊ https://bit.ly/3HIMxaO၊ လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး၊ Sidiropoulos and Others v.  Greece၊ လျှောက်လွှာအမှတ် ၂၆၆၉၅/၉၅၊ ၁၉၉၈ခုနှစ်၊ ဇူလိုင်လ ၁၀၊ အပိုဒ်။ ၄၀၊ https://hudoc.echr.coe.int/fre?i=001-58205 ။

[15] နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာပဋိညာဉ် (ICCPR)၊ ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် 2200A (XXI)၊ ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆၊ ၁၉၇၆ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် အသက်ဝင်သည်၊ ပုဒ်မ ၁၉။

[16] ICCPR၊ မှတ်စု ၁၅၊ ပုဒ်မ ၂၅ နှင့် ၂၇။

- လိုအပ်ခြင်း- ဥပဒေကြောင်းအရ ရည်ရွယ်ချက်ကို ကာကွယ်ရန်အတွက်သာ တားမြစ်ကန့်သတ်ချက်များ လိုအပ်သင့်သည်။ ဤလိုအပ်ချက်အတွက် တားမြစ်ကန့်သတ်ချက်များသည် ရည်ရွယ်ချက်နှင့် လိုက်လျောညီထွေအချိုးညီရမည်။[17]

ဥပဒေပါတရားဝင်ရည်ရွယ်ချက်များစာရင်းတွင် အခြားသူများ၏ဂုဏ်သတင်းကျော်ကြားမှုများပါဝင်ပြီး အများ သူငှာဘေးကင်းရေး မပါဝင်ခြင်းမှလွဲ၍ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် တားမြစ်ကန့်သတ်ချက် များသည် အလားတူ အဆင့်သုံးဆင့်ပါဝင်သော ကြောင်းကျိုးစစ်ဆေးမှုတစ်ခုအား လိုက်နာရမည်ဖြစ်သည်။[18]

လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်ကို အကာအကွယ်ပေးသည့် အဓိကလူ့အခွင့်အရေးစာချုပ်မှာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာပဋိညာဉ် (ICCPR) ဖြစ်သည်။ မြန်မာနိုင်ငံသည် ICCPR ကို အတည်ပြုလက်မှတ်ထိုးထားခြင်း မရှိသေးသည့်အတွက် ၎င်း၏ပြဋ္ဌာန်းချက်များနှင့် တရားဝင်ချည်နှောင် ကန့်သတ်ထားခြင်းမရှိပါ။[19] သို့သော်လည်း မြန်မာနိုင်ငံသည် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခွင့်ကို အကာ အကွယ်ပေးသည့် အချို့ပဋိညာဉ်များအပါအဝင် အခြားသော လူ့အခွင့်အရေးပဋိညာဉ်များကို လက်မှတ်ရေးထိုး ထားသည်။ ဥပမာအားဖြင့်၊ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာညီလာခံအရ "မသန်စွမ်းသူများ၏ အသင်းအဖွဲ့များဖွဲ့စည်းခြင်းနှင့်ပူးပေါင်းခြင်း" အပါအဝင် ပြည်သူ့ရေးရာများတွင် မသန်စွမ်းသူများ၏ပါဝင်မှုကို မြှင့်တင်ရန် နိုင်ငံများတွင် တာဝန်ရှိသည်။[20] ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်သည် ICCPR တွင်ပါရှိသော ကန့်သတ်ချက်များအတွက် ထပ်တူစမ်းသပ်မှုနှင့်အတူ ကလေးသူငယ်၏ ပေါင်းသင်းဆက်ဆံခွင့် အခွင့်အရေးများကို ကာကွယ်ပေးထားသည်။[21]

စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာပဋိညာဉ်အရ ယဉ်ကျေးမှုဆိုင်ရာ ဘဝနေထိုင်မှုအခွင့်အရေးတွင် ယဉ်ကျေးမှုအဖွဲ့အစည်းများနှင့် နီးနှောဆက်ဆံခွင့်လည်းပါဝင်သည်။[22] စီးပွား ရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများဆိုင်ရာကော်မတီက ယဉ်ကျေးမှုဆိုင်ရာ ဘဝနေထိုင်မှု

---

[17] ကြောင်းကျိုးစစ်ဆေးမှု အပိုင်းသုံးပိုင်းကို ICCPR၊ မှတ်စု ၁၅၊ အပိုဒ် ၂၂(၂) တွင် တွေ့ရှိရသည်။ လူ့အခွင့်အရေး ကော်မတီ၊ အထွေထွေ မှတ်ချက် အမှတ် ၃၁၊ ပဋိညာဉ်ပါ နိုင်ငံတော်အဖွဲ့အစည်းများအပေါ် ချမှတ်ထားသော အထွေထွေ တရားဝင်တာဝန်ဝတ္တရားဆိုင်ရာသဘောတရား ၊ ၂၀၀၄ ခုနှစ်၊ မတ်လ ၂၉၊ para. 6၊ https://undocs.org/CCPR/C/21/Rev.1/Add.13 ၊ လွတ်လပ်စွာ စုဝေးခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ်၏ အစီရင်ခံစာ၊ ၂၀၁၂ ခုနှစ်၊ မေလ ၂၁၊ အပိုဒ် ၁၇၊ undocs.org/A/HRC/20/27။

[18] ICCPR၊ မှတ်စု ၁၅၊ အပိုဒ် ၁၉(၃)။

[19] အဓိကလူ့အခွင့်အရေးစာချုပ်များကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးခြင်း အခြေအနေကို https://indicators.ohchr.org/တွင် ကြည့်ပါ။

[20] ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၆၁/၁၀၆၊ ၂၀၀၆ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ၊ ၂၀၀၈ ခုနှစ်၊ မေလ ၃ ရက်တွင် အသက်ဝင်သည်။၊ အပိုဒ် ၂၉(ခ)(ii)

[21] ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက် ၄၄/၂၅၊ ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀၊ ၁၉၉၀ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်တွင် အသက်ဝင်သည်၊အပိုဒ် ၁၅ ။ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၃၄/၁၈၀၊ ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၁၈၊ ၁၉၈၁ ခုနှစ်၊ စက်တင်ဘာလ ၂တွင် အသက်ဝင်သည်၊ ပုဒ်မ ၇(ဂ) သည် နိုင်ငံတော်၏ လူထုနှင့် နိုင်ငံရေးဘဝများနှင့် သက်ဆိုင်သည့် အသင်းအဖွဲ့များတွင် အမျိုးသမီးများ ပါဝင်ခွင့်ကို မိန့်ခွန်းပြောကြားခြင်း။

[22] ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက် 2200A (XXI), ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ 16၊ ၁၉၇၆ ခုနှစ်၊ ဇန်နဝါရီလ ၃ တွင် အသက်ဝင်ခဲ့သည် အပိုဒ် ၁၅(၁)။ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများဆိုင်ရာ ကော်မတီ၊ အထွေထွေ မှတ်ချက်အမှတ် ၂၁၊ ၂၀၀၉ခုနှစ်၊ ဒီဇင်ဘာလ ၂၁၊ undocs.org/E/C.12/GC/21 ကို ကြည့်ပါ။

အပေါ် တားမြစ်ကန့်သတ်ချက်များထုတ်ပြန်ရာတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အသင်းအပင်း ဖွဲ့စည်းခြင်းကဲ့သို့ အခြားသောအခြေခံအခွင့်အရေးများအပေါ် တရားဝင်ကန့်သတ်ချုပ်ချယ်နိုင်ခွင့်ရှိ၊မရှိ ထည့်သွင်းစဉ်းစားသင့်သည်ဟု ဖော်ပြထားသည်။[23]

လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်အပြင် အထက်တွင်ဖော်ပြထားသည့် အခြားအခြေခံအခွင့်အရေးများကိုလည်း ခေတ်သစ်လူ့အခွင့်အရေးဥပဒေ၏ အခြေခံစာတမ်းဖြစ်သည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းအရ အကာအကွယ်ပေးထားသည်။ [24] အခြားသြဇာကြီးသော နိုင်ငံတကာစံနှုန်းများနှင့် ထုတ်ပြန်ချက်များသည်လည်း လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်းခြင်းနှင့် ပတ်သက်သည့် အခွင့်အရေးများကို အတည်ပြုသည်။ ဥပမာအားဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများဆိုင်ရာ ကြေညာစာတမ်းတွင် အသင်းအဖွဲ့များနှင့် အခြားအဖွဲ့များတွင် “ဖွဲ့စည်းခြင်း၊ ပါဝင်ခြင်းနှင့် လှုပ်ရှားခြင်း” ဆိုင်ရာ အခွင့်အရေးကို အတည်ပြုထားသည်။[25]

ဤလေ့လာဆန်းစစ်မှုသည် လူ့အခွင့်အရေးဥပဒေက မြန်မာနိုင်ငံအပေါ် လက်တွေ့အားဖြင့် စည်းနှောင်ခြင်းရှိ၊ မရှိနှင့် မသက်ဆိုင်ဘဲ၊ နိုင်ငံတကာမှ လက်ခံထားသော အရေးကြီးသောစံနှုန်းများကို ရည်ရွယ်တင်ပြထားသည်။ ထို့ကြောင့် ယခုလေ့လာဆန်းစစ်မှုသည် ICCPR နှင့် အခြားသော နိုင်ငံတကာလူ့အခွင့်အရေးစာချုပ်များတွင်ပါဝင်သည့် သက်ဆိုင်ရာစံနှုန်းများကိုရည်ညွှန်းပါသည်။ အောက်တွင်ဖော်ပြထားသည့်အတိုင်း အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေရှိ အခြေခံအခွင့်အရေးများအပေါ် တားမြစ်ကန့်သတ်ချက်အများအပြားသည် အဆိုပါစံနှုန်းများနှင့် ကိုက်ညီခြင်းမရှိပါ။

# 2. မဖြစ်မနေ မှတ်ပုံတင်ရခြင်း

## 2.1. အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ အသင်းအဖွဲ့များသည် မှတ်ပုံတင်လက်မှတ်ရယူပြီး တရားဝင်မှတ်ပုံတင်ရန်လိုအပ်သည်။ မှတ်ပုံတင်လက်မှတ်များကို နိုင်ငံတော်၊ တိုင်းဒေသကြီးနှင့် ဒေသအဆင့် တည်ထောင်ထားသော မှတ်ပုံတင်ရေးအဖွဲ့များမှ ထုတ်ပေးသည်။ အခြေခံမှတ်ပုံတင်ခြင်းစနစ်မှာ ၂၀၁၄ ဥပဒေနှင့် ဆင်တူသော်ငြား အရေးကြီးသော ခြားနားချက်မှာ ယခင်က သဘောဆန္ဒအလျောက်သာ မှတ်ပုံတင်ရခြင်းဖြစ်ပြီး ယခုအခါ မဖြစ်မနေမှတ်ပုံတင်ရန် လိုအပ်သည်။

[23] စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများဆိုင်ရာ ကော်မတီ၊ အထွေထွေ မှတ်ချက် အမှတ် ၂၁၊ ၂၀၀၉ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ၊ အပိုဒ်. ၁၉၊ undocs.org/E/C.12/GC/21။

[24] ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက် ၂၁၇A(၃)၊ ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀။

[25] ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက် ၃/၁၄၄၊ ၁၉၉၉ခုနှစ်၊ မတ်လ ၈ ရက်၊ အပိုဒ် ၅၊ undocs.org/A/RES/53/144။

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ မည်သူမျှ မှတ်ပုံတင်လက်မှတ်မရှိဘဲ အသင်းအဖွဲ့ တည်ထောင်လုပ်ကိုင်ခွင့်မရှိပါ။[26] ဤတားမြစ်ချက်ကို ဖောက်ဖျက်ပါက သုံးနှစ်အထိ ထောင်ဒဏ် သို့မဟုတ် ငွေဒဏ် ကျပ် ၁၀ သိန်း (အမေရိကန်ဒေါ်လာ ၄၇၀ ခန့်) ချမှတ်ခံရနိုင်သည်။[27] အလားတူ မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးချိန် သို့မဟုတ် ဖျက်သိမ်းပြီးနောက် အသင်းအဖွဲ့တစ်ခုအား လည်ပတ်ခြင်း သို့မဟုတ် မှတ်ပုံတင်မထားသော အသင်းအဖွဲ့တစ်ခုတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ပါက ဒဏ်ငွေကျပ် ၅၀၀,၀၀၀ (အမေရိကန်ဒေါ်လာ ၂၃၅ ခန့်) ပေးဆောင်ရနိုင်သည်။ ဒဏ်ကြေးပေးဆောင်ရန် ပျက်ကွက်ပါက ထောင်ဒဏ် နှစ်နှစ် ချမှတ်နိုင်သည်။[28]

မည်သည့်အလွတ်သဘောအသင်းအဖွဲ့ အမျိုးအစားများသည် မှတ်ပုံတင်ရန် လိုအပ်သည့် "အသင်းအဖွဲ့" အဖြစ် ဘောင်ဝင်သည်ကို ရှင်းရှင်းလင်းလင်း မသိရပေ။ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေတွင် "အသင်းအဖွဲ့" အား အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ လည်နေပြီး အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအောက်တွင် မှတ်ပုံတင်ထားသည့် အဖွဲ့အစည်းအဖြစ်သာ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။[29] လက်တွေ့တွင်၊ "အသင်းအဖွဲ့" အတွက် တိတိပပ အဓိပ္ပါယ် ဖွင့်ဆိုချက်မရှိခြင်းသည် အလွတ်သဘောအဖွဲ့မျိုးတွင် ပါဝင်ပတ်သက်သူများကို ဖိနှိပ်သည့်သဘော သက်ရောက်သည့် ရာဇဝတ်မှုဆိုင်ရာတရားစွဲဆိုမှုများ ပြုလုပ်လာနိုင်သည်။

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေသည် အချို့သော အသင်းအဖွဲ့များကို မှတ်ပုံတင်ခြင်းမှ ကင်းလွတ်ကြောင်း အတိအလင်းဖော်ပြထားသည်။ ၎င်းတို့သည် နိုင်ငံရေးပါတီများကဲ့သို့ အခြားတည်ဆဲဥပဒေများအောက်တွင် ထိန်းချုပ်ထားသော အဖွဲ့အစည်းအများစုဖြစ်သည်၊ သို့သော် အစိုးရဖွဲ့စည်းထားသော အသင်းအဖွဲ့များ (သို့မဟုတ် "GONGOs") အပါအဝင် နိုင်ငံတော် သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ် အစိုးရဦးစီးဌာနများမှ ဖွဲ့စည်းထားသည့် အသင်းအဖွဲ့များလည်း ဤတွင်ပါဝင်သည်။

မှတ်ပုံတင်ခြင်းသည် နိုင်ငံရေး၊ စီးပွားရေး သို့မဟုတ် ဘာသာရေးကိစ္စများကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ လုပ်ကိုင်ဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့်လည်း သက်ဆိုင်ခြင်းမရှိပေ။[30] အကျယ်တဝင့်လေ့လာပါက ၊

[26] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ၊ ပုဒ်မ ၃၃။ မြန်မာ့သတင်းဗားရှင်းတွင် "မည်သူ့ကိုမဆို လူပ်ရှားမှုအတွက် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်မပြုရ" ဟု မရှင်းလင်းစွာ ဖော်ပြထားသည်။ ၎င်းသည် အာဏာဖီဆန်ရေးလှုပ်ရှားမှု သို့မဟုတ် အခြားလှုပ်ရှားမှုများနှင့် ပတ်သက်သည့် အဖွဲ့အစည်းများကို တားမြစ်ချက်တစ်ခုကဲ့သို့ ရှုမြင်ရသည်။ နှိုင်းယှဉ်ကြည့်လျှင် Lincoln ဘာသာပြန်ဆိုချက်တွင် "မှတ်ပုံတင်လက်မှတ်မပါဘဲ အသင်းအဖွဲ့ကို မည်သူမျှ တည်ထောင်လုပ်ကိုင်ခွင့်မရှိ" ဟူသည့် အဓိပ္ပါယ်မှာ လုံးဝကွဲပြားသည်။ ဒုတိယတစ်မျိုးမှာ မြန်မာစကားပြောသူတစ်ဦးမှ CLD သို့ အတည်ပြုထားသည့်အတိုင်း Myanmar Legal Information System (https://bit.ly/3JRnjd4) မှ ဖော်ပြထားသော မြန်မာဗားရှင်း၏ ဘာသာပြန်အမှန်ဖြစ်သည်။ ၎င်းသည် မြန်မာ့အလင်းဗားရှင်း မှားယွင်းနေကြောင်း ညွှန်ပြပြီး ဤလေ့လာဆန်းစစ်ချက်သည် ထိုယူဆချက်အပေါ် မှီပြီး ဆက်လက်ဆောင်ရွက်သည်။

[27] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ၊ ပုဒ်မ ၄၀။

[28] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၃၄၊ ၃၅ နှင့် ၄၁။

[29] "အသင်းအဖွဲ့" ဆိုသည်မှာ ပြည်တွင်း သို့မဟုတ် နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုအဖြစ် သတ်မှတ်ထားသည်။ ယင်းနှစ်ခုလုံးကို အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအောက်တွင် မှတ်ပုံတင်ထားသည့် အဖွဲ့အစည်းများကိုသာ ထည့်သွင်းရန် သတ်မှတ်ထားသည်။ အပိုင်း ၂(ခ)-(ဃ)။

[30] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၂၆(က)။ ဤပြဋ္ဌာန်းချက်ပါ အရည်အသွေးသတ်မှတ်ချက်တစ်ခုသည် ဤကဏ္ဍများတွင် "တရားဥပဒေနှင့်အညီ" လုပ်ဆောင်နေသော အဖွဲ့အစည်းများကို ရည်ညွှန်းသည်။ စီးပွားဖြစ်အဖွဲ့အစည်းများ သို့မဟုတ် နိုင်ငံရေးပါတီများကဲ့သို့ အခြားတည်ဆဲဥပဒေများအရ မှတ်ပုံတင်ထားသူများကို ရည်ညွှန်းထားသည်ဟု လေ့လာနိုင်သည်။ မှတ်ပုံတင်ထားသောအဖွဲ့အစည်းများသည် နိုင်ငံရေး၊ စီးပွားရေး

စည်းရုံးရေးအဖွဲ့အစည်းများ၊ စီးပွားရေးစွမ်းဆောင်နိုင်မှုဆိုင်ရာ ဦးဆောင်လှုပ်ရှားမှုများတွင် ပါဝင်နေသည့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းများ၊ ဘာသာရေးနှင့်ဆက်နွယ်နေသည့်အဖွဲ့များနှင့် အကူအညီပေးရေး အဖွဲ့အစည်းများအား မှတ်ပုံတင်ခြင်းကို ပိတ်ပင်တားမြစ်ထားသည်။ ထိုအဖွဲ့များသည် အခြားတရားရေး စနစ်အောက်တွင် စာရင်းသွင်းနိုင်ခြင်းမရှိပါက တရားဝင်အဖွဲ့အဖြစ် ရပ်တည်နိုင်ခြင်းမရှိဘဲ သောင်တင်ကျန်ရစ် နေနိုင်သည်။ ဤပြဋ္ဌာန်းချက်က ၎င်းတို့အား မဖြစ်မနေမှတ်ပုံတင်ရခြင်းနှင့် မှတ်ပုံတင်ခြင်းမပြုခြင်းအတွက် ပူးတွဲပါပြစ်ဒဏ်များမှ ကင်းလွတ်ခွင့်ပေးထားသည်ဟု ငြင်းချက်ထုတ်နိုင်သော်လည်း ဤအဖွဲ့များ၏ လုပ်ငန်း နယ်ပယ်မရှင်းလင်းမှုသည် ၎င်းတို့အား အလွတ်သဘော လည်ပတ်ခြင်းမှလည်း အဟန့်အတားဖြစ်စေနိုင်သည်။

မဖြစ်မနေ မှတ်ပုံတင်ရခြင်းသည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများအတွက် တန်းတူအကျုံးဝင်သည်။ မြန်မာနိုင်ငံတွင် လုပ်ငန်း"လည်ပတ်နေသည်" ဟုဆိုရာတွင် မည်သည့်အချက်ပါဝင်ကြောင်း ရှင်းရှင်းလင်းလင်း အဓိပ္ပာယ်မဖွင့်ဆိုထားသည့်အတွက် ရန်ပုံငွေထောက်ပံ့သူများအဖြစ် အဓိကရပ်တည်နေသည့် သို့မဟုတ် ညှိနှိုင်း ရေး သို့မဟုတ် အကြံပေးအခန်းကဏ္ဍတွင်သာ အဓိကဆောင်ရွက်နေသည့် အသင်းအဖွဲ့များကဲ့သို့ နိုင်ငံအတွင်း တိုက်ရိုက်တည်ရှိမှုနည်းပါးသည့် နိုင်ငံတကာအဖွဲ့အစည်းများအတွက် ရှုပ်ထွေးမှုများဖြစ်ပေါ်စေသည်။ ပုံသေ အားဖြင့် မြန်မာနိုင်ငံတွင်ရှိနေသည့် မည်သည့်အဖွဲ့အစည်းမဆို မှတ်ပုံတင်ရန် မျှော်လင့်ထားပုံရသော်လည်း တရားဝင်အားဖြင့် ယင်းအချက်သည် ရှင်းရှင်းလင်းလင်းမရှိပေ။

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေသည် မှတ်ပုံတင်မထားသည့်အသင်းအဖွဲ့တိုင်း လုပ်ငန်းများဆက်လက် လုပ်ဆောင်ရန်အတွက် ဥပဒေအတည်ပြုပြီးသည့်နေ့ (ဆိုလိုသည်မှာ ၂၀၂၂ နှစ်ကုန်တွင်) ရက်ပေါင်း ၆၀ အတွင်း စာရင်းသွင်းရန် လိုအပ်ပါသည်။ [31] ထိုသို့ စာရင်းသွင်းရန်ကာလတိုသာ အချိန်ပေးခြင်းဖြင့် အသင်းအဖွဲ့များစွာ သည် လက်တွေ့တွင် တရားမဝင်လည်ပတ်နေဖို့ရာများနေပြီဖြစ်သည်။ ဥပဒေသစ်အရ ၂၀၁၄ခုနှစ် ဥပဒေဖြင့် မှတ်ပုံတင်ထားသည့် အဖွဲ့အစည်းများ၏ မှတ်ပုံတင်လက်မှတ်များကို သက်တမ်းကုန်ဆုံးသည်အထိ ထိန်းသိမ်း ထားနိုင်မည်ဖြစ်သော်လည်း[32] ၂၀၁၄ခုနှစ် ဥပဒေအရ မှတ်ပုံတင်လက်မှတ်များသည် ငါးနှစ်သာသက်တမ်း ရှိသောကြောင့် အများစုမှာ သက်တမ်းကုန်ပြီး သို့မဟုတ် မကြာမီတွင် သက်တမ်းကုန်တော့မည်ဖြစ်သည်။

## 2.2. နိုင်ငံတကာစံနှုန်းများနှင့် နှိုင်းယှဉ်အကဲဖြတ်ခြင်း

အသင်းအဖွဲ့များသည် အသင်းဝင်များ သို့မဟုတ် ဝန်ထမ်းများမှကွဲထွက်ပြီး သီးခြားလွတ်လပ်သော တရားဝင် အသင်းအဖွဲ့ များအဖြစ်ရပ်တည်ရန် တရားဝင်မှတ်ပုံတင်ရခြင်းသည် အသင်းအဖွဲ့များအတွက် ရံပုံငွေရှာဖွေ

သို့မဟုတ် ဘာသာရေးဆိုင်ရာကိစ္စရပ်များနှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောလှုပ်ရှားမှုများကို ဖယ်ထုတ်ရန် သတ်မှတ်ထားသော "လူမှုရေးလုပ်ငန်းများ" ကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်သည့်အတွက် အဆိုပါအဖွဲ့အစည်းများသည် စာရင်းသွင်းနိုင်ခြင်းမရှိပေ။

[31] ပုဒ်မ ၅၅။

[32] ပုဒ်မ ၅၆။

ခြင်းကဲ့သို့သော အခြေခံလုပ်ငန်းများကို လုပ်ဆောင်ရန် အရေးပါလေ့ရှိသည်။ ထို့ကြောင့် နိုင်ငံများသည် အသင်းအဖွဲ့များအား တရားဝင်အဆင့်အတန်းရရှိရန် လမ်းကြောင်းပေးသင့်သည်။ မည်သို့ပင်ဆိုစေကာမူ ယင်းကဲ့သို့ မှတ်ပုံတင် ခြင်းသည် မဖြစ်မနေလုပ်ဆောင်ရမည့်အစား သဘောဆန္ဒအလျောက်သာဖြစ်သင့်သည်။

လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်သည် လူတိုင်းပိုင်ဆိုင်ခွင့်ရှိသော အခြေခံလူ့အခွင့်အရေးဖြစ်သည်။ ရံဖန်ရံခါတွင်၊ ကုလသမဂ္ဂ ကျွမ်းကျင်သူများနှင့် စံသတ်မှတ်ထားသော စာရွက်စာတမ်းများသည် မဖြစ်မနေ မှတ်ပုံတင်ခြင်းကို ကျင့်သုံးသော အစိုးရများကို ရှုတ်ချထားပြီး အသင်းအဖွဲ့ဖွဲ့ပိုင်ခွင့်တွင် အခြားသူများနှင့် အလွတ်သဘော သင်းပင်းဖွဲ့စည်းခွင့်လည်း ပါဝင်ကြောင်း အတည်ပြုခဲ့သည်။[33] ကုလသမဂ္ဂ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၏ အထူးကိုယ်စားလှယ်က "အစိုးရအချို့က အသင်းအဖွဲ့အားလုံးအား မည်မျှ သေးငယ်သည်ဖြစ်စေ အလွတ်သဘောဖြစ်နိုင်သည်ဖြစ်စေ စာရင်းသွင်းရန် အခိုင်အမာသတ်မှတ်ထားခြင်းသည် ၎င်းတို့၏လှုပ်ရှားမှုများကို ထိန်းချုပ်ရန်နှင့် အစိုးရမူဝါဒများကို ဝေဖန်သည့်အုပ်စုများကို စစ်ထုတ်လိုသည့် ရည်ရွယ်ချက်ကို ထင်ဟပ်နေသည်" ဟုဆိုသည်။[34]

မဖြစ်မနေမှတ်ပုံတင်ခြင်း သတ်မှတ်ချက်များသည် အချို့သောတိုင်းရင်းသား၊လူနည်းစု သို့မဟုတ် ချို့တဲ့သော အုပ်စုများကို အချိုးမညီမျှစွာ သက်ရောက်မှုရှိနိုင်ကြောင်း စုဝေးခြင်းနှင့်အသင်းအဖွဲ့ဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က လေ့လာအဆိုပြုထားသည်။ ဝေးလံခေါင်သီသောဒေသများရှိ အသင်းအဖွဲ့များ သို့မဟုတ် လူနည်းစု ဘာသာစကားများကိုအသုံးပြုသည့် အသင်းအဖွဲ့များသည် မှတ်ပုံတင်ခြင်းအတွက် လက်တွေ့ကျသော စိန်ခေါ်မှုများနှင့်ရင်ဆိုင်ရနိုင်သည်။ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၌ ဘာသာရေးအုပ်စုများကို ထင်ထင်ရှားရှား ချန်လှပ်ထားခြင်းသည် ဘာသာရေးလူနည်းစုများနှင့် ဘာသာရေးအရဆက်နွယ်နေသည့် အသင်းအဖွဲ့များကို အချိုးမညီမျှစွာ သက်ရောက်မှုရှိနိုင်ပြီး မြန်မာနိုင်ငံတွင် ယခင်က လူမျိုးရေးနှင့် ဘာသာရေး ခွဲခြားဆက်ဆံမှုများ ရှိခဲ့သည့်အတွက် စိုးရိမ်စရာကိစ္စပင်ဖြစ်သည်။

မှတ်ပုံမတင်ထားသောအဖွဲ့တွင်ပါဝင်ခြင်းအတွက်ချမှတ်သည့် ပြစ်မှုပြစ်ဒဏ်များသည် လူ့အခွင့်အရေးအတွက် အထူးစိုးရိမ်စရာဖြစ်သည်။[35] သာမာန်အားဖြင့်၊ ထောင်ဒဏ်ပြစ်ဒဏ်မှာ အစိုးရိမ်ရဆုံးပြစ်မှုချိုးဖောက်မှုမျိုး အတွက်သာ ဖြစ်သင့်သည်။ မှတ်ပုံတင်စာရင်းသွင်းရန်ပျက်ကွက်မှုကို တုံ့ပြန်သည့်အနေဖြင့် ယင်းကဲ့သို့ ပြစ်ဒဏ်

---

[33] စုဝေးခြင်းနှင့် အသင်းအဖွဲ့ဆိုင်ရာ အထူးကိုယ်စားလှယ်၏ ၂၀၁၂ အစီရင်ခံစာ၊ မှတ်စု ၁၇၊ အပိုဒ်။ ၅၆၊ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၊ အလေ့အကျင့်ကောင်းများနှင့် သင်ခန်းစာများကို သင်ခန်းစာယူပြီး အရပ်ဘက်လူ့အဖွဲ့အစည်းအတွက် လုံခြုံပြီး အထောက်အကူဖြစ်စေ သော ပတ်ဝန်းကျင်တစ်ခု ဖန်တီးခြင်းနှင့် ထိန်းသိမ်းခြင်းအတွက် လက်တွေ့ကျသော အကြံပြုချက်များ၊ ၂၀၁၆ ခုနှစ် ဧပြီလ ၁၁၊ အပိုဒ်၈၄ (ဂ)။, undocs.org /A/HRC/32/20၊ အာဖရိကရှိ လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်းခွင့်နှင့် စုဝေးခွင့်ဆိုင်ရာ လမ်းညွှန်ချက်များ၊ မှတ်စု ၁၄၊ အပိုဒ် ၁၁။ ဥရောပကောင်စီ၏ OSCE နှင့် Venice ကော်မရှင်၊ လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာလမ်းညွှန်ချက်များ၊ ၂၀၁၅၊ အပိုဒ် ၄၈၊ [https://bit.ly/3DSUNnA](https://bit.ly/3DSUNnA)၊ နှင့် UN OHCHR၊ "ကမ္ဘောဒီးယား၏ NGO မူကြမ်း ဥပဒေသည် နိုင်ငံတကာ ဥပဒေနှင့်အညီဖြစ်ရမည်-ကုလ ကျွမ်းကျင်ပညာရှင်များ"၊ ၂၀၁၁ခုနှစ်၊ အောက်တိုဘာလ 2၁၄၊ [https://bit.ly/3RJwaiP](https://bit.ly/3RJwaiP) ။

[34] လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများဆိုင်ရာ အထူးကိုယ်စားလှယ်၏ အစီရင်ခံစာ၊ ၂၀၀၉ ခုနှစ် ဩဂုတ်လ ၄ ရက်၊ အပိုဒ် ၆၀၊ undocs.org/A/64/226။

[35] လူ့အခွင့်အရေးကာကွယ်သူများဆိုင်ရာ အထူးကိုယ်စားလှယ်၏ ၂၀၀၉ အစီရင်ခံစာ၊ မှတ်စု ၃၄၊ အပိုဒ် ၆၅ နှင့် ၁၀၄၊ စုဝေးခြင်းနှင့် အသင်းအဖွဲ့ဆိုင်ရာ အထူးကိုယ်စားလှယ်၏ ၂၀၁၂ အစီရင်ခံစာ၊ မှတ်စု ၁၇၊ အပိုဒ်၊ ၅၆။

ပေးခြင်းသည် အချိုးအစားမမျှတဘဲ ကြီးလေးလှပြီး လူ့အခွင့်အရေးဥပဒေအောက်တွင် လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းမှုအပေါ်ကန့်သတ်သည့် မည်သို့သောတားမြစ်ချက်မျိုးမဆိုအတွက် ကြောင်းကျိုးစမ်းသပ်ချက် သုံးပိုင်း၏ အချိုးကျရန် လိုအပ်ချက်နှင့် မကိုက်ညီပါ။

# 3. အကောင်အထည်ဖော်ရာတွင် တာဝန်ရှိသော စည်းကမ်းထိန်းသိမ်းရေး အဖွဲ့အစည်းများ

## 3.1. ပြည်ထဲရေးဝန်ကြီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန

မြန်မာနိုင်ငံတွင် အာဏာသိမ်းပြီးနောက်ပိုင်းဖြစ်ရပ်မှန်မှာ စစ်အာဏာရှင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဦးဆောင်သော စစ်အာဏာရှင်အစိုးရ အုပ်စိုးနေခြင်းဖြစ်သည်။ အာဏာသိမ်းသည့်နေ့တွင် စစ်တပ်က ၎င်း၏ မဟာမိတ်များကို ဝန်ကြီးရာထူးများခန့်အပ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများအပါအဝင် အရပ်ဘက်ဖွဲ့စည်းပုံများကို စစ်တပ်က ထိန်းချုပ်ပစ်လိုက်သည်။ [36] ဤအခြေအနေအရ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ စည်းမျဉ်းသည် စစ်တပ်၏ ထိန်းချုပ်မှုအောက်တွင် အစဉ်သဖြင့်လက်အောက်ခံဖြစ်လျက်ရှိသည်။ သို့သော်လည်း အပြင်ပန်းအားဖြင့် အရပ်သားအစိုးရကို ပြန်လည်ထူထောင်လိုက်လျှင်ပင် အသင်းအဖွဲ့မှတ်ပုံတင်ခြင်း ဆိုင်ရာ ဥပဒေသည် ရေရှည်တွင် အသင်းအဖွဲ့များအပေါ် စစ်တပ်၏ကြီးကြပ်ကွပ်ကဲမှု ပိုများလာနိုင်သည့် စည်းမျဉ်းဖွဲ့စည်းပုံအသေးစိတ်ကို ဖန်တီးလာနိုင်သည်။ ဤသည်ကို နောက်အပိုင်းတွင်ဆွေးနွေးမည့် အသင်းအဖွဲ့မှတ်ပုံတင်ရေးအဖွဲ့များ၏ ဖွဲ့စည်းပုံအပြင် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကို အကောင်အထည်ဖော်ရန် တာဝန်ရှိသည့် အဖွဲ့အစည်းများက သက်သေပြနေသည်။

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအား အကောင်အထည်ဖော်ရန်တာဝန်ကို ပြည်ထဲရေးဝန်ကြီးဌာန (MOHA) နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) အကြား တာဝန်ခွဲဝေထားသည်။ ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများကို ထုတ်ပြန်နိုင်ပြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှာ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မှတ်ပုံတင်ရေးအဖွဲ့များတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပြီး အသင်းအဖွဲ့များအပေါ် စစ်ဆေးရေးအခွင့်အာဏာရှိပြီး အသင်းအဖွဲ့များ၏ သုံးလပတ်လှုပ်ရှားမှုအစီရင်ခံစာများကို ဤသုံးသပ်ချက်နောက်ပိုင်းတွင် ဖော်ပြထားသည့်အတိုင်း လက်ခံရရှိပါသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထဲရေးဝန်ကြီးဌာနသည် တပ်မတော်ဦးဆောင်သော ဝန်ကြီးဌာနသုံးခုအနက်မှ တစ်ခုဖြစ်သည်။ ၎င်း၏ ဝန်ကြီးနှင့်ဒုတိယဝန်ကြီးတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က

[36] တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၊ အမိန့်အမှတ် ၆/၂၀၂၁၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်၊ https://bit.ly/3HLJChl ။

အမည်စာရင်းတင်သွင်းထားသည့် တပ်မတော်သားများထဲမှ ရွေးချယ်ထားပြီး ၎င်းတို့ရာထူးသက်တမ်းအတွင်း တက်ကြွသောစစ်တပ်ထောက်ခံသူအဖွဲ့ဝင်အဖြစ် ကျန်ရှိနေမည်ဖြစ်သည်။[37] မင်းအောင်လှိုင်နှင့် ဆက်ဆံရေးရင်းရင်းနှီးနှီးရှိသည့် လက်ရှိစစ်ထောက်လှမ်းရေးဝန်ကြီးဟောင်းတစ်ဦးကို အာဏာသိမ်းသည့်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာနအကြီးအကဲအဖြစ် ပြန်လည်ခန့်အပ်ခဲ့ပြီး ၂၀၂၂ခုနှစ် မတ်လကစ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်အဖြစ် တစ်ပြိုင်တည်း တာဝန်ထမ်းဆောင်စေခဲ့သည်။[38]

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံတွင် သြဇာကြီးမားသော ဗဟိုအုပ်ချုပ်ရေးဖွဲ့စည်းပုံဖြစ်ပြီး ဒေသအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုသည်။ ၎င်းသည် အိမ်ခြံမြေကိစ္စများ၊ အခွန်ကောက်ခံခြင်းနှင့် မွေးဖွားမှုမှတ်ပုံတင်ခြင်းကဲ့သို့သော အခြေခံအများပြည်သူဝန်ဆောင်မှုလုပ်ငန်းဆောင်တာများကို ဆောင်ရွက်သည်။[39] မကြာသေးမီနှစ်များအတွင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ဒေသဖွံ့ဖြိုးရေးစီမံကိန်းများတွင်လည်းကောင်း၊ နိုင်ငံတကာအလှူရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ၂၀၁၄ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအရ ဆန္ဒအလျောက် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းစနစ်တို့တွင်လည်းကောင်း တဖြေးဖြေးပါဝင်လာသည်။[40]

အထွေထွေအုပ်ချုပ်ရေးဦးစီဌာနတွင် စစ်ဘက်ဆိုင်ရာအချိတ်အဆက်များလည်း ခိုင်ခိုင်မာမာရှိပြီး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ထောက်လှမ်းရေးလုပ်ငန်းများကို ကာလရှည်ကြာလုပ်ဆောင်ခဲ့သည်။ သမိုင်းကြောင်းအရ ၎င်းသည် ဒေသန္တရအဆင့် စစ်တပ်ထိန်းချုပ်မှုနှင့် စောင့်ကြည့်ခြင်းအတွက်အသုံးပြုရန် ယာဉ်တစ်စီးထောက်ပံ့ပေးခဲ့ဖူးသည်။[41] စစ်တပ်သည် အရပ်ဘက်အစိုးရ လက်ထက်တွင်ပင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ကြီးကြီးမားမားထိန်းချုပ်နိုင်ခဲ့ပြီး အကြီးတန်းခေါင်းဆောင်များနှင့် စစ်ဘက်ဆိုင်ရာ ဆက်ဆံရေးများစွာရှိနေသည်။[42] အာဏာသိမ်းမှုမတိုင်မီတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအား ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး ဒေသဆိုင်ရာအစိုးရများနှင့် ပေါင်းစည်းထားသော်လည်း စစ်တပ်၏လွှမ်းမိုးမှုကို လျှော့ချရန်နှင့် အထွေထွေ

[37] ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၂၃၂(ခ) နှင့် (ည) နှင့် ၂၃၄(ခ) နှင့် (စ)၊ https://bit.ly/3JVBs9b။

[38] ထက်မြတ်မင်းထွန်း၊ မိုးသူဇာ နှင့် Michael Montesano “မြန်မာနိုင်ငံကို အနာဂတ်ဆီ ပြန်ပို့ရန် ကြိုးစားမှုလား။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၏ ပြည်ထောင်စုဝန်ကြီးများဆိုင်ရာ အချက်အလက်များ"၊ ၂၀၂၁၊ ISEAS-Yusof Ishak Institute၊ https://bit.ly/3jDG7Sn ၊ "မြန်မာနိုင်ငံ၏ပြည်ထဲရေးဝန်ကြီးအသစ် ဘယ်သူလဲ"၊ ထက်နိုင်ဇော်၊ ၂၀၂၀ခုနှစ် ဖေဖော်ဝါရီလ ၁၀၊ ဧရာဝတီ၊ https://bit.ly/3jLa56L ။

[39] Richard Batcheler၊ et al.၊ မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ၊ အာရှဖောင်ဒေးရှင်း၊ စာ-၅၈၊ https://bit.ly/3RLK9oq ။ Lachlan McDonald၊ "GAD ပြုပြင်ပြောင်းလဲမှုများ အများဆုံးပြုလုပ်ခြင်း"၊ ၂၀၂၀ ခုနှစ် ဇွန်လ ၁၁၊ Frontier၊ https://bit.ly/3RJLyeR တွင်လည်း ကြည့်ပါ။

[40] ကြည့်ပြာချစ်စောနှင့် Matthew Arnold ၊ မြန်မာနိုင်ငံတွင် နိုင်ငံတော်ကို အုပ်ချုပ်ခြင်း ၊ မူဝါဒဆွေးနွေးပွဲအကျဉ်းချုပ် အမှတ်စဉ် ၆ ၊ မတ်လ ၂၀၁၅ ၊ The Asia Foundation ၊ စာ-၉၊ https://bit.ly/3DSB1Z8 နှင့် Batcheler, et al., မှတ်စု ၄၀၊ စာ-၁၁၉ နှင့် နောက်ဆက်တွဲ ဋ။

[41] Frontier၊ "ရပ်ကွက်များနှင့် ကျေးရွာများကို အုပ်ချုပ်ရန် စစ်အစိုးရ၏ ကြိုးပမ်းမှုများကို ဆန့်ကျင်သော အသိုင်းအဝိုင်းများ"၊ ၂၀၂၁ခုနှစ်၊ မေလ ၁၄၊ https://bit.ly/3DRSukF ၊ ကြည့်ပြာချစ်စော နှင့် Matthew Arnold ၊ မှတ်စု ၄၁၊ 2; လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ “မြန်မာ့စစ်ရေးမှတ်တိုင်”၊ ၂၀၁၅ခုနှစ်၊ မတ်လ ၃၀၊ https://bit.ly/40BjiPH ။

[42] ၂၀၂၀ ခုနှစ်တွင် သတင်းရင်းမြစ်တစ်ခုက အကြီးတန်းခေါင်းဆောင်များ“အားလုံးနီးပါး” ၊ ပြန်တန်းဝင်ရာထူးအများစုနှင့် ဝန်ထမ်းအားလုံး၏ ၃၀ ရာခိုင်နှုန်းသည် စစ်ဘက်ဆိုင်ရာ ဆက်ဆံရေးရှိကြောင်း ဖော်ပြခဲ့သည်။ Lachlan McDonald၊ မှတ်စု ၄၀။

အုပ်ချုပ်ရေးဦးစီးဌာနကို ဒီမိုကရေစီနည်းကျတာဝန်ယူနိုင်သော အဖွဲ့အစည်းအဖြစ်သို့ ပြောင်းလဲရန် ကြိုးပမ်းမှုများမှာ အစောပိုင်းကာလတွင်ပင် ရှိသေးသည်။[43]

အာဏာသိမ်းပြီးကတည်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို စစ်တပ်က တဖန်ပြန်လည်သိမ်းပိုက်ခဲ့သည်။ အာဏာမသိမ်းမီတစ်နှစ်ကျော်ခန့်က အရပ်သားအစိုးရသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထဲရေးဝန်ကြီးဌာနအတွင်း နှစ်ရှည်လများရှိနေရာမှ အရပ်သားဦးဆောင်သောဌာနအဖြစ် ပြောင်းလဲရန် ကြိုးပမ်းခဲ့သည်။[44] အာဏာသိမ်းပြီးနောက်ပိုင်း စစ်အစိုးရက ဒီအပြောင်းအလဲကို ပြောင်းပြန်လှန်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို စစ်တပ်ကြီးစိုးသော ပြည်ထဲရေးဝန်ကြီးဌာန၏ ထိန်းချုပ်မှုအောက် ပြန်လည်ထားရှိခဲ့သည်။[45] စစ်တပ်သည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအတွင်း သစ္စာစောင့်သိမှုရှိစေရန် သတင်းပေးများအဖြစ်ထမ်းဆောင်နေသည့် ထွေအုပ်ဝန်ထမ်းများအပေါ် ကြောက်ရွံ့တတ်ကြသည့် အမြင်ဟောင်းများကို တွန်းလှန်ရန် ဒေသဆိုင်ရာ ရာထူးများတွင် စစ်တပ်လိုလားသော မဟာမိတ်များ ခန့်အပ်ခြင်းကဲ့သို့သော အခြားနည်းလမ်းများ ဆောင်ရွက်ခဲ့သည်။[46]

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာစည်းမျဉ်းများတွင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၏ အခန်းကဏ္ဍသည် အသစ်အဆန်းမဟုတ်ဘဲ ၂၀၁၄ ဥပဒေအောက်တွင်လည်း အလားတူ အခန်းကဏ္ဍများ ပါဝင်နေသည်။ သို့ရာတွင် အာဏာသိမ်းပြီးနောက်တွင် စစ်တပ်က သိသိသာသာကွဲပြားသော ပတ်ဝန်းကျင်ကို ဖန်တီးပြီး အဖွဲ့အစည်းနှစ်ခုလုံးကို ထိန်းချုပ်ထားသည်။ စစ်ဆေးရေးလုပ်ပိုင်ခွင့်အသစ်များမှတစ်ဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အခန်းကဏ္ဍကိုလည်း သိသိသာသာ မြှင့်တင်ထားပါသည်။ ယခုအခါ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအောက်တွင် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည့် အခွင့်အာဏာရှိပြီး အောက်တွင်ဆက်လက်ဆွေးနွေးထားသည့်အတိုင်း အသင်းအဖွဲ့မှတ်ပုံတင်ရေးအဖွဲ့များတွင် ပိုမိုအားကောင်း သည့် အခန်းကဏ္ဍမှ ပါဝင်နေသည်။

---

[43] Batcheler, et al., မှတ်စု ၄၀၊ စာ-၆၃၊. နန်းလွင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သြဇာကြီးမားပြီး ကျယ်ပြန့်သော သရုပ်ဖော်ပုံရှင်းပြချက်၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈၊ The Irrawaddy, https://bit.ly/3RF4oE5. ကိုလည်း ကြည့်ပါ၊

[44] Matthew B. Arnold၊ "အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပြုပြင်ပြောင်းလဲမှုက မြန်မာနိုင်ငံအတွက် ဘာကြောင့်အရေးကြီးတာလဲ"၊ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၄၊ အရှေ့အာရှဖိုရမ်၊ https://bit.ly/3HJ23mX ။

[45] နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အမိန့်အမှတ် ၁၁၉/၂၀၂၁၊ ၂၀၂၁ ခုနှစ်၊ မေလ ၅၊ https://bit.ly/3JM3xzz

[46] ယခင်က ရွေးကောက်တင်မြှောက်ထားသော ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို အစားထိုးခြင်းမှာ သတိပြုစရာအကောင်းဆုံးဖြစ်ခဲ့သော်လည်း တပ်မတော် ထောက်ခံသူများကိုခန့်အပ်မှုများသည် အထက်တန်းအဆင့်တွင်လည်း ဖြစ်ပေါ်ဖွယ်ရှိသည်။ ဟန်သစ်၊ "မြန်မာစစ်အစိုးရသည် ရန်ကုန် အုပ်ချုပ်ရေးမှူးများကို သဘောထားတင်းမာသော ထောက်ခံသူများဖြင့် အစားထိုးသည်"၊ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ ၂၁၊ Myanmar Now၊ https://bit.ly/3YwlN47 ၊ နှင့် Frontier၊ "ရပ်ကွက်များနှင့် ကျေးရွာများကို အုပ်ချုပ်ရန် စစ်အစိုးရ၏ ကြိုးပမ်းမှုများကို ဆန့်ကျင်သော ရပ်ရွာများ"၊ ၂၀၂၁ ခုနှစ်၊ဧပြီလ ၁၄၊ https://bit.ly/3HMAxFn ။

## 3.2. အသင်းအဖွဲ့များမှတ်ပုံတင်ရေးအဖွဲ့များ

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေသည် ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်များတွင် မှတ်ပုံတင်ရေးအဖွဲ့များကို တည်ထောင်ထားသည်။ ဤဖွဲ့စည်းပုံသည် ၂၀၁၄ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေဖြင့် ဖန်တီးထားသော မှတ်ပုံတင်ရေးအဖွဲ့များနှင့် တူညီပါသည်။ သို့သော်လည်း ဥပဒေသစ်သည် အဆိုပါ မှတ်ပုံတင်ရေးအဖွဲ့၏ဖွဲ့စည်းပုံကို ပြောင်းလဲစေကာ အသင်းအဖွဲ့ကိုယ်စားလှယ်များကို ပြည်တွင်းမှတ်ပုံတင်ရေးအဖွဲ့များမှ ဖယ်ရှားကာ စစ်ဘက်လိုလားသော မဟာမိတ်များနှင့် မှတ်ပုံတင်ရေးအဖွဲ့များကို အလွယ်တကူ "စုစည်းစေ" နိုင်မည့် ရှုပ်ထွေးမှုများကို မိတ်ဆက်ခဲ့သည်။

အောက်ဖော်ပြပါဇယားသည် မှတ်ပုံတင်ရေးအဖွဲ့တစ်ခုစီအတွက်၊ မှတ်ပုံတင်ရေးအဖွဲ့ကို ခန့်အပ်တာဝန်ပေးသည့် အဖွဲ့အစည်းတစ်ခုစီနှင့် ၎င်း၏အဖွဲ့ဝင်များကို အနှစ်ချုပ်ဖော်ပြထားသည်။ အဆင့်တိုင်းတွင် ဥပဒေက ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကိုသာ ရာထူးအမည်ဖော်ပြထားပြီး အခြားမှတ်ပုံတင်ရေးအဖွဲ့ဝင် အရေအတွက်ကို တိတိကျကျ မဖော်ပြဘဲ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအဖြစ်သာ အလွယ်တကူစာရင်းသွင်းထားသည်။

| မှတ်ပုံတင်ရေးအဖွဲ့ | ခန့်အပ်သူ | ဥက္ကဋ္ဌ | အတွင်းရေးမှူး | အခြားအဖွဲ့ဝင်များ |
|---|---|---|---|---|
| **ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ (အမျိုးသားအဆင့်)** | ပြည်ထောင်စုအစိုးရ | ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သက်ဆိုင်ရာအစိုးရဌာနများမှ ကိုယ်စားလှယ်များ |
| **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့** | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီး | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သက်ဆိုင်ရာအစိုးရဌာနများမှ ကိုယ်စားလှယ်များ |

| | | | | |
|---|---|---|---|---|
| **ပြည်ထောင်စုနယ်မြေ မှတ်ပုံတင်ရေးအဖွဲ့ (နေပြည်တော်)** | ပြည်ထောင်စုနယ်မြေအုပ်ချုပ်ရေးအဖွဲ့ | ပြည်ထောင်စုနယ်မြေအုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ဦး | ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုနယ်မြေအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သက်ဆိုင်ရာအစိုးရဌာနများမှ ကိုယ်စားလှယ်များ[47] |
| **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှတ်ပုံတင်ရေးအဖွဲ့** | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဝင်တစ်ဦး | ဒုတိယညွှန်ကြားရေးမှူး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန | သက်ဆိုင်ရာအစိုးရဌာနများမှ ကိုယ်စားလှယ်များ |
| **ခရိုင်မှတ်ပုံတင်ရေးအဖွဲ့** | ခရိုင် အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန | သက်ဆိုင်ရာအစိုးရဦးစီးဌာနများမှ ကိုယ်စားလှယ်များ |
| **မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့** | မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန | သက်ဆိုင်ရာအစိုးရဦးစီးဌာနများမှကိုယ်စားလှယ်များ |

၂၀၁၄ ဥပဒေနှင့် နိူင်းယှဉ်ပါက အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေသည် မှတ်ပုံတင်ရေးအဖွဲ့များ ဖွဲ့စည်းမှုနှင့် ပတ်သက်၍ ရှုပ်ထွေးမှုများ ဖြစ်ပေါ်စေသည်။ စုစုပေါင်းအဖွဲ့ဝင်ဦးရေကို စာရင်းမပြုစုထားသောကြောင့် မှတ်ပုံတင်ရေးအဖွဲ့များ၏ ဖွဲ့စည်းပုံကို အမိန့်ဖြင့် သို့မဟုတ် ခန့်အပ်ရေးအဖွဲ့က အလွယ်တကူပြောင်းလဲနိုင်သည်။ ပုဒ်မ ၅(ဆ) သည် မှတ်ပုံတင်ရေးအဖွဲ့များအား "သတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ဖွဲ့စည်း"ခွင့်ကို သက်ဆိုင်ရာဖွဲ့စည်းခွင့်ရှိသူတို့အား ခွင့်ပြုထားရာ ပိုကြီးမားသောဆုံးဖြတ်ခွင့်ကို အပ်နှင်းထားသည့်သဘောရှိသည်။

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေသည် မှတ်ပုံတင်ရေးအဖွဲ့များတွင် စစ်တပ်မဟုတ်သောကိုယ်စားပြုမှုကို ထိထိရောက်ရောက်ဖယ်ရှားထားသည်။ ၂၀၁၄ ဥပဒေဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စု မှတ်ပုံတင်ရေး

[47] နေပြည်တော်မှတ်ပုံတင်ရေးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဇုန် မှတ်ပုံတင်ရေးအဖွဲ့များအတွက် မြန်မာအလင်း ဘာသာပြန်သည် "သက်ဆိုင်ရာအဖွဲ့အစည်းများ" ဟု ရိုးရိုးရှင်းရှင်း ဖော်ပြထားသည်။ Lincoln Translation တွင် မှတ်ပုံတင်ဘုတ်များအားလုံးအတွက် "သက်ဆိုင်ရာအစိုးရဌာနများ သို့မဟုတ် အဖွဲ့အစည်း" များမှ ကိုယ်စားလှယ်များကို ရည်ညွှန်းထားသောကြောင့် ၎င်းသည် ဘာသာပြန်အမှားတစ်ခုဟု ကျွန်ုပ်တို့သံသယရှိသည်။

အဖွဲ့တွင် အစိုးရနှင့်ဆက်နွယ်သော ကိုယ်စားလှယ်များသာ လုံးလုံးလျားလျားပါဝင်သော်လည်း ယင်းတို့မှာ ဝန်ကြီးဌာန အမျိုးမျိုးမှ အဖွဲ့ဝင်များနှင့် အရပ်ဘက် ဦးဆောင်သော ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ပါဝင်ကြသည်။ ၂၀၂၂ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့တွင် ရာထူးအမည်ဖြင့် အတိအကျဖော်ပြထားသည့် တစ်ခုတည်းသော အဖွဲ့ဝင်များမှာ စစ်တပ်မှ ထိန်းချုပ်ထားသည့် အဖွဲ့အစည်းများမှ ဖြစ်သည်။

အခြားသော မှတ်ပုံတင်ရေးအဖွဲ့များအတွက်၊ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေသည် အရပ်ဘက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကိုဖယ်ရှားပြီး အစိုးရကိုယ်စားလှယ်အမျိုးမျိုး ပါဝင်မှုကိုလျှော့ချထား သည်။ ၂၀၁၄ ဥပဒေအရ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့မှလွဲ၍ ကျန်မှတ်ပုံတင်ရေးအဖွဲ့အားလုံးတွင် ပြည်တွင်း အဖွဲ့အစည်းများ ကိုယ်တိုင် ဆုံးဖြတ်သည့် လုပ်ထုံးလုပ်နည်းအရ ရွေးချယ်တင်မြှောက်ထားသည့် အသင်းအဖွဲ့ ကိုယ်စားလှယ် နှစ်ဦးပါရှိခဲ့သည်။ (ရဲတပ်ဖွဲ့ကိုယ်စားလှယ်များကဲ့သို့) တရားဥပဒေစိုးမိုးရေး နောက်ခံ ခိုင်သော အစိုးရအဖွဲ့အစည်းအများအပြားမှ ကိုယ်စားလှယ်များအတွက် နေရာများလည်း အသေအချာပါရှိသည်။ [48] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအသစ်သည် ဤ မတူကွဲပြားမှုများကို ပယ်ဖျက်ထားသည်။

ခရိုင်နှင့် မြို့နယ်အဆင့်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လွှမ်းမိုးမှုပြင်းထန်သည်။ အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးအား ၎င်းဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် မှတ်ပုံတင်ရေးအဖွဲ့ကိုခန့်အပ်ရန် အပြည့်အဝဆုံးဖြတ်ပိုင်ခွင့် ပေးထားပြီး ရာထူးအမည် ဖော်ပြထားသော အဖွဲ့ဝင်များအားလုံးသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အုပ်ချုပ်ရေးမှူးများဖြစ်သည်။ ခရိုင်နှင့် မြို့နယ်အဆင့်ရှိ အုပ်ချုပ်ရေးမှူးများအား ခန့်အပ်ထားပြီး ၎င်းတို့၏ ထွေအုပ်အထက်လူကြီးများထံတွင် တာဝန်ရှိသောကြောင့်[49] နယ်မြေခံ မှတ်ပုံတင်ရေးအဖွဲ့များသည် စစ်သတင်းပေးများအဖြစ် အလွယ်တကူ ဆောင်ရွက်နိုင်သည် သို့မဟုတ် တပ်မတော်၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်နိုင်သည်။

လက်တွေ့ကျသော စိုးရိမ်စရာတစ်ခုမှာ ယင်းဖွဲ့စည်းပုံများသည် အကျင့်ပျက်ခြစားသောအပြုအမူများ ဖြစ်လာ စေရန် ပိုမိုလွယ်ကူစေခြင်းဖြစ်သည်၊ ဥပမာ၊ ၎င်းတို့၏မှတ်ပုံတင်ရေးအဖွဲ့များကို သိသိသာသာ ထိန်းချုပ်ထား သော မြို့နယ်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးများအတွက် ပိုပြီးလွယ်ကူစေသည်။ အသင်းအဖွဲ့လုပ်ငန်းများနှင့် ဆက်စပ်၍ ဒေသဆိုင်ရာ ထွေအုပ်အရာရှိများအပါအဝင် အခြေခံအုပ်ချုပ်ရေး လုပ်ငန်းဆောင်တာများအတွက် လာဘ်ပေး

[48] ၂၀၁၄ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၅ နှင့် ၃၉

[49] အာဏာသိမ်းမှု မတိုင်မီက မြို့နယ်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးများသည် ထွေအုပ်သို့ အစီရင်ခံခြင်းအပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများထံ ထိရောက်စွာ အစီရင်ခံမှု နှစ်ခုရှိခဲ့သည်။ Batcheler, et al., မှတ်စု ၄၀၊ စာ-၅၄။ ၎င်းတို့ကို ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၈၈ အရ အာဏာသိမ်းမှုမတိုင်မီ ပြုပြင်ပြောင်းလဲမှုတွင် ရွေးကောက်တင်မြှောက်ခံရသော ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် မတူဘဲ ၎င်းတို့အား နိုင်ငံ့ဝန်ထမ်းအဖြစ် အမြဲတမ်း ခန့်အပ်ထားသည်။

လာဘ်ယူမှုအသေးစားများမှာ အာဏာသိမ်းပြီးနောက်ပိုင်း ဖြစ်ရိုးဖြစ်စဉ် တိုးများလာသော ပြဿနာတစ်ရပ် ဖြစ်သည်။[50]

## 3.3. နိုင်ငံတကာစံနှုန်းများနှင့်နှိုင်းယှဉ်သုံးသပ်ချက်

မှတ်ပုံတင်ရေးအဖွဲ့များသည် အမှီအခိုကင်းမှု၊ ကြားနေမှုနှင့် ပွင့်လင်းမြင်သာမှုများရှိသင့်သည်။[51] နိုင်ငံများသည် "မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်အပေါ် အစိုးရ၏ အလွန်အကျွံထိန်းချုပ်မှုနှင့် ဆုံးဖြတ်ပိုင်ခွင့်" ကို ခွင့်မပြုသင့်ပါ။[52] ယင်းအဖွဲ့အစည်းများ၏ သမာသမတ်ကျမှုကို သေချာစေရန်အတွက် ၎င်းတို့၏အဖွဲ့ဝင်များကို ပွင့်လင်းမြင်သာစွာ နှင့် နိုင်ငံရေးအရထိန်းချုပ်မှုမှ အကာအကွယ်ပေးထားသည့်ပုံစံဖြင့် ခန့်အပ်သင့်ပါသည်။[53] မှတ်ပုံတင်ရေးအဖွဲ့ များတွင် အရပ်ဘက်အဖွဲ့အစည်းများ၏ အမှီအခိုကင်းသော ကိုယ်စားလှယ်များ ပါဝင်သင့်ပြီး ယင်းအဖွဲ့အစည်း များ ကို ထူထောင်သည့် လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် အရပ်ဘက်အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေး သင့်သည်။[54]

အာဖရိကန်လူ့အခွင့်အရေးကော်မရှင်ရှေ့မှောက်ရှိ အမှုကိစ္စတစ်ခုက ဤမှုများကို သရုပ်ဖော်ထားသည်။ နိုင်ဂျီးရီးယားရှေ့နေအသင်းအား အဖွဲ့ဝင် ၁၂၈ ဦးပါဝင်သည့် တရားသူကြီးအဖွဲ့မှ အုပ်ချုပ်ခဲ့သည်။ အဖွဲ့ဝင် ၁၂၈ ဦးအနက် ၃၁ ဦးမှလွဲ၍ အားလုံးမှာ အစိုးရမှ အမည်စာရင်းတင်သွင်းသူများဖြစ်သည်။ တရားသူကြီးအဖွဲ့ကို "အစိုးရကိုယ်စားလှယ်များက လွှမ်းမိုးထားပြီး ကျယ်ကျယ်ပြန့်ပြန့်ဆုံးဖြတ်နိုင်သော လုပ်ပိုင်ခွင့်များ" ရှိသောကြောင့် နိုင်ဂျီးရီးယားသည် လွတ်လပ်စွာအသင်းအဖွဲ့ဖွဲ့စည်းခွင့်ကို ချိုးဖောက်ခဲ့ကြောင်း ကော်မရှင်က တွေ့ရှိခဲ့သည်။[55]

မြန်မာနိုင်ငံတွင် မှတ်ပုံတင်ရေးအဖွဲ့များကို အစိုးရကိုယ်စားလှယ်များက လွှမ်းမိုးထားပြီးသိသာထင်ရှားသော ဆုံးဖြတ်ခွင့်ပေးထားရုံသာမက စစ်ဘက်ဆိုင်ရာ ဩဇာလွှမ်းမိုးမှုလည်းများစွာရှိသည်။ စစ်အာဏာရှင်များ၏ ဩဇာလွှမ်းမိုးမှုက မှတ်ပုံတင်ရေးအဖွဲ့များနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ လွတ်လပ်မှုကို ထိပါးလျက်

50 ICNL၊ "မြန်မာပြည်တွင်းကွက်လပ်များအားအကဲဖြတ်မှု- ခြုံငုံသုံးသပ်ချက်နှင့် ပဏာမသော့ချက် ရှာဖွေမှုများ"၊ ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ၊ https://bit.ly/3I4H3bE ။ CLD နှင့် စာတွဲပါ ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ ၁၇တွင် "အဆွယ်အမြှောင်များကို လုံ့ဆော်ခြင်း" Frontier၊ တွင်လည်း ကြည့်ပါ။

51 OSCE နှင့် Venice ကော်မရှင်၊ မှတ်စု ၃၃၊ အပိုဒ် ၃၃၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၊ မှတ်စု ၃၃၊ အပိုဒ် ၁၆ နှင့် အာဖရိကရှိ လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်းခြင်းနှင့် စုဝေးခွင့်ဆိုင်ရာ လမ်းညွှန်ချက်များ၊ မှတ်စု ၁၄၊ အပိုဒ် ၂၁-၂၂။

52 လူ့အခွင့်အရေးကာကွယ်သူများဆိုင်ရာ အထူးကိုယ်စားလှယ်၏ ၂၀၀၉ အစီရင်ခံစာ၊ မှတ်စု ၃၄၊ အပိုဒ် ၇၀။

53 အာဖရိကရှိ လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်းခြင်းနှင့် စုဝေးခွင့်ဆိုင်ရာ လမ်းညွှန်ချက်များ၊ မှတ်စု ၁၄၊ အပိုဒ် ၂၁။

54 ကုလသမဂ္ဂ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများဆိုင်ရာ အထူးကိုယ်စားလှယ်၏ အစီရင်ခံစာ၊ ဩဂုတ်လ ၁၀၊ ၂၀၁၂၊ 45၊ undocs.org/A/67/292; လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများဆိုင်ရာ အထူးကိုယ်စားလှယ်၏ ၂၀၀၉ အစီရင်ခံစာ၊ မှတ်စု ၃၄၊ အပိုဒ်၊ ၁၁၆။

55 Civil Liberties Organization (နိုင်ဂျီးရီးယားဘားအသင်းနှင့်စပ်လျဉ်းသော) အရပ်ဘက်လေဘာတီအဖွဲ့အစည်း နှင့် နိုင်ဂျီးရီးယား၊ ဆက်သွယ်ရေး အမှတ် ၁၀၁/၉၃၊ ၁၉၉၅ ခုနှစ် မတ်လ ၂၂၊ အပိုဒ်-၁၇၊ https://www.achpr.org/sessions/descions?id=85 (လူ့အခွင့်အရေးနှင့်ပြည်သူ့အခွင့် အရေးဆိုင်ရာ အာဖရိက ကော်မရှင်)။

ရှိသည်။ [56] စစ်ရေးအရ ပါဝင်ပတ်သက်မှုသည် အကြမ်းဖက်သမားအဖြစ် သို့မဟုတ် လုံခြုံရေးခြိမ်းခြောက်မှုအဖြစ် စွပ်စွဲနိုင်ခြင်းကို အလွဲသုံးစားလုပ်ပြီး မှတ်ပုံတင်ခြင်းကို ငြင်းဆိုရန် သို့မဟုတ် အသင်းအဖွဲ့များ၏ လုပ်ဆောင်မှုများကို တားမြစ်ကန့်သတ်ရန် အရပ်ဘက်ဆိုင်ရာနယ်မြေလုံခြုံရေးခေါင်းစဉ်အောက်တွင် လွန်ကဲသော စည်းမျဉ်းစည်းကမ်းများချမှတ်ခြင်းမှာ စိုးရိမ်ဖွယ်ဖြစ်သည်။[57]

မှတ်ပုံတင်ရေးအဖွဲ့များပေါ်တွင် စစ်တပ်၏ ဩဇာလွှမ်းမိုးမှုကို စိုးရိမ်မှုများအပြင် အဆင့်တိုင်းတွင် မှတ်ပုံတင်ရေးအဖွဲ့များသည် သမာသမတ်ကျမှုနှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာ နိုင်ငံတကာစံနှုန်းများကို ထင်ဟပ်ခြင်းမရှိပေ။ အသင်းအဖွဲ့ကိုယ်စားလှယ်များကို မှတ်ပုံတင်ရေးအဖွဲ့များမှ ဖယ်ရှားခြင်းနှင့် အစိုးရကိုယ်စားလှယ် အများအပြား ခန့်အပ်ခြင်းသည် ထားရှိရမည့်ကြားနေသဘောထားကို ဆိုးရွားစွာသပ်လျှိုထားသည်။ ထို့အပြင်၊ မှတ်ပုံတင်ရေးအဖွဲ့များဖွဲ့စည်းမှုနှင့်ပတ်သက်သော မူလစည်းမျဉ်းများကို လက်အောက်ခံစည်းမျဉ်း သို့မဟုတ် ခန့်အပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်အရမထားခဲ့သင့်ဘဲ မူလဥပဒေအောက်တွင်ထားရှိရမည်။ မူလစည်းမျဉ်းများကို လက်အောက်ခံအဖွဲ့အာဏာစက်အောက်တွင်ထားရှိခြင်းမှာ ပွင့်လင်းမြင်သာမှုမရှိသည့်အပြင် ခန့်အပ်မှုလုပ်ငန်းစဉ်ကို ထိန်းချုပ်ရန် အစိုးရအား အလွန်အကျွံလုပ်ပိုင်ခွင့်များ ပေးထားသည်။

# 4. မှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

## 4.1. အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ

### 4.1.1. ပြည်တွင်းအဖွဲ့အစည်းများ

ပြည်တွင်းအဖွဲ့အစည်းများသည် မိမိတို့လုပ်ကိုင်လိုသည့် နေရာဒေသတွင်အကျုံးဝင်သည့် မှတ်ပုံတင်ရေးအဖွဲ့၌ မှတ်ပုံတင်ရမည်ဖြစ်သောကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လုပ်ကိုင်နေသူများသည် ပြည်ထောင်စု မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ရမည်ဖြစ်သည်။[58] မှတ်ပုံတင်ရန် လျှောက်လွှာ၌ ပုဒ်မ ၇ တွင် ဖော်ပြထားသော အချက်အလက်များစွာပါဝင်ရမည်။ ၎င်းတွင် အသင်းဖွဲ့အမည်၊ နေရပ်လိပ်စာ၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး အမည်၊ အသင်းဝင်ဦးရေနှင့် အမှုဆောင် ဦးရေတို့ကဲ့သို့သော အခြေခံအချက်အလက်များ ပါဝင်သည်။ ဥပဒေတွင်

---

[56] လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်နှင့် သင်းပင်းဖွဲ့စည်းခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်နှင့် လူ့အခွင့်အရေး ကာကွယ်သူများ၊ ပူးတွဲပေးစာ၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၂၊ စာမျက်နှာ- ၉၊ https://bit.ly/3XilSaB (အီဂျစ်ရှိ အသင်းအဖွဲ့စည်းမျဉ်းများတွင် ထောက်လှမ်းရေးနှင့် လုံခြုံရေးဌာနများ ပါဝင်ပတ်သက်မှုအပေါ် မှတ်ချက်ပေးခြင်း)။

[57] ဥပမာအားဖြင့်၊ အကြမ်းဖက်ဝါဒကို တန်ပြန်ရာတွင် ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ်၏ အစီရင်ခံစာ၊ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၊ အပိုဒ်-၆၀၊ A/HRC/40/52။

[58] အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၁၂(ခ)။

အဖွဲ့ဝင်များ၏ နိုင်ငံသားဖြစ်မှုကို စာရင်းသွင်းရန် မဖော်ပြထားသော်လည်း ပြည်တွင်းအသင်းအဖွဲ့များတွင် အနည်းဆုံး မြန်မာနိုင်ငံသား ငါးဦးရှိရန် လိုအပ်သောကြောင့် ဤအချက်အလက်များကို တင်ပြရန် လိုအပ်သည်။[59]

လျှောက်လွှာတွင် အဖွဲ့အစည်း၏ အသင်းအဖွဲ့ဆိုင်ရာ ဆောင်းပါးများ၊ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်၊ အသင်းပိုင်ငွေကြေးနှင့်ပစ္စည်းစာရင်းနှင့် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံချက်များကိုလည်းဖော်ပြရပါမည်။ ဆောင်ရွက်မည့် "လူမှုရေးလုပ်ငန်းများ"ကိုလည်း စာရင်းပြုစုရမည် ဖြစ်သည်။ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေတွင် "လူမှုရေးလုပ်ငန်းများ"ကို နိုင်ငံရေး၊ စီးပွားရေး သို့မဟုတ် ဘာသာရေး ကဏ္ဍများနှင့် မသက်ဆိုင်သော အများအကျိုးအတွက်ရည်ရွယ်သည့် အကျိုးပြုလုပ်ငန်းများဟု တိတိပပဖွင့်ဆိုထားပြီး[60] အသင်းအဖွဲ့များအနေဖြင့် ၎င်းတို့၏ လုပ်ဆောင်ချက်များသည် ဤအဓိပ္ပါယ် ဖွင့်ဆိုချက်၏ဘောင်အတွင်း ကျရောက်ကြောင်းပြသရန် လိုအပ်သည်ဟု အကြံပြုထားသည်။ အသင်းအဖွဲ့ အနေဖြင့် ၎င်းတို့ရည်ရွယ်ချက်လုပ်ငန်းစဉ်များနှင့်ဆက်စပ်သည့် (သက်ဆိုင်ရာကဏ္ဍအစိုးရဌာနအဖွဲ့အစည်း) မှ ထောက်ခံချက်ကိုလည်း တင်ပြရမည်ဖြစ်သည်။

မှတ်ပုံတင်ရေးအဖွဲ့သည် လျှောက်လွှာတစ်စောင်လက်ခံရရှိသည်နှင့် ၂၁ ရက်အတွင်း ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးသည်။ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေတွင် "မှတ်ပုံတင်လက်မှတ်"အား အဓိပ္ပာယ်ဖွင့်ဆို ရာတွင် ယာယီသက်သေခံလက်မှတ်များပါရှိပြီး ယာယီလက်မှတ်ရှိသော အသင်းအဖွဲ့များသည် တရားဝင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့နှင့်တန်းတူပင်ဖြစ်သည်။ သို့ရာတွင် မှတ်ပုံတင်ရေးအဖွဲ့များမှ မှတ်ပုံတင်ခြင်း ကို အပြီးသတ် ဆုံးဖြတ်ချက်ချရန် နောက်ဆုံးရက် မသတ်မှတ်ထားသောကြောင့်[61] အပြီးသတ်မှတ်ပုံတင် လက်မှတ်ရရှိရန် စောင့်ဆိုင်းချိန်မှာ အကန့်အသတ်မရှိပေ။[62]

အပြီးသတ်လက်မှတ်မထုတ်ပေးမီ၊ မှတ်ပုံတင်ရေးအဖွဲ့များသည် လျှောက်ထားမှုအပေါ် သတ်မှတ်ချက်များနှင့် အညီ စိစစ်ရမည်။[63] မှတ်ပုံတင်ရေးအဖွဲ့များသည် ဥပဒေနှင့်အညီ ဆုံးဖြတ်ချက်ချနိုင်ရန်နှင့် ကြိုတင်စိစစ် ဆောင်ရွက်ရန် သက်ဆိုင်ရာဦးစီးရဌာနတစ်ခုအား တာဝန်ပေးအပ်ရမည်ဖြစ်သည်။ တာဝန်ပေးအပ်ခံထားရ သောဌာနမှ ထပ်လောင်းစိစစ်မှု အစီအမံများကို စည်းမျဉ်းကတစ်ဆင့် သို့မဟုတ် သင့်သလိုချမှတ်နိုင်သည်ဟု ဆိုလိုသည်။ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ တာဝန်ပေးအပ်ခံရသည့်သက်ဆိုင်ရာဦးစီးဌာနမှာ

---

59 အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၂(ဂ)။

60 အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၂(ဆ)။

61 NGO ဥပဒေ ပုဒ်မ ၈(ဃ)။ မှတ်ပုံတင်လက်မှတ်များ ပေးအပ်ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းဆိုင်ရာ အကြောင်းကြားစာအတွက် သတ်မှတ်ရက်သည် လျှောက်လွှာတင်သွင်းသည့်အချိန်မဟုတ်ဘဲ မှတ်ပုံတင်ပေးရန်ဆုံးဖြတ်ချက်ချသည့်အချိန်မှ စတင်ခြင်းမှာ ၂၀၁၄ခုနှစ်ဥပဒေနှင့်ကွဲသည့် အပြောင်းအလဲ တစ်ခုဖြစ်ပြီး ဆုံးဖြတ်ချက်ချရန်အတွက် အချိန်ကာလသတ်မှတ်ထားခြင်းမရှိပေ။

62 အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ အခန်း ၂(စ)။ မည်သို့ဆိုစေ ပုဒ်မ ၅၁ အရ ယာယီသက်သေခံလက်မှတ်ရှိသည့် အသင်းအဖွဲ့များသည် ၎င်းတို့၏ သက်သေခံလက်မှတ်များကို ရုပ်သိမ်းခံပါက သတ်မှတ်ထားသော အစိုးရဌာနသို့ ၎င်းတို့၏ ပိုင်ဆိုင်မှုများကို ပေးအပ်ရန် မလိုအပ်ပါ။

63 အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၈(ခ)။

အထွေထွေအုပ်ချုပ်ရေးမှူးရုံး သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာနအဖြစ် ရည်မှန်းထားသော်လည်း ယင်းကို သတ်မှတ်ဖော်ပြထားခြင်းမျိုးမရှိပေ။[64]

မှတ်ပုံတင်ရေးအဖွဲ့မှ မှတ်ပုံတင်ခြင်းကို ခွင့်ပြုရန်ဆုံးဖြတ်ပါက ဆုံးဖြတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။ မှတ်ပုံတင်ခွင့်ရရှိသည့်အသင်းအဖွဲ့အနေဖြင့် သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့ထံ သတ်မှတ်ထားသောကာလအတွင်း မှတ်ပုံတင်ကြေး ပေးသွင်းရမည်။ထို့နောက် အပြီးသတ်လက်မှတ် ရရှိရန် ငွေပေးသွင်းပြီးကြောင်းပြေစာနှင့် ယာယီမှတ်ပုံတင်လက်မှတ်ကို တစ်ပါတည်း ပြန်လည်အပ်နှံရမည်။ ထိုသို့ဆောင်ရွက်ရန် သတ်မှတ်ကာလကျော်လွန်သွားပါက ယာယီသက်သေခံလက်မှတ်ကို ရုတ်သိမ်းမည် ဖြစ်သည်။ လက်မှတ်ထုတ်ပေးသည့်မှတ်ပုံတင်ရေးအဖွဲ့အဆင့်အပေါ်မူတည်၍ မှတ်ပုံတင်ကြေး ၃၀,၀၀၀ ကျပ်မှ ၃၀၀,၀၀၀ ကျပ်အထိ (ခန့်မှန်း အမေရိကန်ဒေါ်လာ ၁၄ မှ ၁၄၀ ထိ) ကွာခြားသည်။[65]

မှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်ခြင်းကို ခွင့်မပြုကြောင်းဆုံးဖြတ်ပါက ကျိုးကြောင်းပြည့်စုံစွာဖော်ပြ၍ မှတ်ပုံတင်ခြင်းကို ခွင့်မပြုကြောင်း ပြန်ကြားစာကို (မည်သည့်အဆင့် မှတ်ပုံတင်ရေးအဖွဲ့ဖြစ်သည်အပေါ် မူတည်၍) ၁၅ ရက် သို့မဟုတ် ရက် ၃၀ အတွင်း အသင်းအဖွဲ့ထံ အကြောင်းကြားရမည်။[66] ငြင်းဆိုမှုနှင့် ပတ်သက်၍ လူသိရှင်ကြား ကြေညာချက်လည်းထုတ်ပြန်ရမည်။ အသင်းအဖွဲ့သည် ပြန်ကြားစာလက်ခံရရှိပြီး ရက်ပေါင်း ၃၀ အတွင်း လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ထားသော လျှောက်လွှာကို ပြန်လည်ပေးပို့ နိုင်ပါသည်။ မှတ်ပုံတင်ရေးအဖွဲ့က ပြန်လည်လျှောက်ထားမှုအပေါ်ခွင့်မပြုကြောင်း ထပ်မံငြင်းဆိုပါက ယင်းဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။ ပြန်ကြားစာရရှိသောအသင်းအဖွဲ့မှ ပြန်လည်လျှောက် ထားခြင်းမရှိပါက၊ ထိုသို့ဆုံးဖြတ်သည့်နေ့တွင် ယာယီသက်သေခံလက်မှတ် ပျက်ပြယ်သွားမည်ဖြစ်သည်။[67]

မှတ်ပုံတင်ခြင်းအား ငြင်းပယ်ရန် သို့မဟုတ် အတည်ပြုရန် မှတ်ပုံတင်ရေးအဖွဲ့၏ဆုံးဖြတ်ခွင့် အတိုင်းအတာ သည် ကွဲကွဲပြားပြားမရှိပါ။ နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို ထိခိုက်စေပါက အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့် မပြုသင့်ကြောင်း ပုဒ်မ ၈(ဂ) တွင် ဖော်ပြထားသည်။ အင်္ဂလိပ်ဘာသာပြန်တွင် ဤသည်မှာ ငြင်းဆိုရန်အကြောင်း ပြချက်တစ်ခု သို့မဟုတ် ငြင်းဆိုရန်အတွက် တစ်ခုတည်းသောအကြောင်းပြချက်ဖြစ်မဖြစ် မကွဲပြားပါ။[68] လျှောက်လွှာလိုအပ်ချက်များနှင့် မကိုက်ညီသည်ဖြစ်စေ၊ သို့မဟုတ် အသင်းအဖွဲ့၏ လုပ်ဆောင်ချက်များသည် "လူမှုရေးလုပ်ငန်းများ" အဖြစ် အရည်အချင်းပြည့်မီသည်ဟု ယုံကြည်ရလျှင်သော်မှ မှတ်ပုံတင်ရေးအဖွဲ့များသည် မှတ်ပုံတင်ခြင်းကိုငြင်းဆိုနိုင်သေးသလို နောက်ဆက်တွဲ စည်းမျဉ်းများကို လိုအပ်ချက်များအဖြစ် ထည့်သွင်းနိုင်

[64] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၄၄။

[65] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၁၂ (က)။

[66] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၁၁(က) နှင့် ၄၉။

[67] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၁၁။

[68] မြန်မာ့အလင်းဘာသာပြန်ချက်က ဒုတိယအကြောင်းကို ရည်ညွှန်းသော်လည်း လင်ကွန်းဘာသာပြန်က ပထမအကြောင်းကို ရည်ညွှန်းသည်။

သည်။ ခြုံငုံကြည့်လျှင် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေတွင် လျစ်ဟာချက်များစွာရှိနေခြင်းက လက်တွေ့တွင် အသင်းအဖွဲ့မှတ်ပုံတင်ရေးအဖွဲ့များထံ ဆုံးဖြတ်ခွင့်ကြီးကြီးမားမားကို ပေးထားဖွယ်ရှိသည့် သဘောသက်ရောက်ပါသည်။ တစ်ဖက်တွင် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေတွင် ရှင်းရှင်းလင်းလင်း မဖော်ပြထားသော်လည်း မှတ်ပုံတင်ရေးအဖွဲ့များသည် လျှောက်ထားသူ အသင်းအဖွဲ့များကို စိစစ်ရန် တာဝန်ပေးအပ်ထားသော သက်ဆိုင်ရာဦးစီးဌာန၏ ထောက်ခံချက်ကို ဆိုင်းငံ့ထားနိုင်သည့်အခြေအနေ ရှိသည်ဟု လည်း မျှော်လင့်နိုင်သည်။

မှတ်ပုံတင်လက်မှတ်၏သက်တမ်းသည် ငါးနှစ်ဖြစ်သည်။[69] လက်မှတ်သက်တမ်းမကုန်ဆုံးမီ ရက်ကိုးဆယ်ကြို တင်၍ သက်တမ်းတိုးရန်လျှောက်ထားရမည်ဖြစ်သည်။ အသင်းအဖွဲ့သည် သက်တမ်းမကုန်မီ ရက်ပေါင်း ၉၀ အတွင်း ကြိုတင်လျှောက်ထားခြင်းမရှိပါက ဒဏ်ကြေးပေးဆောင်ရပြီး သတ်မှတ်ထားသော စည်းမျဉ်းများ အတိုင်း ပြန်လည်လျှောက်ထားရမည်ဖြစ်သည်။ အသင်းအဖွဲ့သည် မှတ်ပုံတင်လက်မှတ်သက်တမ်း ကုန်ဆုံးပြီး နောက်ပိုင်းတွင် သက်တမ်းတိုးရန် လျှောက်ထားပါက မှတ်ပုံတင်အသစ်လျှောက်ထားသကဲ့သို့ ထပ်မံလျှောက် ထားရမည်ဖြစ်သည်။

သက်တမ်းတိုးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်စပ်လျဉ်းပြီး အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေတွင် တိတိကျကျဖော်ပြထားခြင်းမရှိဘဲ အသင်းအဖွဲ့သည် “သတ်မှတ်ထားသော စည်းမျဉ်းများအတိုင်း” လျှောက်ထား ရမည်ဟုဖော်ပြထားရုံသာဖြစ်သည်။ သို့သော်လည်း အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေတွင် မှတ်ပုံတင် ရေးအဖွဲ့သည် ပုဒ်မ ၈ (ဂ) အပါသတ်မှတ်ချက်များနှင့်အညီ နိုင်ငံတော်၏ အချုပ်အခြာ အာဏာတည်မြဲရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိခိုက်နိုင်ရန် အကြောင်းမရှိပါက မှတ်ပုံတင်ခြင်းကို ခွင့်ပြုနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။[70] သက်တမ်းတိုးစဉ်တွင် တာဝန်ပေးအပ်ခံထားရသော အစိုးရဌာနသည် စိစစ်ရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်သင့်သည်။[71]

သက်တမ်းတိုးလက်မှတ်ထုတ်ပေးပြီးသည်နှင့် အသင်းအဖွဲ့သည် ကျပ် ၁၀,၀၀၀ မှ ၁၀၀,၀၀၀ (ခန့်မှန်းခြေအား ဖြင့် အမေရိကန်ဒေါ်လာ ၅ မှ ၅၀) အထိ သက်တမ်းတိုးကြေး ထပ်မံပေးဆောင်ရမည်ဖြစ်သည်။ သက်တမ်းတိုး မှတ်ပုံတင်လက်မှတ် လာရောက်ထုတ်ယူမှုမရှိလျှင်ဖြစ်စေ၊ သက်တမ်းတိုး မှတ်ပုံတင် ကြေးပေးသွင်းပြီးကြောင်း အထောက်အထား မတင်ပြနိုင်လျှင်ဖြစ်စေ ခွင့်ပြုထားပြီးဖြစ်သည့် သက်တမ်းတိုးမှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်နိုင်သည်။ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခွင့်မပြုပါက အသင်းအဖွဲ့သည် ကနဦးလျှောက်ထားခါစ ကဲ့သို့ အလားတူလုပ်ငန်းစဉ်အတိုင်း ရက် ၃၀ အတွင်း လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည် လျှောက်ထားရမည်။ ထို့နောက်တွင် မှတ်ပုံတင်ရေးအဖွဲ့မှ ဒုတိယနှင့် အပြီးသတ်ဆုံးဖြတ်ချက်ချမည်ဖြစ်သည်။

---

[69] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၄၇။

[70] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၁၄ (ဃ) ။

[71] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၄၄။

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအောက်ရှိ မှတ်ပုံတင်ခြင်းအခြေခံလုပ်ထုံးလုပ်နည်းသည် ၂၀၁၄ ဥပဒေနှင့်ဆင်တူသော်လည်း ၎င်း၏ပြဋ္ဌာန်းချက်များသည် လုပ်ငန်းစဉ်ကို သိသိသာသာရှုပ်ထွေးစေသည်။ ဥပမာအားဖြင့် ၂၀၁၄ ခုနှစ် ဥပဒေတွင် သက်ဆိုင်ရာကဏ္ဍ အစိုးရဌာနအဖွဲ့အစည်းများမှ ထောက်ခံချက်ရယူရန် မလိုအပ်ပါ။ ပိုမိုတိကျပြီး သတ်မှတ်ရက်ပိုတိုကာ၊ မှတ်ပုံတင်ခြင်းကို ဒုတိယအကြိမ် ငြင်းပယ်ခြင်းဆုံးဖြတ်ချက်သည် အပြီးအပြတ်မဟုတ်သလို ဒေသတွင်းမှတ်ပုံတင်ရေးအဖွဲ့များ တွင် မှတ်ပုံတင်သူများအတွက် မှတ်ပုံတင်ကြေးမှာ နည်းပါးသည် သို့မဟုတ် မရှိပါ။ ပြည်တွင်းအသင်းအဖွဲ့များအတွက် နှစ်စဉ်အစီရင်ခံစာများ တင်သွင်းပြီးပါက သက်တမ်းတိုးရန် အာမခံချက်ရှိပြီး မှတ်ပုံတင်ကြေးထပ်မံ ပေးဆောင်ရခြင်းမျိုးမရှိပါ။

### 4.1.2. အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များ

အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များသည် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ရမည်။ မြန်မာနိုင်ငံသား အနည်းဆုံး ၄၀ ရာခိုင်နှုန်းပါဝင်သော အလုပ်အမှုဆောင်ကော်မတီတစ်ခုရှိရမည်ဖြစ်ပြီး မြန်မာနိုင်ငံရုံးချုပ်နှင့် (အခြားရုံးခွဲများ)ရှိ ဦးစီးမှူးအမည်နှင့် ဆက်သွယ်ရန်အချက်အလက်ကို တင်သွင်းရသည်ဖြစ်ရာ အသင်းအဖွဲ့ဖွဲ့စည်းရာတွင် မြန်မာနိုင်ငံအခြေပြု အဖွဲ့အစည်းအဖြစ်ထူထောင်ရန် ဥပဒေက လိုလားပုံရသည်။ [72] နိုင်ငံတကာအသင်းအဖွဲ့ များအနေဖြင့် ၎င်းတို့၏ ဖွဲ့စည်းပုံဆိုင်ရာ အချက်အလက်အများအပြားကို တင်သွင်းရမည်ဖြစ်ပြီး၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်များနှင့် အသင်းအဖွဲ့အခြေစိုက်နိုင်ငံတွင် အသိအမှတ်ပြုထားသည့်အထောက်အထားများကဲ့သို့သော အခြားအချက်အလက်များကို တင်ပြရမည်ဖြစ်သည်။

ပုဒ်မ ၁၇ တွင် အသေးစိတ်ဖော်ပြထားသည့်အတိုင်း လျှောက်လွှာတွင် ထည့်သွင်းရမည့် အခြားအချက်အလက်များသည် နိုင်ငံတကာအသင်းအဖွဲ့များအတွက် သိသာထင်ရှားသော စီမံခန့်ခွဲရေးဆိုင်ရာ အတားအဆီးအချို့ဖြစ်ပေါ်စေသည်။ လျှောက်လွှာတွင် နားလည်မှုစာချွန်လွှာမူကြမ်း ပါဝင်ရမည်ဖြစ်ပြီး မည်သူမည်ဝါနှင့် လက်မှတ်ရေးထိုးရမည်ကို မဖော်ပြထားသည့်အတွက် လျှောက်လွှာမတင်မီ ညှိနှိုင်းရမည်ဟု ယူဆရသည်။ ပြည်တွင်းအသင်းအဖွဲ့များကဲ့သို့ပင် နိုင်ငံတကာအသင်းအဖွဲ့များသည် သက်ဆိုင်ရာကဏ္ဍအစိုးရဌာနအဖွဲ့အစည်း၏ ထောက်ခံချက်ရယူရမည်ဖြစ်သလို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့၏ ထောက်ခံချက်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သဘောထားတောင်းခံထားသည့်စာလည်း လိုအပ်မည်ဖြစ်သည်။ နိုင်ငံတကာအသင်းအဖွဲ့ များသည် လုပ်ငန်းဆောင်ရွက်မည့်နယ်မြေရှိ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၏ လုပ်ငန်းလုပ်ကိုင်ရန်ခွင့်ပြုချက်လည်း ရယူရမည်ဖြစ်သည်။ နိုင်ငံတကာအသင်းအဖွဲ့များသည် ၎င်း၏လူမှုရေးလုပ်ငန်းများကို စာရင်းပြုစုခြင်းအပြင် ပြည်တွင်းအသင်းအဖွဲ့များအတွက် လိုအပ်သည့်အတိုင်း အဆိုပါလုပ်ငန်းများအတွက် ၎င်းတို့၏ ရန်ပုံငွေအရင်းအမြစ်များကို စာရင်းပြုစုရမည်ဖြစ်သည်။

[72] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၂ (ဃ) နှင့် ၁၇ (ဋ)။

ထိုမှတစ်ပါး နိုင်ငံတကာအသင်းအဖွဲ့များအတွက် မှတ်ပုံတင်ခြင်း နှင့် သက်တမ်းတိုးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း နှစ်ခုစလုံးသည် ပြည်တွင်းအသင်းအဖွဲ့များနှင့် တူညီပါသည်။ မှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်း နှစ်ခုစလုံး အတွက် မှတ်ပုံတင်ကြေးမှာမူ ပိုများပြီး မှတ်ပုံတင်ခြင်းအတွက် မြန်မာကျပ် ၅၀၀,၀၀၀ နှင့် သက်တမ်းတိုးခြင်း အတွက် ၃၀၀,၀၀၀ အသီးသီး (ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၂၃၅ နှင့် ၁၄၀) ကျသင့်ပါသည်။[73]

ပြည်တွင်းအသင်းအဖွဲ့များနည်းတူ နိုင်ငံတကာအသင်းအဖွဲ့များအတွက် ပို၍ဝန်ထုပ်ဝန်ပိုးဖြစ်စေသော စည်းမျဉ်းများမှာ အသစ်ထည့်သွင်းထားခြင်းဖြစ်သည်။ ၂၀၁၄ ဥပဒေအောက်တွင် နိုင်ငံတကာအသင်းအဖွဲ့ များအနေဖြင့် နားလည်မှုစာချွန်လွှာမူကြမ်း သို့မဟုတ် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေသစ်တွင် လိုအပ် သော ထောက်ခံစာများအားလုံး တင်သွင်းရန်မလိုအပ်ပါ။ မြန်မာနိုင်ငံသားများ အသင်းဝင်အဖြစ် မဖြစ်မနေပါဝင် ရသည့် အမှုဆောင်ကော်မတီလည်း မလိုအပ်ပါ။

## 4.2. နိုင်ငံတကာစံနှုန်းများနှင့် နှိုင်းယှဉ်သုံးသပ်ခြင်း

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းအစီအစဉ်ကဲ့သို့ အသင်းအဖွဲ့များတရားဝင်အခြေအနေရရှိရန် ဆောင်ရွက်ရသည့် မည်သည့်လုပ်ထုံးလုပ်နည်းမဆို ရိုးရှင်းလွယ်ကူပြီး မှတ်ပုံတင်ကြေး နည်းနည်းသို့မဟုတ် လုံးဝမပေးရခြင်းမျိုးနှင့် မှတ်ပုံတင်ရန်အတည်ပြုချိန် အချိန်တိုတောင်းခြင်းမျိုးသာဖြစ်သင့်သည့်။ “ဝန်ပိစေသော၊ ရှည်လျားသော၊ အာဏာရှင်ဆန်သော၊ ဈေးကြီးသော မှတ်ပုံတင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ” သည် အသင်းအဖွဲ့များ၏ လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်အား ကျင့်သုံးနိုင်စွမ်းကို မသင့်လျော်စွာ ကန့်သတ်ထားသည်။[74]

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ မှတ်ပုံတင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များသည် နိုင်ငံတကာစံနှုန်းများ နှင့် မကိုက်ညီပါ။ မှတ်ပုံတင်ရာတွင် တင်သွင်းရမည့် စာရွက်စာတမ်းအချို့ဖြစ်သည့် ဆောင်ရွက်ရန်ရည်ရွယ်ထား သော လုပ်ငန်းစဉ်များကို ဖော်ပြရခြင်း သို့မဟုတ် သက်ဆိုင်ရာကဏ္ဍအစိုးရဌာနထံမှ ထောက်ခံချက်ရယူရခြင်း ကဲ့သို့သော လိုအပ်ချက်များမှာ မလိုအပ်ဘဲ ဝင်ရောက်စွက်ဖက်ခြင်းမျိုးဖြစ်ပြီး ရယူရန် ဝန်ထုပ်ဝန်ပိုးဖြစ်စေ သည်။ အထူးသဖြင့် ခရိုင်နှင့် မြို့နယ်အဆင့်တွင် မှတ်ပုံတင်ထားသော အဖွဲ့အစည်းငယ်များအတွက် အရင်က ပေးဆောင်ရန်မလိုအပ်ခဲ့သော မှတ်ပုံတင်ကြေးအသစ်မှာ ဝန်ထုပ်ဝန်ပိုးဖြစ်စေနိုင်သည်။

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေပါ သတ်မှတ်ကာလ များက နိုင်ငံတကာစံနှုန်းများ၏လိုအပ်ချက်အတိုင်း မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် “မြန်မြန်ဆန်ဆန်” ဖြစ်မည်ဟု မသေချာပါ။[75] အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေသည် လျှောက်လွှာများကို စိစစ်ဆုံးဖြတ်ရန် သတ်မှတ်ကာလတို ချမှတ်သင့်သည်။[76] ဆုံးဖြတ်ချက်တစ်ခု

[73] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၁၉ (က) နှင့် ၂၂ (ဃ)။

[74] လူ့အခွင့်အရေးကာကွယ်သူများဆိုင်ရာ အထူးကိုယ်စားလှယ်၏ ၂၀၀၉ အစီရင်ခံစာ၊ မှတ်စု ၃၄၊ အပိုဒ်။ ၇၀။

[75] *Ibid.*, အပိုဒ်-၁၁၀။

[76] စုဝေးခြင်းနှင့် အသင်းအဖွဲ့ဆိုင်ရာ အထူးကိုယ်စားလှယ်၏ ၂၀၁၂ အစီရင်ခံစာ၊ မှတ်စု ၁၇၊ အပိုဒ် ၆၀။

ဆိုင်းငံ့နေချိန်တွင် အသင်းအဖွဲ့များ၏ ရပ်တည်မှုအခြေအနေကို ရှင်းလင်းဖော်ပြသင့်ပြီး ကြားဖြတ်ကာလတွင် အသင်းအဖွဲ့များအနေဖြင့် လုပ်ငန်းများ စတင်နိုင်စေရန်လည်း ဆောင်ရွက်သင့်သည်။[77]

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၏ ယာယီသက်သေခံလက်မှတ် ထုတ်ပေးရန် သတ်မှတ်ရက် (၂၁ ရက်) မှာ မလျော်ကန်ဟု မဆိုနိုင်သော်လည်း အနည်းငယ်ရှည်လျားနေသေးသည်။ သို့ရာတွင် နောက်ဆုံးလက်မှတ် ထုတ်ပေးရန် သတ်မှတ်ရက်မရှိခြင်းက ဒုက္ခများစေသည်။ ယာယီသက်သေခံလက်မှတ်ဖြင့် လည်ပတ်နေသော အသင်းအဖွဲ့များအတွက် မှတ်ပုံတင်ခြင်းကို ငြင်းပယ်ခံရနိုင်သည့် ခြိမ်းခြောက်မှုရှိနေရာ ရေရှည်စီမံကိန်းအတွက် လျာထားချက်များ ကောင်းစွာမလုပ်နိုင်ခြင်းနှင့် ငြင်းပယ်ခံရနိုင်သည့်အန္တရာယ်ကို ရှောင်ရှားရန် ကိုယ်ပိုင်ဆင်ဆာ ဖြတ်တောက်ခြင်းများဘက် ဦးတည်သွားနိုင်သည့်ဒုက္ခဖြင့် ရင်ဆိုင်နေရသည်။ ယာယီသက်သေခံလက်မှတ် ရှိသော အသင်းအဖွဲ့များ၏ တိကျသောရပ်တည်မှုအခြေအနေအား အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေတွင် ရှင်းလင်းစွာဖော်ပြထားခြင်းမရှိပေ။ ဥပမာအားဖြင့် ဘဏ်များ သို့မဟုတ် အခြားအဖွဲ့အစည်းများမှ မှတ်ပုံတင် လက်မှတ်ပြသရန် တောင်းဆိုလာပါက ထိုအသင်းအဖွဲ့များအတွက် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စိန်ခေါ်မှုများကို ဖန်တီးနိုင်သည်။

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်း ရှင်းလင်းတိကျစွာ ဖော်ပြသင့်သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများဆိုင်ရာ အထူးကိုယ်စားလှယ်က မှတ်ချက်ပြုထား သည့်အတိုင်း မတိကျဝိုးတဝါးဖြစ်လွန်းသော ဥပဒေကို "မှတ်ပုံတင်အရာရှိများက အလွဲသုံးစားလုပ်ပြီး လိုသလို အဓိပ္ပာယ်ပြန်ဆိုခြင်းများ အလွယ်တကူလုပ်နိုင်စေသည်"။ မှတ်ပုံတင်ရေးအဖွဲ့များက မှတ်ပုံတင်လျှောက်လွှာ များကို စိစစ်မည့်ပုံစံ၊ သက်တမ်းတိုးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် မှတ်ပုံတင်ရေးအဖွဲ့များ၏ ဆုံးဖြတ်ခွင့် အတိုင်းအတာတို့အပါအဝင် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအောက်ရှိ မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်းများ၏ အစိတ်အပိုင်းများမှာ ရှင်းလင်းမှုမရှိချေ။

နိုင်ငံများအတွက် ပိုမိုကောင်းမွန်သောအလေ့အကျင့်မှာ သင့်လျော်သောစာရွက်စာတန်းများတင်သွင်းသည်နှင့် မှတ်ပုံတင်ခြင်းအား အလိုအလျောက်ခွင့်ပြုပေးသည့် ကြိုတင်သတိပေးချက် သို့မဟုတ် ခွင့်ပြုချက်စနစ်တစ်ခု ရှိရန်ဖြစ်သည်။[78] မှတ်ပုံတင်ခြင်းကို ငြင်းပယ်ရန် အာဏာပိုင်များက ဆုံးဖြတ်ပိုင်ခွင့်ရှိလျှင် ၎င်းသည် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် ကိုက်ညီသည့် အကန့်အသတ်၊ တိကျရှင်းလင်းစွာ ဖော်ပြထားသော ဥပဒေကြောင်းအရ ဖြစ်ရပါမည်။[79] မှတ်ပုံတင်ခြင်းကို ငြင်းပယ်ခြင်းဆိုသည်မှာ အစိုးရများက လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်း ခြင်းကို ကန့်သတ်သည့် "အပြင်းထန်ဆုံးသော အတိုင်းအတာ" ဖြစ်သည်၊ အထူးသဖြင့် မှတ်ပုံတင်ခြင်းမရှိဘဲ

[77] လူ့အခွင့်အရေးကာကွယ်သူများဆိုင်ရာ အထူးကိုယ်စားလှယ်၏ ၂၀၀၉ အစီရင်ခံစာ၊ မှတ်စု ၃၄၊ အပိုဒ် ၆၆။

[78] စုဝေးခြင်းနှင့် အသင်းအဖွဲ့ဆိုင်ရာ အထူးကိုယ်စားလှယ်၏ ၂၀၁၂ အစီရင်ခံစာ၊ မှတ်စု ၁၇၊ အပိုဒ် ၅၈။

[79] OSCE နှင့် Venice ကော်မရှင်၊ မှတ်စု ၃၃၊ အပိုဒ် ၁၅၄၊ အာဖရိကရှိ လွတ်လပ်စွာ အသင်းအဖွဲ့နှင့် စုဝေးခွင့်ဆိုင်ရာ လမ်းညွှန်ချက်များ၊ မှတ်စု ၁၄၊ အပိုဒ် ၁၃ နှင့် Inter-American Commission on Human Rights၊ အမေရိကရှိ လူ့အခွင့်အရေး ကာကွယ်သူများ၏ အခြေအနေဆိုင်ရာ ဒုတိယ အစီရင်ခံချက်၊ ၂၀၁၁ခုနှစ်၊ဒီဇင်ဘာ ၃၁၊ အပိုဒ် ၅၄၁ (၁၉) ၊ https://bit.ly/40FWCxT ။

လည်ပတ်သည့်အခါ မြန်မာနိုင်ငံတွင် ရာဇဝတ်ကြောင်းအရပြစ်ဒဏ်ပေးသည်အထိ ဖြစ်ပေါ်စေနိုင်သည်။ [80] ထို့ကြောင့် မှတ်ပုံတင်ချပေးရန် ငြင်းဆိုမှုများသည် လွတ်လပ်စွာ အသင်းအပင်းဆိုင်ရာ ကန့်သတ်ချက်များ အတွက် ကြောင်းကျိုးစစ်ဆေးမှုဆိုင်ရာ အဆင့်သုံးဆင့်နှင့်အညီ ဖြစ်ရမည်။

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေတွင် မှတ်ပုံတင်ပေးရန် ငြင်းဆိုမှုများကို အကန့်အသတ်ဖြင့်သာ ကျင့်သုံးပြီး ကြောင်းကျိုးစစ်ဆေးမှုဆိုင်ရာ အဆင့်သုံးဆင့်နှင့်အညီ ဖြစ်စေရန် လုံလောက်သော ထိန်းချုပ်မှုများ မပါဝင်ပါ။ မှတ်ပုံတင်ခြင်းအား ငြင်းပယ်ခြင်းအတွက် အသိသာဆုံး အကြောင်းပြချက်မှာ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး သို့မဟုတ် တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးကို ထိခိုက်နစ်နာစေခြင်း ဟူ၍ဖြစ်သည်။ ဤအကြောင်းပြချက်များအားလုံးသည် ကြောင်းကျိုး စစ်ဆေးမှုဆိုင်ရာ အဆင့်သုံးဆင့်အောက်တွင်ပါရှိသည့် တရားဝင်ရည်ရွယ်ချက်မျိုးမဟုတ်ပါ။ ဒါ့အပြင် အမှန်တကယ် လိုအပ်မှသာ သင့်မြတ်သလို ကျင့်သုံးနိုင်စေရန်အတွက်လည်း ပြဋ္ဌာန်းချက်ကို ရှင်းလင်းစွာ မသတ်မှတ်ထားပေ။ အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေတွင် မှတ်ပုံတင်ရေးအဖွဲ့များသည် မှတ်ပုံတင် ခြင်းအား ငြင်းဆိုရန် အခြားဆုံးဖြတ်ပိုင်ခွင့်များလည်းရှိသည် သို့မဟုတ် လိုအပ်သလို နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ထည့်သွင်းနိုင်သည်ဟု ဖော်ပြထားသည်။ ဤသို့ အနက်အဓိပ္ပာယ်ထွေပြားခြင်းသည် "ဥပဒေအရသတ်မှတ် ထားသော" ကြောင်းကျိုး စစ်ဆေးမှုဆိုင်ရာ အဆင့်သုံးဆင့်လိုအပ်ချက်ကို မပြည့်မီချေ။

မှတ်ပုံတင်ရေးအဖွဲ့များအား မှတ်ပုံတင်ခြင်းကို ငြင်းဆိုရန်ဆုံးဖြတ်ခွင့်ပြုသည့်လုပ်ထုံးလုပ်နည်းများကိုလည်း ရှင်းလင်းပြတ်သားစွာ ဖော်ပြသင့်သည်၊ မှတ်ပုံတင်ခြင်းကို ငြင်းဆိုသည့် မည်သည့်ဆုံးဖြတ်ချက်မျိုးကိုမဆို ကျိုးကြောင်းဆီလျော်သော စာဖြင့်ရှင်းပြခြင်းမျိုးလိုအပ်ပြီး “ထိရောက်ပြီး ချက်ခြင်း” အယူခံဝင်ရန်အတွက် အခွင့်အလမ်းများ ပေးအပ်သင့်သည်။[81] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေသည် လျှောက်လွှာများကို စိစစ်ဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်း၏ အရေးကြီးသောကဏ္ဍများကို ပြဋ္ဌာန်းချက်တွင် ချန်လှပ်ထားခဲ့ပြီး သက်ဆိုင်ရာဦးစီးဌာန၏ စိစစ်မှုလုပ်ငန်းစဉ်ကိုလည်း တိတိပပသတ်မှတ်ထားခြင်းမရှိချေ။ အယူခံဝင်ရန်အတွက် အခွင့်အရေးမပေးဘဲ တူညီသောမှတ်ပုံတင်ရေးအဖွဲ့နှင့် ပြန်လည်လျှောက်ထားရန် အခွင့်အရေးတစ်ခုသာ ပေးပြီး ယင်းအချိန်တွင်ဆုံးဖြတ်ချက်မှာ နောက်ဆုံးအတည်ဖြစ်သည်။ မှတ်ပုံတင်ခွင့် ငြင်းဆိုမှုအတွက် စာဖြင့်ရေးသား ထားသော အကြောင်းပြချက်ထုတ်ပြန်သည့်တစ်ချက်သာ အကောင်းဘက်တွင် ရှိသည်။ ထိုမှတစ်ပါး မှတ်ပုံတင်ခွင့်ပယ်ချခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတကာစံနှုန်းများနှင့် မကိုက်ညီပါ။

---

80 လူ့အခွင့်အရေးကာကွယ်သူများဆိုင်ရာ အထူးကိုယ်စားလှယ်၏ ၂၀၀၉ အစီရင်ခံစာ၊ မှတ်စု ၃၄၊ အပိုဒ် ၆၇။

81 Ibid., အပိုဒ် ၁၁၃။

နိုင်ငံတကာစံနှုန်းများအရ အသင်းအဖွဲ့တစ်ခုသည် တရားဝင်ရပ်တည်ခွင့်ရရှိပြီးသည်နှင့် ပုံမှန်သက်တမ်းတိုးရန် မလိုအပ်ပါ။[82] အဖွဲ့အစည်းများအနေဖြင့် အခါအားလျော်စွာ ပြန်လည်မှတ်ပုံတင်ရန် လိုအပ်ခြင်းက အသင်းအဖွဲ့ များမှတ်ပုံတင်ခြင်းကို အနှောင့်အယှက်ပေးရန် သို့မဟုတ် ငြင်းပယ်ရန်အတွက် အစိုးရအား ပုံမှန်အခွင့်အရေးများ ပေးနေသည်။ ၂၀၁၄ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ ၅ နှစ်အကြာတွင် လက်မှတ်ကို အသစ် အစားထိုးနိုင်ခွင့်ရှိပုံရသည်။ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၏ သက်တမ်းတိုးခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်းအရ ဆန့်ကျင်ဘက်အနေဖြင့် အသင်းအဖွဲ့များသည် တရားဝင်အနေအထားကို ဆုံးရှုံးနိုင်သည့် အန္တရာယ်နှင့် ငါးနှစ်တစ်ကြိမ် ရင်ဆိုင်ရမည်ဟုဆိုလိုသည်။ သက်တမ်းတိုးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ကောင်းကောင်းသတ်မှတ်ထားခြင်း မရှိခြင်းသည် ဤစည်းကမ်း၏ မရေရာမှုကို တိုးပွားစေသည်။

နောက်ဆုံးအနေဖြင့် နိုင်ငံတကာအသင်းအဖွဲ့များအပေါ် ချမှတ်ထားသည့် နောက်ထပ်စည်းမျဉ်းပြဋ္ဌာန်းချက် များမှာ တရားဥပဒေအရ ဘောင်မဝင်ပါ။ အသင်းအပင်းဖွဲ့စည်းခွင့်သည် နိုင်ငံသားများသာမက လူတိုင်းအတွက် ပါ အကျုံးဝင်ပြီး ခွဲခြားမှုမရှိဘဲအာမခံချက်ရှိသင့်သည်။[83] ထို့ကြောင့် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၏ အနိမ့်ဆုံး မြန်မာနိုင်ငံသားပါရှိမှု သတ်မှတ်ချက်များသည် ခွဲခြားဆက်ဆံခြင်းမရှိရန် သတ်မှတ်ချက်များကို ချိုးဖောက်ခြင်းဖြစ်နိုင်သည်။[84] မြန်မာနိုင်ငံတွင် နိုင်ငံသားဖြစ်ခွင့်သည် ဥပဒေနှင့် နိုင်ငံရေးအရ ရှုပ်ထွေးနေပြီး အချို့သော တိုင်းရင်းသားများကို နိုင်ငံသားဖြစ်ခွင့်မှ လုံးဝငြင်းပယ်ထားသည်။ ဤသတ်မှတ်ချက်များသည် ရိုဟင်ဂျာကဲ့သို့သော လူမျိုးစုများနှင့် ဆက်စပ်နေသော အသင်းအဖွဲ့များအတွက် အထူးသဖြင့် အန္တရာယ်ဖြစ်စေ နိုင်သည်။

နိုင်ငံတကာနှင့် ပြည်တွင်းအသင်းအဖွဲ့များအတွက် သီးခြား မှတ်ပုံတင်ခြင်းဆိုင်ရာ စည်းမျဉ်းများကို ဖန်တီးသည့် စနစ်များကိုဆန့်ကျင်ရန် နိုင်ငံတကာစံနှုန်းများက အကြံပြုထားသည်။[85] နိုင်ငံတကာအသင်းအဖွဲ့အဖြစ် မှတ်ပုံတင် ရာတွင် တင်သွင်းရမည့်သတ်မှတ်ချက်အများအပြား၊ အထူးသဖြင့် သက်ဆိုင်ရာအစိုးရထောက်ခံချက်များ စသည်တို့သည် နိုင်ငံတကာအသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းအတွက်အချိန်ကုန်ပြီး သိသိသာသာ ဝန်ပိစေသည်။

---

[82] Ibid., အပိုဒ် ၁၀၉၊ ဥရောပကောင်စီ၏ဝန်ကြီးများကော်မတီ၊ အကြံပြုချက် CM/Rec(2007)14 ဥရောပရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ တရားဝင်အခြေအနေ၊ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၁၀၊ အပိုဒ်၄၁၊ https://bit.ly/3HTBPyq နှင့် အာဖရိကရှိ လွတ်လပ်စွာ အသင်းအဖွဲ့နှင့် စုဝေးခွင့်ဆိုင်ရာ လမ်းညွှန်ချက်များ၊ မှတ်စု ၁၄၊ အပိုဒ်။ ၁၇။

[83] ICCPR၊ အပိုဒ် ၂(၁); နှင့် ICESCR၊ အပိုဒ် ၂(၂)။

[84] ဤပြဿနာကိုဆွေးနွေးရန်အတွက်၊ မြန်မာနိုင်ငံ၊ တရားဥပဒေနှင့် ဒီမိုကရေစီဗဟိုဌာန- Biometric ဒစ်ဂျစ်တယ် ID စနစ်များ၏ လူ့အခွင့်ရေး ခွဲခြမ်း စိတ်ဖြာခြင်း၊ ဒီဇင်ဘာ 2020၊ https://www.law-democracy.org/live/wp-content/uploads/2020/12/Digital-ID-Note.Nov20.final .pdf တွင်ကြည့်ပါ။

[85] လူ့အခွင့်အရေးကာကွယ်သူများဆိုင်ရာ အထူးကိုယ်စားလှယ်၏ ၂၀၀၉ အစီရင်ခံစာ၊ မှတ်စု ၃၄၊ အပိုဒ် ၁၂၆။

# 5. အရေးယူခြင်းနှင့် မှတ်ပုံတင်ဖျက်သိမ်းခြင်း

## 5.1. စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်အချို့ကို လိုက်နာရန် ပျက်ကွက်ပါက မှတ်ပုံတင်ရေးအဖွဲ့များက စီမံခန့်ခွဲရေးအမိန့်များ ထုတ်ပြန်နိုင်ခွင့်ရှိသည်။ ယင်းတို့တွင် သတိပေးချက်ထုတ်ပြန်ခြင်း၊ အသင်းအဖွဲ့၏ လုပ်ဆောင်ချက်များအပေါ် ယာယီကန့်သတ်ခြင်း၊ မှတ်ပုံတင်လက်မှတ်အား ယာယီဆိုင်းငံ့ခြင်း သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်းတို့ ပါဝင်နိုင်သည်။[86]

အသင်းအဖွဲ့များသည် နိုင်ငံတော်၏ ပြည်တွင်းရေး သို့မဟုတ် နိုင်ငံရေးကို ဝင်ရောက်စွက်ဖက်ပါက မှတ်ပုံတင်ရေးအဖွဲ့မှ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်မည်ဖြစ်သည်။[87] နိုင်ငံတကာအသင်းအဖွဲ့များအနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး သို့မဟုတ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေရန် ပူးပေါင်းကြံစည်မှုတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ခြင်းအတွက် အဖွဲ့အစည်းအား "ချက်ခြင်း ပျက်ပြယ်စေ" ရန် ပြည်ထောင်စု မှတ်ပုံတင်ရေးအဖွဲ့အား အခွင့်အာဏာပေးထားသည်။[88] အဖွဲ့အစည်းတစ်ခုသည် ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ကြောင်း တွေ့ရှိပါကလည်း မှတ်ပုံတင်ခြင်း ပျက်ပြယ်စေမည်ဖြစ်သည်။[89]

ထိုမှတစ်ပါး အသင်းအဖွဲ့တစ်ခုသည် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၂၈ တွင် ဖော်ပြထားသော တာဝန်များကို လိုက်နာရန်ပျက်ကွက်ပါက အသင်းအဖွဲ့မှတ်ပုံတင်ရေးအဖွဲ့က စီမံခန့်ခွဲရေးနည်းလမ်းအရ ပြစ်ဒဏ်အမျိုးမျိုး ချမှတ်နိုင်သည်။ ဤဥပဒေများနှင့်စပ်လျဉ်း၍ အသင်းအဖွဲ့များသည် အောက်ပါတို့ကို ရှောင်ရှားရန် လိုအပ်သည်-

- လက်မှတ်လျှောက်ထားရာတွင် အချက်အလက်များကို မှားယွင်းဖော်ပြခြင်း၊
- အစိုးရအဖွဲ့အစည်းများ၊ အခြားတရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းများနှင့် ဆင်တူသည့် ခေါင်းစဉ်များ၊ တံဆိပ်များ သို့မဟုတ် ဒီဇိုင်းများကို အသုံးပြုခြင်း သို့မဟုတ် အစိုးရဌာန အဖွဲ့အစည်းများ သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသည့် အသင်းအဖွဲ့များ၊ သို့မဟုတ် နိုင်ငံတော်တစ်ခုလုံး၊ တိုင်းရင်းသားလူမျိုးစု၊

[86] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၂၉။

[87] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၂၈ (ထ) နှင့် ၂၉ (ခ)။

[88] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၂၅။

[89] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၅၄။ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၏ ရရှိနိုင်သော ဘာသာပြန်ဆိုချက်များသည် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် မှတ်ပုံတင်ဘုတ်အဖွဲ့သည် လက်မှတ်ကို ပျက်ပြယ်စေသည်ဟု "ယူဆ" သို့မဟုတ် "မှတ်ယူသည်" ဟု ဖော်ပြထားသည်။ မှတ်ပုံတင်လက်မှတ်အလိုအလျောက် ပယ်ဖျက်ခြင်း သို့မဟုတ် မှတ်ပုံတင်ရေးအဖွဲ့မှ ၎င်းအား ပျက်ပြယ်စေရန် အရေးယူဆောင်ရွက်ရမည်ဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရပါ။

တိုင်းရင်းသားအားလုံး သို့မဟုတ် လုပ်ငန်းတစ်ခုအား ကိုယ်စားပြုသည့် အသင်းအဖွဲ့များနှင့် ဆင်တူယိုးမှားဖြစ်သော အမည်၊ တံဆိပ်၊ အမှတ်အသားပုံစံများကို အသုံးပြုခြင်း၊

- မှတ်ပုံတင်လက်မှတ်ကို ပြင်ဆင်ခြင်း သို့မဟုတ် အခြားအသင်းအဖွဲ့အား လွှဲပြောင်းခြင်း။
- အသင်းအဖွဲ့၏ ဖော်ပြပါ ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ခြင်း မရှိဘဲ မှတ်ပုံတင် လက်မှတ်ရယူထားခြင်း၊
- သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၏ ထောက်ခံချက်အရ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က ခွင့်ပြုထားသည့် ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များကို ကျော်လွန်ဆောင်ရွက်ခြင်း၊
- အသင်းအဖွဲ့၏ အမည်ကိုအသုံးပြု၍ အစိုးရဌာနအဖွဲ့အစည်း၏ လုပ်ငန်းတွင် ဝင်ရောက် စွက်ဖက်ခြင်း၊ သို့မဟုတ် ဝင်ရောက်စွက်ဖက်ခွင့်ရှိသူအဖြစ် အများပြည်သူအား လိမ်လည် လှည့်ဖြားခြင်း ၊
- နှစ်စဉ် ဘဏ္ဍာရေးအစီရင်ခံစာများနှင့် သုံးလပတ်လှုပ်ရှားမှုအစီရင်ခံစာများ တင်ပြရန် ပျက်ကွက်ခြင်း၊
- အသင်းအဖွဲ့ကိုစစ်ဆေးခြင်းနှင့် စုံစမ်းမေးမြန်းခြင်းများကို ခွင့်ပြုရန်ငြင်းဆိုခြင်း (အောက်တွင်ဆက် လက်ဖော်ပြထားသည့်အတိုင်း)၊
- ခွင့်ပြုစဉ်ကဖော်ပြခဲ့သည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်ကို ပြောင်းလဲဆောင်ရွက်လျှင်ဖြစ်စေ၊ တိုးချဲ့ ဆောင်ရွက်လျှင်ဖြစ်စေ၊ လိပ်စာပြောင်းလဲခြင်းကဲ့သို့သော အခြားသတ်မှတ်ထားသော လုပ်ငန်းဆောင် ရွက်မှုဆိုင်ရာ အပြောင်းအလဲများပြုလုပ်လျှင်ဖြစ်စေ ခွင့်ပြုချက်ကြိုတင်ရယူရန် ပျက်ကွက်ခြင်း၊
- ကြိုတင်ခွင့်ပြုချက်မရယူဘဲ သဘာဝဘေးသင့်ဒေသတွင် အရေးပေါ်အကူအညီပေးခြင်း သို့မဟုတ် ခရီးသွားလာမှုကန့်သတ်နယ်မြေတွင် လုပ်ငန်းများဆောင်ရွက်ခြင်း၊
- အကူအညီပေးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ထောက်ပံ့ခံရသည့်အဖွဲ့အစည်း၊ လူပုဂ္ဂိုလ် တို့အား ခွဲခြားမှုဖြစ်စေမည့်၊ အန္တရာယ်ဖြစ်စေမည့် သို့မဟုတ် ဥပဒေနှင့်မညီသည့် ဆောင်ရွက်ချက်များတွင် ပါဝင်ခြင်း
- အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့် လုပ်ထုံး လုပ်နည်းများကို လိုက်နာရန်ပျက်ကွက်ခြင်း။

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေတွင် အဆိုပါ ဒဏ်ခတ်အရေးယူမှုများ ချမှတ်ရာတွင် ကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ အသေးစိတ် မဖော်ပြထားပေ။ မှတ်ပုံတင်ရေးအဖွဲ့များသည် စီမံခန့်ခွဲရေး ဆိုင်ရာ အမိန့်များကို သင့်လျော်သလို ချမှတ်ပိုင်ခွင့်ရှိပုံရသည်။ မှတ်ပုံတင်ရေးအဖွဲ့သည် အသင်းအဖွဲ့တစ်ခု၏ မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ပါက၊ သတင်းပြန်ကြားချက်တစ်ခု ထုတ်ပြန်ပြီး အဖွဲ့အစည်းမှ သိမ်းဆည်းထားသော

ပိုင်ဆိုင်မှုများကို သတ်မှတ်ထားသော အစိုးရဌာနသို့ ပေးအပ်ရမည်ဖြစ်သည်။[90] ထိုမှတစ်ပါး စီမံခန့်ခွဲရေးအမိန့်ဖြင့် အရေးယူဆောင်ရွက်မှုများသည် အသင်းအဖွဲ့အပေါ် နောက်ထပ်ရှိလာနိုင်သည့် အရပ်ဘက် သို့မဟုတ် ရာဇဝတ်မှုဆိုင်ရာ အရေးယူမှုများကို တားမြစ်ထားခြင်းမျိုးမရှိသည်ကိုတွေ့ရသည်ကလွဲပြီး လမ်းညွှန်မှုမရှိသလောက် နည်းသည်။

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေတွင် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူမှုများကို အကန့်အသတ်ဖြင့်သာ အယူခံဝင်နိုင်သည်။ အသင်းအဖွဲ့များသည် စီမံခန့်ခွဲရေးအမိန့်အရသာ တစ်ဆင့်မြင့်မှတ်ပုံတင်ရေးအဖွဲ့ထံ အယူခံဝင်နိုင်သည်။ သို့မဟုတ် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က ဆုံးဖြတ်ချက်ချပါက ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တောင်းဆိုနိုင်သည်။ အယူခံကို ရက် ၆၀ အတွင်း တင်သွင်းရမည်ဖြစ်ပြီး ပြန်လည်သုံးသပ်ပြီး ချမှတ်သောအမိန့်သည် အပြီးအပြတ်ဖြစ်သည်။ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေတွင် အခြားပြင်ပ အယူခံဝင်မှုမျိုး ဖော်ပြထားခြင်းမရှိပါ။

## 5.2. ပြစ်ဒဏ်များ

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေသည် မှတ်ပုံတင်ရေးအဖွဲ့များမှ ချမှတ်ထားသော စီမံခန့်ခွဲရေးနည်းလမ်းအရ ဒဏ်ခတ်အရေးယူမှုများအပြင် ရာဇဝတ်မှုအသစ်များစွာကို ဖန်တီးထားသည်။ ၎င်းတို့ကို အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၏ သက်ဆိုင်ရာ ပုဒ်မနံပါတ်နှင့် ချမှတ်ရမည့် ပြစ်ဒဏ်များနှင့်အတူ အောက်ပါဇယားတွင် ဖော်ပြထားသည်-

| ပုဒ်မ. | ပြစ်မှု | ပြစ်ဒဏ် |
|---|---|---|
| ၃၃ | မှတ်ပုံတင်လက်မှတ်မရှိဘဲ အသင်းအဖွဲ့ ဖွဲ့စည်းလှုပ်ရှားခြင်း။[91] | (ကျပ်တစ်ဆယ်သိန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၄၇၀ ထက်မပိုသော) ငွေဒဏ် သို့မဟုတ် ထောင်ဒဏ် သုံးနှစ်။ |

[90] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၄၉ နှင့် ၅၁။ ပုဒ်မ ၅၁ ကို မြန်မာ့အလင်းဘာသာပြန်ဆိုမှုအရ ဤကိစ္စနှင့်ပတ်သက်ပြီး ရှင်းရှင်းလင်းလင်းမသိရသေးသော်လည်း လင်ကွန်းဘာသာပြန်ဆိုချက်အရ အဖွဲ့အစည်းအား ပြဋ္ဌာန်းချက် (က)-(ဂ) တွင်ဖော်ပြထားသည့်နည်းလမ်းအတိုင်း (ဆန္ဒအလျောက် သို့မဟုတ် တရားရုံး၏ အမိန့်ဖြင့်) အဖွဲ့အစည်းကို ဖျက်သိမ်းခြင်းမှအပ ပိုင်ဆိုင်မှုများအား အစိုးရအား ပေးအပ်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

[91] မှတ်စု ၂၆ တွင်ဖော်ပြထားသည့်အတိုင်း မြန်မာ့အလင်း အင်္ဂလိပ်ဗားရှင်းတွင် သိသိသာသာကွဲပြားသော စကားလုံးအသုံးအနှုန်းပါရှိကြောင်း အတိပေးချက်အား သတိပြုရန်၊

| | | |
|---|---|---|
| ၃၄ | မှတ်ပုံတင်လက်မှတ် သက်တမ်းကျော်လွန်၍ ဖြစ်စေ၊ မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ပြီးနောက်ဖြစ်စေ အသင်း အဖွဲ့ကို ဆက်လက်ရပ်တည်ခြင်း။ | (ကျပ်ငါးသိန်း သို့မဟုတ် အမေရိကန် ဒေါ်လာ ၂၃၅ ထက်မပိုသော ) ငွေဒဏ် သို့မဟုတ် ထောင်ဒဏ် နှစ်နှစ်။ |
| ၃၅ | မှတ်ပုံတင်လက်မှတ်မရှိသောအသင်းအဖွဲ့တွင် အသင်းဝင် အဖြစ်ပါဝင်ခြင်း၊ ဆောင်ရွက်ခြင်း၊ အားပေးကူညီခြင်း သို့မဟုတ် အသင်းဝင်အဖြစ်အယောင်ဆောင်ခြင်း။ | (ကျပ်ငါးသိန်း သို့မဟုတ် အမေရိကန် ဒေါ်လာ ၂၃၅ ထက်မပိုသော ) ငွေဒဏ် သို့မဟုတ် ထောင်ဒဏ် နှစ်နှစ်။ |
| ၃၆ | နိုင်ငံရေးပါတီတစ်ခုအတွက်သော်လည်းကောင်း၊ ကိုးကွယ် ရာ ဘာသာတစ်ခုအတွက်သော်လည်းကောင်း၊ အဖွဲ့ဝင် များ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်သည့် ကိစ္စရပ်များ သို့မဟုတ် လူမှုအကျိုးပြုလုပ်ငန်းများထက် ကျော်လွန်သည့် အကျိုးအမြတ်တစ်စုံတစ်ရာ အတွက် သော်လည်းကောင်း အသင်းအဖွဲ့၏အမည်ကို အသုံးပြု ခြင်း။ | ပြစ်မှုကျူးလွန်သော အသင်းအဖွဲ့၏ တာဝန်ရှိသူကို သုံးနှစ်အထိ ထောင် ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ် ရပ်လုံးဖြစ်စေ ချမှတ်နိုင်ခြင်း။ [92] |
| ၃၇ | ငွေကြေး၊ ပစ္စည်းသို့မဟုတ် အကူအညီတစ်ရပ်ရပ်ကို တရားမဝင်သောနည်းလမ်းဖြင့် ရယူခြင်း၊ လွှဲပြောင်းခြင်း၊ သုံးစွဲခြင်း၊ ထောက်ပံ့ခြင်း၊ ယင်းကဲ့သို့သောဆောင်ရွက် ချက်တစ်ရပ်ရပ်ကို ဖုံးကွယ်ခြင်း၊ သို့မဟုတ် ထိမ်ချန်ခြင်း။ | ပြစ်မှုကျူးလွန်သော အသင်းအဖွဲ့၏ တာဝန်ရှိသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ခြင်း။ |
| ၃၈ | နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်သည့် အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ မတရားအသင်းနှင့် ယင်းမတရားအသင်း၏အဖွဲ့ဝင်များတို့ ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း။ | ပြစ်မှုကျူးလွန်သော အသင်းအဖွဲ့၏ တာဝန်ရှိသူကို ငါးနှစ်အထိ ထောင် ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ် (အမေရိကန်ဒေါ်လာ ၂,၄၀၀) ထက်မပို သော ငွေဒဏ်ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည့်အပြင် ပြစ်မှု ကျူးလွန်သည့် အသင်းအဖွဲ့ကို ဖျက် သိမ်းခြင်းနှင့် အသင်းအဖွဲ့ပိုင် ငွေ ကြေးနှင့် ပစ္စည်းများအား နိုင်ငံတော် |

[92] မြန်မာ့အလင်းဘာသာပြန်တွင် ဤအတွက်နှင့်နောက်ထပ်ပြစ်မှုအတွက် ထောင်ဒဏ်နှစ်ကို ချန်လှပ်ထားသည်။ ထို့အပြင်၊ ဤပြစ်မှုနှင့် နောက်ဆက်တွဲဖြစ်ရပ်များအတွက် မြန်မာ့အလင်း၏ဘာသာပြန်ချက်သည် ပြစ်မှုကျူးလွန်ခဲ့သူအရာရှိဟု ဖော်ပြခြင်းထက် အသင်းအဖွဲ့၏ "အရာရှိ" ဟုသာဆိုသည်။ ဤအနှစ်ချုပ်သည် မြန်မာ့အလင်းဘာသာပြန်မှုတွင် ချန်လှပ်မှုတစ်ခုဖြစ်ကြောင်း လင်ကွန်းဘာသာပြန်ဆိုချက်တွင် ရေးဆွဲထားသည်။

| | | |
|---|---|---|
| | | ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းအမိန့်တို့ကို ချမှတ်ခြင်း။ |
| ၃၉ | နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့်တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်စေသည့် ဆောင်ရွက်မှုများ။ | ပြစ်မှုကျူးလွန်သော အသင်းအဖွဲ့၏ တာဝန်ရှိသူကို ငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ် (အမေရိကန်ဒေါ်လာ ၂,၄၀၀) ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် ပြစ်မှုကျူးလွန်သည့် အသင်းအဖွဲ့ကို ဖျက်သိမ်းခြင်းနှင့်အသင်းအဖွဲ့ပိုင်ငွေကြေးနှင့် ပစ္စည်းများအား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းအမိန့်တို့ကို ချမှတ်ခြင်း။ |

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေတွင် အသင်းအဖွဲ့၏တာဝန်ရှိသူများကို အဓိပ္ပာယ် သတ်မှတ်ထားရာတွင် ပြည်တွင်းအသင်းအဖွဲ့တွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် အမှုဆောင်အဖွဲ့ဝင်တို့ပါဝင်ပြီး အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့တစ်ခု၏ အကြီးအကဲ၊ တာဝန်ခံ သို့မဟုတ် အမှုဆောင်အဖွဲ့ဝင် သို့မဟုတ် အသင်းအဖွဲ့အတွက် တာဝန်ယူဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသော အခြားအသင်းဝင်တစ်ဦးဦး စသည်တို့ ပါဝင်သည်။ [93]

## 5.3. နိုင်ငံတကာစံနှုန်းများဖြင့် နှိုင်းယှဉ်သုံးသပ်ချက်

အသင်းအဖွဲ့များသည် စီမံခန့်ခွဲရေးဆိုင်ရာ စည်းမျဉ်းချိုးဖောက်မှုအသေးစားများကြောင့် ဖျက်သိမ်းခံရခြင်း သို့မဟုတ် တရားဝင်ရပ်တည်မှုအနေအထား ဆုံးရှုံးခြင်းတို့ကို ရင်ဆိုင်ရခြင်းမျိုးမဖြစ်သင့်ပေ။ အသင်းအဖွဲ့တစ်ခုအား ဆိုင်းငံ့ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေနှင့်အညီသာ ကျင့်သုံးသင့်ပြီး "နိုင်ငံတော်ဥပဒေအား ကြီးကြီးမားမားချိုးဖောက်မှု နောက်ဆက်တွဲ ထင်ရှားသောအန္တရာယ်များ" ရှိသည့်နေရာတွင်သာ ကျင့်သုံးသင့်သည်။[94] ထိုသို့သော အရေးယူမှုအား စီမံအုပ်ချုပ်ရေးအဖွဲ့မှမဟုတ်ဘဲ

[93] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၂(ဇ)။

[94] စုဝေးမှုနှင့် အသင်းအဖွဲ့ဆိုင်ရာ အထူးကိုယ်စားလှယ်၏ ၂၀၁၂ အစီရင်ခံစာ၊ မှတ်စု ၁၇၊ အပိုဒ် ၇၅။

ဘက်မလိုက်ဘဲ လွတ်လပ်သောတရားရုံးကသာ ချမှတ်သင့်သည်။ [95] အနည်းဆုံးအားဖြင့် မှတ်ပုံတင်ရေးအဖွဲ့သည် အသင်းအဖွဲ့တစ်ခုကို ဖျက်သိမ်းနိုင်စွမ်းရှိလျှင် ဤဆုံးဖြတ်ချက်သည် တရားစီရင်ရေးဆိုင်ရာ ပြန်လည်စိစစ်သုံးသပ်မှုအပေါ်တွင် လုပ်ဆောင်ရမည်ဖြစ်သည်။[96]

မြန်မာနိုင်ငံတွင် မဖြစ်မနေ မှတ်ပုံတင်ရမည်ဖြစ်သောကြောင့် မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်းသည် အသင်းအဖွဲ့ကို ဖျက်သိမ်းခြင်းနှင့် အတူတူပင်ဖြစ်သည်။ မှတ်ပုံတင်ရေးအဖွဲ့များသည် စီမံခန့်ခွဲရေးဆိုင်ရာ အမှားအယွင်းအသေးစားအချို့ကြောင့် သို့မဟုတ် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၏ လုပ်ထုံးလုပ်နည်းဆိုင်ရာပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းအပါအဝင် အများအားဖြင့်ဝိုးတဝါးနှင့် မပြည့်မစုံသတ်မှတ်ထားသော အကြောင်းပြချက်များစွာအတွက် မှတ်ပုံတင်လက်မှတ်များကို ပယ်ဖျက်နိုင်သည်။ မည်သည့်လုပ်ထုံးလုပ်နည်းကိုမျှ မသတ်မှတ်ထားသောကြောင့် အသင်းအဖွဲ့များသည် စွပ်စွဲချက်များကို ခုခံကာကွယ်ရန် အခွင့်အရေးပင်မရှိသည့်အပြင် တူညီသော သို့မဟုတ် အခြားသော မှတ်ပုံတင်ရေးအဖွဲ့ထံ အယူခံဝင်သည့် လုပ်ငန်းစဉ်အခွင့်အရေးကို အကန့်အသတ်ဖြင့်သာ ရရှိနိုင်သည်။ ဤအချက်များက လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်း ခြင်းဆိုင်ရာ နိုင်ငံတကာ စံနှုန်းများဖြင့် မကိုက်ညီပါ။

အသင်းအဖွဲ့များအား ကြိုတင်သတိပေးချက်ထုတ်ခြင်းနှင့် စည်းမျဉ်းချိုးဖောက်မှုကို ပြင်ဆင်ရန်အခွင့်အရေး ပေးပြီးနောက်မှသာ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်များကို ချမှတ်သင့်သည်ဟု နိုင်ငံတကာစံနှုန်းများတွင်လည်း ဖော်ပြထားသည်။ အရပ်ဘက်အဖွဲ့အစည်းများသည် တစ်ခါတစ်ရံတွင် အရွယ်အစားသေးငယ်ပြီး စေတနာ့ဝန်ထမ်းများသာ ခန့်ထားကြသည်။ မရည်ရွယ်ပါဘဲ စည်းမျဉ်းများလိုက်နာရန် ပျက်ကွက်မှုများ မလွဲမသွေဖြစ်ပေါ်နိုင်သည်။ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေသည် အသေးစား သို့မဟုတ် မရည်ရွယ်ဘဲ စည်းမျဉ်းချိုးဖောက်မှုများကို ပြင်ဆင်ရန် လုံလောက်သော အခွင့်အလမ်းမပေးပါ။ မှတ်ပုံတင်ရေးအဖွဲ့များသည် စည်းကမ်းမလိုက်နာမှုများကို ပြုပြင်ရန် အခွင့်အရေးတစ်ခုအဖြစ် သတိပေးချက်ကို ထုတ်ပြန်နိုင်သော်လည်း ပိုမိုပြင်းထန်သောပြစ်ဒဏ်မချမှတ်မီမျိုးတွင် သတိပေးချက် မဖြစ်မနေထုတ်ပြန်ရန် မလိုအပ်ပါ။

အသင်းအဖွဲ့ဥပဒေတစ်ရပ်ပါ စည်းမျဉ်းများကိုလိုက်နာရန်ပျက်ကွက်မှုအတွက် ရာဇဝတ်ကြောင်းအရ ပြစ်ဒဏ်ချမှတ်ခြင်းမျိုး မပြုသင့်ပါ။ [97] လိမ်လည်မှု သို့မဟုတ် ငွေကြေးခဝါချမှုစသည့် ရာဇဝတ်မှုများ ကဲ့သို့သော ကြီးလေးသောအကျင့်ပျက်မှုကို အခြားဥပဒေများဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်သည်။ ငွေကိုတရားမဝင်နည်းလမ်းဖြင့် အသုံးပြုခြင်းကဲ့သို့သော အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေပါ ရာဇဝတ်မှုပြစ်ဒဏ်အချို့သည် ရှိပြီးသားရာဇဝတ်မှုများကို ပွားများသွားစေသည်။ ပြစ်မှုများထပ်နေခြင်းသည် ရာဇဝတ်ဥပဒေ၏ အခြေခံမူများအရ ကောင်းမွန်သော အလေ့အထမဟုတ်သည့်အပြင် ယင်းကိစ္စတွင် လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်ကို ကျင့်သုံးနေသူများအတွက် လွန်ကဲတဲ့ ရာဇဝတ်မှုများချမှတ်ရာရောက်သည်။ မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း

---

[95] Ibid., အပိုဒ် ၁၀၀ နှင့် အာဖရိကရှိ လွတ်လပ်စွာ အသင်းအဖွဲ့နှင့် စုဝေးခွင့်ဆိုင်ရာ လမ်းညွှန်ချက်များ၊ မှတ်စု ၁၄၊ အပိုဒ် ၅၈။

[96] ကုလသမဂ္ဂ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများဆိုင်ရာ အထူးကိုယ်စားလှယ်၏ အစီရင်ခံစာ၊ ၂၀၀၉ ခုနှစ် ဩဂုတ်လ ၄ ရက်၊ ၈၄ နှင့် ၁၁၄၊ undocs.org/A/64/226; အမေရိကန်ကြား လူ့အခွင့်အရေးကော်မရှင်၊ မှတ်စု ၈၁၊ အပိုဒ် ၅၄၁(၂၀)။

[97] *Ibid.*, ပုဒ်မ ၁၁၈။

သို့မဟုတ် မှတ်ပုံတင်ရန်ကာလ ကျော်လွန်လုပ်ဆောင်ခြင်းအတွက် ပြစ်ဒဏ်အဖြစ် ထောင်ဒဏ်ချမှတ်ခြင်းသည် အထက်ဖော်ပြပါ မဖြစ်မနေ မှတ်ပုံတင်ခြင်းကဏ္ဍတွင် ဆွေးနွေးထားသည့်အတိုင်း လုံးဝအချိုးမညီသော ပြစ်ဒဏ်ဖြစ်ပြီး လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်းခွင့်ကို ပြင်းထန်စွာ ချိုးဖောက်ခြင်းလည်း ဖြစ်သည်။

အသင်းအဖွဲ့များတွင်သာမက အသင်းအဖွဲ့များမှ အရာရှိများ သို့မဟုတ် အသင်းဝင်များအပေါ် ပြစ်မှုပြစ်ဒဏ်များ ချမှတ်ခြင်းသည်လည်း စိုးရိမ်မှုတိုးပွားစေသည်။ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေများသည် ယေဘုယျအားဖြင့် ဝန်ထမ်းတစ်ဦးချင်း သို့မဟုတ် အဖွဲ့ဝင်များအား အဖွဲ့အစည်း၏လုပ်ရပ်များအတွက် တာဝန်ယူမှုမှ အကာအကွယ်ပေးသင့်သည်။ လူတစ်ဦးချင်းစီသည် ၎င်းတို့၏ကိုယ်ပိုင်လုပ်ရပ်များအတွက် ရာဇဝတ်ကြောင်းအရ တာဝန်ယူရင်ဆိုင်ရမည်ဖြစ်သော်လည်း နောက်ဆုံးအပိုဒ်တွင် ဖော်ပြထားသည့်အတိုင်း၊ ထိုအရာများတွင် အသင်းအဖွဲ့ဆိုင်ရာရာဇဝတ်မှုများ မပါဝင်သင့်ပါ။ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအရ မှတ်ပုံမတင်ထားသောအသင်းအဖွဲ့တွင် အသင်းဝင်ဖြစ်ရုံမျှဖြင့် စာရင်းသွင်းရန်ပျက်ကွက်မှုအတွက် တိုက်ရိုက် တာဝန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သို့မဟုတ် မှတ်ပုံမတင်ထားသည့် အနေအထားကိုပင် သိရှိထားခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အသင်းဝင်အား အသင်းအဖွဲ့ရာဇဝတ်မှုနှင့်စွဲချက်တင်နိုင်သည်။ အသင်းအဖွဲ့အရာရှိများအတွက် သီးသန့်ရာဇဝတ်ပြစ်ဒဏ်များလည်း ချမှတ်အတည်ပြုထားသည်။[98] ထိုကဲ့သို့ တစ်ဦးချင်း ပြစ်ဒဏ်ချခံရနိုင်မှု အန္တရာယ်က အများပြည်သူအား အသင်းအဖွဲ့များတွင် ပါဝင်ခြင်း သို့မဟုတ် အလုပ်လုပ်ခြင်းမှ သိသိသာသာ ဟန့်တားနိုင်သည်။

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအောက်တွင်ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုများနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြဿနာများအပြင် ဥပဒေပါအခြေခံအချက်များသည် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်း သို့မဟုတ် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ ကန့်သတ်ချက်များအတွက် ကြောင်းကျိုးစစ်ဆေးမှု သုံးရပ်နှင့် မကိုက်ညီပါ။ ဥပမာအားဖြင့်၊ အသင်းအဖွဲ့များအတွက် ချမှတ်ထားသော တာဝန်အများအပြားကို ဝေဝါးသော စကားရပ်များဖြင့်သာ ဖော်ပြထားပြီး "ဥပဒေအရ သတ်မှတ်ထားသော" စည်းကမ်းအဖြစ် ပြည့်မီရန် မလုံလောက်ပါ။ ရာဇဝတ်မှုဆိုင်ရာ တားမြစ်ချက်များတွင် လုံလောက်သော၊ တိကျသော ရည်ရွယ်ချက် သတ်မှတ်ချက်များမရှိပါ သို့မဟုတ် တားမြစ်ထားသောလုပ်ရပ်များကို အတိအကျ မဖော်ပြထားပါ။ တားမြစ်ချက်အားလုံး၏ ပြဿနာရင်းမြစ်များကို ဆွေးနွေးခြင်းမပြုလျှင်ပင် အောက်ပါတို့သည် အထူးသတိပြုစရာဖြစ်သည်။

- တရားမဝင်အသင်းများနှင့် လက်နက်ကိုင်အဖွဲ့များကို သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် ပံ့ပိုးပေးခြင်းသည်လျှင် ရာဇဝတ်မှုမြောက်သည်။ ဤပြဋ္ဌာန်းချက်သည် လက်နက်ကိုင်အဖွဲ့များ တည်ရှိသည့်ဒေသများတွင် အကူအညီပေးရေးဆောင်ရွက်နေသည့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အသင်းအဖွဲ့များ၏လုပ်ငန်းကို ရာဇဝတ်မှုကျူးလွန်ခြင်းအဖြစ် သတ်မှတ်ခံရမည့်အန္တရာယ် ဖြစ်စေသည်။ သုတေသန သို့မဟုတ် ငြိမ်းချမ်းရေးဖော်ဆောင်မှုမြင့်တင်သည့် အသင်းအဖွဲ့များ သို့မဟုတ်

[98] *မှတ်စု ၉၅ တွင်ကြည့်ပါ။*

အတိုက်အခံအဖွဲ့များ သို့မဟုတ် စစ်တပ်မှ တရားမဝင်ဟုကြေညာထားသော အဖွဲ့အစည်း များနှင့် အဆက်အသွယ်ရှိသည့် အသင်းအဖွဲ့များအတွက်လည်း ပြဿနာဖြစ်စေနိုင်သည်။

- နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောအားဖြင့် ထိခိုက်နစ်နာစေသည့် အကြောင်းပြချက်ဖြင့် ချမှတ်သောပြစ်မှုများသည် အတော့်ကိုတိကျမှုမရှိလှပါ။ နိုင်ငံများသည် အမျိုးသားလုံခြုံရေးကိုအခြေခံ၍ လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းနှင့်ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်နိုင်သော်လည်း၊ ကြောင်းကျိုးစစ်ဆေးမှု အပိုင်းသုံးပိုင်းအရ "လိုအပ်ချက်" နှင့်ကိုက်ညီရန်မှာ လုပ်ဆောင်ချက်နှင့် သတ်မှတ်ထားသောအမျိုးသားလုံခြုံရေးထိခိုက်မှုကြားတွင် တိုက်ရိုက်ဆက်စပ်ပတ်သက်မှု လုံလုံလောက်လောက် ရှိရပါမည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် ဤအခွင့်အရေးများကို ကန့်သတ်ရန် တရားဝင်သော ရည်ရွယ်ချက်မျိုးမဟုတ်ပေ။
- (“လူမှုရေးလုပ်ငန်း” ဟု ယူဆမထားသော) နိုင်ငံရေး၊ ဘာသာရေးနှင့် စီးပွားရေးလုပ်ငန်းများအတွက် အဖွဲ့အစည်း၏အမည်ကို အသုံးပြုခြင်း၊ ပြစ်မှုဆိုင်ရာ တားမြစ်ချက် အစိုးရရေးရာများတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ သို့မဟုတ် နိုင်ငံရေးတွင် ပါဝင်ပတ်သက်ခြင်းဆိုင်ရာ စီမံခန့်ခွဲရေးဆိုင်ရာ ပိတ်ဆို့အရေးယူမှုများ စသည်တို့သည် ပြည်သူ့ရေးရာကိစ္စရပ်များတွင်ပါဝင်ခွင့်နှင့် ပြည်သူအတွက် အရေးကြီးသောကိစ္စများတွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် အသင်းအဖွဲ့ဖွဲ့စည်းနိုင်ခွင့်အပေါ် တရားမဝင် ကန့်သတ်ချက်များ ဖြစ်သည်
- ထိခိုက်နစ်နာစေမှုအတွက် စီမံခန့်ခွဲရေးနည်းအရလည်း ပြစ်ဒဏ်ချမှတ်နိုင်သည်။ ဤအယူအဆသည် ကြောင်းကျိုးစစ်ဆေးမှု အပိုင်းသုံးပိုင်းအား ချိုးဖောက်သည့်ပုံစံမျိုး မသက်ရောက်စေရန်မှာမူ အလွန်မရေရာလှပါ။

# 6. ပြဋ္ဌာန်းချက်များ၊ ကြီးကြပ်ရေးနှင့် စစ်ဆေးရေးအာဏာများကို အစီအရင်ခံတင်ပြခြင်း

## 6.1. အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ

အသင်းအဖွဲ့များသည် မှတ်ပုံတင်ပြီးသည်နှင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အစီရင်ခံစာကို သက်ဆိုင်ရာမြို့နယ်ထွေအုပ်သို့ သုံးလလျှင်တစ်ကြိမ် တင်ပြရမည်ဖြစ်သည်။ [99] ဤအစီရင်ခံစာများတွင် မည်သည့်အကြောင်းအရာများ ထည့်သွင်းသင့်သည်ကို အသေးစိတ်ဖော်ပြထားခြင်းမရှိပေ။ ယင်းလိုအပ်ချက်ဟုဆိုရာတွင်

[99] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၂၈ (ဌ)။

နိုင်ငံတကာအသင်းအဖွဲ့များနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လည်ပတ်နေသောအသင်းအဖွဲ့များပင်လျှင် ၎င်းတို့ လုပ်ငန်းလည်ပတ်နေသော မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း ၃၃၀ မြို့နယ်စလုံးတွင် မြို့နယ်အဆင့် အစီရင်ခံစာများကို တင်သွင်းရန် လိုအပ်ပုံပေါ်သော်လည်း သက်ဆိုင်ရာ မြို့နယ်ဟုဆိုရာတွင် မည်သို့ဖွဲ့စည်းပါဝင်သည်ကို ရှင်းရှင်းလင်းလင်း မဖော်ပြထားပေ။[100]

မှတ်ပုံတင်ထားသော အသင်းအဖွဲ့များသည် နှစ်စဉ်ဘဏ္ဍာရေး အစီရင်ခံစာကို တင်သွင်းရမည်။ ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ် သို့မဟုတ် နေပြည်တော်မှတ်ပုံတင်ရေးအဖွဲ့များတွင် မှတ်ပုံတင်ထားသူများအတွက်၊ ဤအစီရင်ခံစာကို လက်မှတ်ရစာရင်းကိုင်တစ်ဦးမှ ပြန်လည်သုံးသပ်ရမည်။ ဒေသအဆင့်အသင်းအဖွဲ့များသည် အစီရင်ခံစာကို ပြန်လည်သုံးသပ်သည့် စာရင်းကိုင် သို့မဟုတ် အမှုဆောင်ကော်မတီ၏ စာရင်းစစ်အဖွဲ့ရှိရန်သာ လိုအပ်သည်။ အသင်းအဖွဲ့မှတ်ပုံတင်ရန် ထောက်ခံထားသည့် သက်ဆိုင်ရာကဏ္ဍ အစိုးရဌာနများသို့လည်း ဤအစီရင်ခံစာ၏မိတ္တူများကို ပေးပို့ရမည်ဖြစ်သည်။[101]

ပုံမှန်အစီရင်ခံခြင်းဆိုင်ရာစည်းကမ်းများအပြင် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေသည် မှတ်ပုံတင်ထားသော အသင်းအဖွဲ့များကို ဆက်လက်ထိန်းချုပ်ကြီးကြပ်မှုကိုလည်း လုပ်ဆောင်သည်။ မှတ်ပုံတင်ရေးအဖွဲ့များသည် အသင်းအဖွဲ့များ၏ မှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်းတို့တွင် စစ်ဆေးဆောင်ရွက်ရန် သက်ဆိုင်ရာ ဦးစီးဌာနတစ်ခုအား တာဝန်ပေးအပ်ခြင်းအပြင် အဖွဲ့အစည်းနှင့်ပတ်သက်သည့် တိုင်ကြားချက်များကို စိစစ်သုံးသပ်ခြင်းမျိုးလည်းဆောင်ရွက်သည်။ [102] မှတ်ပုံတင်ခြင်းကဏ္ဍတွင် တင်ပြထားသည့်အတိုင်း သက်ဆိုင်ရာ ဦးစီးဌာနဟုဆိုရာတွင် ထွေအုပ်၊ ထောက်ခံပေးသည့် သက်ဆိုင်ရာကဏ္ဍအလိုက် ဦးစီးဌာန သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုမည်သူမည်ဝါဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းမသိရပေ။ တိုင်ကြားစာသည် တရားမျှတသည်ဟု ယူဆပါက တာဝန်ပေးအပ်ခံထားရသော အစိုးရဌာနမှ မှတ်ပုံတင်ရေးအဖွဲ့သို့ တိုင်ကြားနိုင်ပြီး၊ ထို့နောက် အခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်း သို့မဟုတ် စီမံခန့်ခွဲရေးနည်းအရ အရေးယူဆောင်ရွက်နိုင်သည်။ တိုင်ကြားချက်သည် မမှန်ကန်ကြောင်း တွေ့ရှိပါက တိုင်ကြားချက်မှတ်တမ်းကို သိမ်းဆည်းထားပြီး မှတ်ပုံတင်ရေးအဖွဲ့သို့ ပြန်လည်တင်ပြရသည်။[103]

မှတ်ပုံတင်လက်မှတ်လျှောက်ထားစဉ်က ထောက်ခံချက်ပေးထားသည့် အစိုးရဌာနအဖွဲ့အစည်း သို့မဟုတ် နားလည်မှုစာချွန်လွှာရေးထိုးထားသည့် အစိုးရဌာနအဖွဲ့အစည်းသည် အဖွဲ့အစည်းတစ်ခုတည်း ဖြစ်နိုင်သော်လည်း ယင်းအချက်မှာ ရှင်းရှင်းလင်းလင်းမရှိလှပါ။ ယင်းအစိုးရဌာနအဖွဲ့အစည်းသည် သက်ဆိုင်ရာအသင်းအဖွဲ့က စည်းကမ်းလိုက်နာမှုမရှိကြောင်း စိစစ်တွေ့ရှိရပါကသက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့ထံ တင်ပြရမည်

[100] မြန်မာသတင်းအချက်အလက်စီမံခန့်ခွဲမှုယူနစ်၊ MIMU မြို့နယ်ကိုယ်ရေးအကျဉ်းများ၊ https://bit.ly/3IaorqW

[101] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၂၈ (ဆ)။

[102] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၄၄။

[103] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၄၄-၄၅။

ဖြစ်သည်။ [104] ထိုအခါ အသင်းအဖွဲ့၏ လုပ်ငန်းဆောင်တာများကို မှတ်ပုံတင်ရေးအဖွဲ့မှ ပြန်လည်စိစစ်ပြီး စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူဆောင်ရွက်ရန် သင့်လျော်မှုရှိမရှိ အဆုံးအဖြတ်ပေးသည့် လုပ်ငန်းစဉ်ကို စတင်သည်။ အသင်းအဖွဲ့၏ လုပ်ဆောင်ချက်များသည် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရပါက မှတ်ပုံတင်ရေးအဖွဲ့သည် သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။[105]

အဆိုပါပြန်လည်စိစစ်ခြင်း လုပ်ငန်းစဉ်နှစ်ခုလုံးကို အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေတွင် ရှင်းရှင်းလင်းလင်း မဖော်ပြထားဘဲ ဤလုပ်ငန်းစဉ်နှစ်ခုမှာ သပ်သပ်စီကွဲပြားနေသည်၊ မနေသည်ကိုပင် သေချာမသိရပါ။ အဆုံးစွန်အားဖြင့် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေသည် မှတ်ပုံတင်ရေးအဖွဲ့၊ သက်ဆိုင်ရာကဏ္ဍ အစိုးရဌာနအဖွဲ့အစည်းနှင့် (တခြားဖြစ်နိုင်ချေအနေဖြင့်) ထွေအုပ် သို့မဟုတ် အခြားတာဝန်ပေးထားသည့် ဌာနများထံ ကြီးကြပ်ရေးတာဝန်ကို အပ်နှင်းထားသည်ဟု ယူဆရသည်။

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ ဤအဖွဲ့အစည်းများအား ပေးအပ်ထားသော လုပ်ပိုင်ခွင့်များမှာ ထင်ရှားပါသည်။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့ကဖြစ်စေ၊ ယင်း၏တာဝန်ပေးအပ်ချက်အရ ဆောင်ရွက်ရသည့် အစိုးရဌာနအဖွဲ့အစည်းကဖြစ်စေ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကဖြစ်စေ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် အသင်းအဖွဲ့ကို စစ်ဆေးခြင်း၊ စာတမ်းအမှတ်အသားများတောင်းယူကြည့်ရှုခြင်း သို့မဟုတ် စုံစမ်းမေးမြန်းခြင်းများ ပြုလုပ်နိုင်သည်။ ယင်းသို့စစ်ဆေးခြင်းကို ခွင့်မပြုသော အသင်းအဖွဲ့များသည် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူမှုများနှင့် ရင်ဆိုင်ရနိုင်သည်။ [106] ဤစစ်ဆေးရေးအာဏာများသည် တိကျသော စီမံခန့်ခွဲရေး လုပ်ငန်းစဉ်တစ်ခုနှင့် ချိတ်ဆက်ဆောင်ရွက်ရခြင်းမျိုးရှိရမည့်အစား ယေဘုယျအားဖြင့် ဤအတိုင်းသာရှိနေပုံရသည်။

အသင်းအဖွဲ့များသည် အခြေခံလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဆုံးဖြတ်ချက်များစွာအတွက် ခွင့်ပြုချက်ရယူရမည်ဖြစ်သည်။ မှတ်ပုံတင်ထားသော အသင်းအဖွဲ့တစ်ခု ဖျက်သိမ်းခြင်း၊ အသင်းအဖွဲ့၏အမည် သို့မဟုတ် လိပ်စာကို ပြောင်းလဲခြင်း၊ မြန်မာနိုင်ငံအတွင်း ရုံးခွဲဖွင့်လှစ်ခြင်း သို့မဟုတ် အလုပ်အမှုဆောင် အဖွဲ့ဝင် အပြောင်းအလဲရှိပါက သဘောတူဆုံးဖြတ်ချက်ချပြီး ခုနစ်ရက်အတွင်း သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူရမည်ဖြစ်သည်။ [107] ဤအပြောင်းအလဲကို ခွင့်ပြုပေးရန် မှတ်ပုံတင်ရေးအဖွဲ့အတွက် လုပ်ထုံးလုပ်နည်းများ မသတ်မှတ်ထားဘဲ မှတ်ပုံတင်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်ခွင့် ပေးထားပုံရသည်။ အသင်းအဖွဲ့များသည် ၎င်းတို့၏ ရည်ရွယ်ချက်များ သို့မဟုတ် လုပ်ငန်းစဉ်များကို ပြောင်းလဲရန် အလားတူ အတည်ပြုချက် ရယူရမည်ဖြစ်ပြီး၊ ဤအလွန်အကျူး ဝင်ရောက်စွက်ဖက်မှုမျိုးနှင့် စပ်လျဉ်းသည့် ဆန်းစစ်ချက်ကို အခန်း ၇ တွင် အသေးစိတ် ဆွေးနွေးတင်ပြထားသည်။

---

[104] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၅၀။

[105] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၃၂။

[106] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၂၈ (ဇ) နှင့် ၄၆။

[107] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၂၈ (ည) ။

## 6.2. နိုင်ငံတကာစံနှုန်းများနှင့် နှိုင်းယှဉ်သုံးသပ်ချက်

နိုင်ငံများသည် အသင်းအဖွဲ့များ၏ လုပ်ငန်းကို "အဟန့်အတားဖြစ်စေသည့်" "ကြီးလေးခက်ခဲပြီး မကြာခဏဆိုသလိုဆောင်ရွက်ရသည့် ဗျူရိုကရေစီဆန်သော အစီရင်ခံခြင်းဆိုင်ရာစည်းမျဉ်းများ" ကို ရှောင်ကြဉ်သင့်သည်။[108] အစီရင်ခံခြင်းနှင့် စာရင်းစစ်ခြင်းဆိုင်ရာ လိုအပ်ချက်များသည် အဖွဲ့အစည်းများ၏ လုပ်ဆောင်နိုင်စွမ်းနှင့် ၎င်းတို့၏ လုပ်ငန်းဆောင်တာများ ဆောင်ရွက်နိုင်စွမ်းကို နှောင့်နှေးစေသော ဝန်ထုပ်ဝန်ပိုးမဖြစ်သင့်ပါ။

ဆန့်ကျင်ဘက်အားဖြင့် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ သုံးလတစ်ကြိမ် လုပ်ငန်းအစီရင်ခံစာများတင်ပြရန်လိုအပ်သည်။ ယင်းမှာ မလိုအပ်ဘဲ အကြိမ်အရေအတွက် ခဏခဏ လုပ်နေရခြင်းမျိုးဖြစ်ပြီး တရားဝင်စည်းမျဉ်းစည်းကမ်းအရ လိုအပ်အသုံးတည့်ခြင်းမျိုးလည်းမရှိပါ။ မှတ်ပုံတင်ရေးအဖွဲ့အစား မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးထံ တင်ပြရမည်ဟူသောအချက်က မလိုလားအပ်သော ရှုပ်ထွေးမှုများဖြစ်စေသည်။ အစီရင်ခံစာတင်သွင်းခြင်းကို အစိုးရအဖွဲ့အစည်းအများအပြားထံ အစီရင်ခံရန်လည်း မလိုအပ်သင့်ပါ။[109]

နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းများ တင်သွင်းရန် လိုအပ်ချက်သည် လူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီနိုင်သော်လည်း တရားဝင်အသိအမှတ်ပြု စာရင်းကိုင်တစ်ဦးမှ အပြည့်အဝစာရင်းစစ်ရန် လိုအပ်ချက်သည် အဖွဲ့အစည်းငယ်များ လုပ်ငန်းဆောင်ရွက်ရန် တားမြစ်နေသယောင်ဖြစ်ပြီး ခက်ခဲနိုင်ချေရှိသည်။ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေသည် အသင်းအဖွဲ့အသေးစားများစွာ အကျုံးဝင်သည့် ခရိုင်နှင့် မြို့နယ်အဆင့်တွင် မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များအတွက် ပိုမိုဖြေလျှော့ပေးသည့် စည်းမျဉ်းများရှိသော်လည်း အခြားမှတ်ပုံတင်ရေးအဖွဲ့များတွင် မှတ်ပုံတင်ထားသူများသည် ယင်းလိုအပ်ချက်ကြောင့် ရုန်းကန်နေရဆဲဖြစ်သည်။ ဖြစ်နိုင်လျှင် ထိုကဲ့သို့စာရင်းစစ်အပြည့်အဝဝင်ခြင်းကို အရွယ်အစားရှိသော အသင်းအဖွဲ့များအတွက်သာ ချမှတ်သင့်သည်။

အာဏာပိုင်များသည် တိကျသော အကြောင်းပြချက်မရှိဘဲ အသင်းအဖွဲ့များကို ကျယ်ကျယ်ပြန့်ပြန့် ထိန်းချုပ်စောင့်ကြည့်ခြင်းမပြုသင့်ပါ။ အသင်းအဖွဲ့များ၏ လှုပ်ရှားမှုများကိုစောင့်ကြည့်ရန် ဆုံးဖြတ်ချက်သည် "နိုင်ငံတော်အား ခြိမ်းခြောက်နေသည်ဟု ထင်မြင်ယူဆဖွယ်ရှိသည့် လုပ်ငန်းစဉ်များတွင် ဆက်လက်ရပ်တည်ပါဝင်နေသည့် အသင်းအဖွဲ့များအတွက် ကြီးမားသော အန္တရာယ်ဖြစ်စေသည်"။[110]

အသင်းအဖွဲ့များအပေါ် တိုင်ကြားချက်များကို ဖြေရှင်းရန်အတွက် အသင်းအဖွဲ့မှတ်ပုံတင်ရေးဆိုင်ရာဥပဒေပါ မရေရာသော လုပ်ထုံးလုပ်နည်းများ နှင့် အသင်းအဖွဲ့အပေါ်အထွေထွေပြန်လည်စိစစ်ခြင်း နှစ်ခုစလုံးသည် လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခြင်းကို သိသိသာသာ ကန့်သတ်ထားသည်။ လုပ်ထုံးလုပ်နည်း နှစ်ခုစလုံးတွင်

108 စုဝေးခြင်းနှင့် အသင်းအဖွဲ့ဖွဲ့စည်းခြင်းဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် အစီရင်ခံစာ၊ ၂၀၁၃ ခုနှစ် ဧပြီလ ၂၄ ရက်၊ အပိုဒ် ၃၈၊ undocs.org/A/HRC/23/39။

109 အာဖရိကရှိ လွတ်လပ်စွာ အသင်းအဖွဲ့နှင့် စုဝေးခွင့်ဆိုင်ရာ လမ်းညွှန်ချက်များ၊ မှတ်စု ၁၄၊ အပိုဒ် ၃၆(က)။

110 စုဝေးမှုနှင့် အသင်းအဖွဲ့ဆိုင်ရာ အထူးကိုယ်စားလှယ်၏ ၂၀၁၄ အစီရင်ခံစာ၊ မှတ်စု ၃၅၊ အပိုဒ် ၅၈။

ဥပမာ၊ အကျင့်ပျက်ခြစားမှုဆိုင်ရာ အထောက်အထားများရှိမှသာ စုံစမ်းစစ်ဆေးမှုကို ဆောင်ရွက်ခြင်း သို့မဟုတ် စစ်ဆေးရေးအာဏာပိုင်များက လွန်လွန်ကဲကဲ ထိပါးကျူးလွန်ခြင်းမှ ကာကွယ်ခြင်းကဲ့သို့ အကာအကွယ်များမပါရှိပါ။ ဒါ့အပြင် စည်းကမ်းလိုက်နာရန် ပျက်ကွက်မှုများကို ပြုပြင်ရန်နှင့် ဖြေရှင်းရန် အခွင့်အလမ်းပေးခြင်းမျိုး သို့မဟုတ် စုံစမ်းစစ်ဆေးခံရကြောင်း အသင်းအဖွဲ့များထံ သင့်လျော်သောသတိပေးချက်ထုတ်ပြန်ပေးခြင်းမျိုး ဆောင်ရွက်ရန်လည်း ပျက်ကွက်သည်။ ယင်းအစား၊ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေသည် တိုင်ကြားချက်လက်ခံရရှိချိန်တွင် သို့မဟုတ် သက်ဆိုင်ရာကဏ္ဍ အစိုးရအဖွဲ့အစည်း၏ ဆုံးဖြတ်ချက်အရသာ ကြပ်မတ်စောင့်ကြည့်ခြင်းကို ကြုံသလိုလုပ်ပိုင်ခွင့်ပေးထားသည်။

မှတ်ပုံတင်ရေးအဖွဲ့များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အခြားအစိုးရဌာနအဖွဲ့အစည်းများသို့ ပေးအပ်ထားသည့် စစ်ဆေးရေးအာဏာများသည် မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များ၏ လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်အပေါ် တရားဥပဒေအရဘောင်မဝင်သော ကန့်သတ်ချက်များဆောင်ရွက်နေသည်ကို ကိုယ်စားပြုလျက်ရှိသည်။ [111] ငွေစာရင်းများ သို့မဟုတ် လုပ်ငန်းများကို စစ်ဆေးခြင်းမျိုးသည် "ဥပဒေချိုးဖောက်မှုကြီးကြီးမားမား ဖြစ်ပွားခဲ့ခြင်း သို့မဟုတ် ဖြစ်လာခါနီးပြီဟု သံသယရှိရန် ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်များရှိမှသာ ဆောင်ရွက်သင့်သည်။" စစ်ဆေးရေးလုပ်ထုံးလုပ်နည်းများသည် ထင်သလိုဆောင်ရွက်ခြင်းမျိုးမဖြစ်ရဘဲ အသင်းအဖွဲ့ထံသို့ ကြိုတင်သတိပေးပြီးနောက်မှသာ ဆောင်ရွက်သင့်ပြီး ရှာဖွေမှုများနှင့်ဖမ်းဆီးရမိမှုများကို တရားစီရင်ရေးခွင့်ပြုချက်အတိုင်းသာ လုပ်ဆောင်သင့်ပါသည်။ [112] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေတွင် ထိုကဲ့သို့သော လုပ်ထုံးလုပ်နည်းဆိုင်ရာ အကာအကွယ်များ မပေးထားပါ။ စုံစမ်းစစ်ဆေးမှုများကို တရားဥပဒေအရ ဘောင်မဝင်သောလုပ်ဆောင်မှုဟု သံသယတစ်စုံတစ်ရာမရှိဘဲ အချိန်မရွေး လုပ်ဆောင်နိုင်သည်မှာ ထင်ရှားသည်။

အလားတူပင် အသင်းအဖွဲ့များသည် ၎င်းတို့၏ အတွင်းရေးကို နိုင်ငံတော်မှ ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲ ကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့်ရှိသင့်သည်။ ဥပမာအားဖြင့် ၎င်းတို့၏ အသင်းအဖွဲ့အတွင်းစီမံခန့်ခွဲမှု သို့မဟုတ် ဖွဲ့စည်းပုံကို ပြုပြင်ပြောင်းလဲရန် ခွင့်ပြုချက်ရယူရခြင်းမျိုး မဖြစ်သင့်ပါ။ [113] အများဆုံးလုပ်ရမည်ဆိုလျှင်ပင် အသင်းအဖွဲ့များသည် ကြိုတင်ခွင့်ပြုချက်ရယူရမည့်အစား ထိုအပြောင်းအလဲများကို လုပ်ဆောင်ပြီးနောက် အာဏာပိုင်များထံ အကြောင်းကြားရန်သာ လိုအပ်ပေမည်။ ဤအပိုင်းတွင် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေပါစည်းမျဉ်းများသည် အထူးကြီးလေးခက်ခဲပြီး လိပ်စာပြောင်းလဲခြင်းအတွက်ပင် ခွင့်ပြုချက်ရယူရန် တာဝန်တစ်ခုချမှတ်ထားသည်။ အမှန်တွင် ရိုးရှင်းသော အသိပေးချက်လုပ်ထုံးလုပ်နည်းသည် လုံလောက်ကြောင်း ထင်ရှားပါသည်။ အသင်းအဖွဲ့တစ်ခု၏ အသင်းအဖွဲ့အတွင်းစီမံခန့်ခွဲမှုအား ပြင်ပမှဝင်ရောက်စွက်ဖက်ခြင်းသည် "အလွန်ထူးခြားသော အခြေအနေများ" တွင်သာ ဖြစ်သင့်ပြီး ပုံမှန်ကိစ္စရပ်တစ်ခု မဖြစ်သင့်ပါ-

---

[111] ဥရောပကောင်စီ၏ဝန်ကြီးများကော်မတီ၊ မှတ်စု ၈၄၊ အပိုဒ်။ ၆၈။

[112] *Ibid.*, အပိုဒ် ၆၈-၆၉။

[113] အာဖရိကရှိ လွတ်လပ်စွာ အသင်းအဖွဲ့နှင့် စုဝေးခွင့်ဆိုင်ရာ လမ်းညွှန်ချက်များ၊ မှတ်စု ၁၄၊ အပိုဒ်။ ၃၆; OSCE နှင့် Venice ကော်မရှင်၊ မှတ်စု ၃၃၊ အပိုဒ်။ ၁၆၉; လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများဆိုင်ရာ အထူးကိုယ်စားလှယ်၏ ၂၀၀၉ အစီရင်ခံစာ၊ မှတ်စု ၉၉၊ အပိုဒ် ၁၂၁။

သက်ဆိုင်ရာအသင်းအဖွဲ့သည် ဥပဒေဖောက်ဖျက်မှုကိုဖြေရှင်းရန် ပျက်ကွက်သည့်ကိစ္စမျိုး၊ သို့မဟုတ် နောက်ဆက်တွဲအနေဖြင့် ပြင်းထန်သောအကျိုးဆက်များရှိနိုင်သည့် စည်းကမ်းချိုးဖောက်နိုင်ချေရှိမှုမှ ကာကွယ်ရန် လိုအပ်သည့်ကိစ္စများကဲ့သို့သော ပြင်းထန်သောဥပဒေကြောင်းအရ ဖောက်ဖျက်မှုကို အဆုံးသတ်ရန်အတွက်သာ ကြားဝင်စွက်ဖက်မှုကို ခွင့်ပြုသင့်သည်။[114]

# 7. စည်းရုံးရေးနှင့် လုပ်ငန်းစဉ်များအပေါ် တားမြစ်ကန့်သတ်ချက်များ

## 7.1. အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ

မှတ်ပုံတင်ထားသော အဖွဲ့အစည်းများ၏ နိုင်ငံရေး၊ ဘာသာရေး သို့မဟုတ် စီးပွားရေးဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နိုင်ခွင့်ကို အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေတွင် ကန့်သတ်ထားသည်။ ဤကဏ္ဍများတွင် "တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်" ပါဝင်သည့်အဖွဲ့အစည်းများသည် မှတ်ပုံတင်စာရင်းမသွင်းနိုင်သလို မှတ်ပုံတင်ပြီးသား အသင်းအဖွဲ့များ၏ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပါဝင်ပတ်သက်မှုကို ကန့်သတ်ရန်အတွက် သီးသန့်သတ်မှတ်ထားသည့် "လူမှုရေးလုပ်ငန်းစဉ်များ" တွင်သာ ပါဝင်ရန်သတ်မှတ်ထားသည်။[115] နိုင်ငံရေးပါတီ သို့မဟုတ် ဘာသာရေးကို ပံ့ပိုးရာတွင် အဖွဲ့အစည်းတစ်ခု၏အမည်ကို အသုံးပြုခြင်း သို့မဟုတ် လူမှုရေးလုပ်ငန်းများထက် ကျော်လွန်၍ အကျိုးတစ်စုံတစ်ရာအတွက် အသုံးပြုခြင်းကိုလည်း ရာဇဝတ်မှုဖြင့် ထောင်ဒဏ် ၃ နှစ်အထိ ချမှတ်နိုင်သည်။[116] ဆန့်ကျင်ဘက်အားဖြင့် ၂၀၁၄ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေသည် အဆိုပါကဏ္ဍများတွင် ပါဝင်လှုပ်ရှားမှုများကို ကန့်သတ်မထားဘဲ ဘာသာရေး သို့မဟုတ် စီးပွားရေး လုပ်ငန်းများတွင် "သာ" ပါဝင်နေပါက အဖွဲ့အစည်းများသည် ယင်းဥပဒေဘောင်အပြင်ဘက်တွင် ရှိကြောင်း ဖော်ပြရုံမျှသာရှိသည်။[117]

မှတ်ပုံတင်ထားသောအသင်းအဖွဲ့များသည် လုပ်ငန်းစဉ်အချို့ကို ရှောင်ရှားရန်တာဝန်များရှိပြီး မရှောင်ရှား နိုင်ခဲ့ပါက စီမံခန့်ခွဲရေး သို့မဟုတ် ရာဇဝတ်မှုဆိုင်ရာ ပြစ်ဒဏ်များနှင့်ကြုံရနိုင်သည်။ အစောပိုင်းတွင် ဖော်ပြထား သည့်အတိုင်း၊ ဒဏ်ခတ်အရေးယူနိုင်သော လုပ်ရပ်အများစုကို မရေရာသောအသုံးအနှုန်းများဖြင့် အဓိပ္ပာယ် ဖွင့်ဆိုထားရာ အလွဲသုံးစားမှုလုပ်ရန်လမ်းကြောင်းပေးရာရောက်သည်။ ထို့အပြင် လက်နက်ကိုင်အဖွဲ့များနှင့် ဆက်နွယ်သည်ဟု ယူဆရနိုင်သူများကို ဆက်သွယ်ခြင်း သို့မဟုတ် အကူအညီပေးခြင်း၊ နိုင်ငံရေးအရ ဝေဖန်

[114] OSCE နှင့် Venice ကော်မရှင်၊ မှတ်စု 33၊ အပိုဒ်။ ၁၇၇။

[115] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ အခန်း ၂(ဆ)။ မြန်မာ့အလင်း ဘာသာပြန်ချက်တွင် "အများစု၏အကျိုးစီးပွား" ကိုမြှင့်တင်ရန်ရည်ရွယ်သော လှုပ်ရှားမှုများကိုရည်ညွှန်းသည်။ ၎င်းကို ဘာသာပြန်ဆိုမှု ညံ့ဖျင်းခြင်းအဖြစ် ကျွန်ုပ်တို့ နားလည်ပါသည် (လင်ကွန်း ဘာသာပြန်တွင် "ဘုံကောင်းကျိုး" ကို ရည်ညွှန်းသည်) သို့သော် ဘာသာပြန်ဆိုမှု မှန်ကန်ခဲ့ပါက၊ လူနည်းစုများ၏ အကျိုးစီးပွားကို ကိုယ်စားပြုသော အုပ်စုများကို ဖယ်ထုတ်ခြင်းကိုလည်း ဆိုလိုမည်ဖြစ်သည်။

[116] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၁၆။

[117] ၂၀၁၄ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၁၉ (ခ)။

ပြောကြားခြင်း သို့မဟုတ် နိုင်ငံတော်ကို ထိခိုက်စေသည်ဟု အစိုးရမှယူဆသည့် လှုပ်ရှားမှုများကို လိုက်လုပ်ခြင်းတို့အပါအဝင် ငြိမ်းချမ်းပြီး တရားဥပဒေအရဘောင်ဝင်သည့် လှုပ်ရှားမှုများကို ပြစ်ဒဏ်ချခြင်းမျိုး ကြုံရနိုင်သည်။

ဤကန့်သတ်ချက်များအပြင် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေသည် အသင်းအဖွဲ့များအား ကြိုတင်ခွင့်ပြုထားသည့်လုပ်ငန်းများကိုသာ လုပ်ဆောင်ရန်ကန့်သတ်ထားသည်။ အသင်းအဖွဲ့များသည် မှတ်ပုံတင်သည့်အခါ ၎င်းတို့၏ ရည်မှန်းချက်များနှင့်ရည်ရွယ်ထားသော လုပ်ငန်းစဉ်များကို ဖော်ပြရသည်။ ထို့နောက် သက်ဆိုင်ရာကဏ္ဍ အစိုးရအဖွဲ့အစည်း၏ ထောက်ခံချက်အပေါ် အခြေခံ၍ မှတ်ပုံတင်ရေးအဖွဲ့က အတည်ပြုထားသည့် လုပ်ငန်းများထက် ကျော်လွန်၍ ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ထားသည်။ [118] အလားတူ ရည်ရွယ်ချက်များ သို့မဟုတ် လုပ်ငန်းစဉ်များကို ပြောင်းလဲလိုသော အသင်းအဖွဲ့တစ်ခုသည် သက်ဆိုင်ရာကဏ္ဍ အစိုးရအဖွဲ့အစည်းထံမှ ထောက်ခံချက်အသစ်နှင့် မှတ်ပုံတင်ရေးအဖွဲ့ထံမှ ခွင့်ပြုချက်ရယူရမည်ဖြစ်သည်။ [119] မှတ်ပုံတင်ရေးအဖွဲ့များကိုတင်ပြရန် အသင်းအဖွဲ့တစ်ခု၏လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းပြီး ယေဘုယျဖော်ပြချက်တစ်ခုသာ လိုအပ်ပြီး အတည်ပြုထားသောလုပ်ငန်းအမျိုးအစားတစ်ခုအတွင်း ပိုမိုအသေးစိတ်သော လုပ်ငန်းများစီစဉ်ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ရသော်လည်း သက်ဆိုင်ရာအာဏာပိုင်များ၏ ဆုံးဖြတ်ချက်သာအတည်ဖြစ်မည်။

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေသည် အသင်းအဖွဲ့များ၏ လှုပ်ရှားမှုများအပေါ် ပထဝီဝင်အနေအထားအရ ကန့်သတ်ချက်များလည်း ပြဋ္ဌာန်းထားသည်။ မှတ်ပုံတင်ခြင်းကဏ္ဍတွင် ဖော်ပြထားသည့်အတိုင်း အသင်းအဖွဲ့များသည် ၎င်းတို့၏မှတ်ပုံတင်ရေးအဖွဲ့မှကြီးကြပ်သည့် ဧရိယာအတွင်းသာ လုပ်ကိုင်ရမည်ဖြစ်သည်။ နိုင်ငံတော်က သဘာဝဘေးသင့်ဒေသအဖြစ် ကြေညာပါက ခြွင်းချက်တစ်ခုအဖြစ်သွားရောက်လုပ်ကိုင်နိုင်သော်လည်း သက်ဆိုင်ရာ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့ထံမှ ခွင့်ပြုချက်ရယူရမည်ဖြစ်သည်။ ခွင့်ပြုချက်ရရှိရန် အဖွဲ့အစည်းမှ လှူဒါန်းမည့် ရန်ပုံငွေ၊ ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းအချက်အလက်များကို တင်ပြရမည်ဖြစ်သည်။[120] အသင်းအဖွဲ့များသည် သက်ဆိုင်ရာ ဒေသန္တရအုပ်ချုပ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့များထံမှ ခရီးသွားကန့်သတ်နယ်မြေများတွင် လုပ်ကိုင်ရန် အထူးခွင့်ပြုချက် ရယူရမည်ဖြစ်သည်။[121] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေရှိ ဤပြဋ္ဌာန်းချက်သည် စစ်တပ်နှင့် အရပ်ဘက်အာဏာပိုင်များမှ အာဏာသိမ်းမှုမတိုင်မီနှင့် အပြီးတွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများအပေါ် ပြင်းထန်စွာ ကန့်သတ်မှုများ

[118] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၂၈ (င)။

[119] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၂၈ (ဈ)။

[120] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၂၇ (ဇ) နှင့် ၂၈ ( ဠ)။

[121] အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ပုဒ်မ ၂၈ (ဎ)။

အပါအဝင် မြန်မာနိုင်ငံရှိ ပဋိပက္ခ ဖြစ်ပွားရာဒေသများသို့ ခရီးသွားလာမှု ကန့်သတ်ချက်များ ပုံမှန်ချမှတ်ထား သည့် ကာလကြာရှည် လက်တွေ့ဖြစ်ရပ်တစ်ခုမျှသာဖြစ်သည်။[122]

## 7.2. နိုင်ငံတကာစံနှုန်းများနှင့် နှိုင်းယှဉ်သုံးသပ်ချက်

အချုပ်အားဖြင့် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ လုပ်ငန်းစဉ်များအပေါ် တားမြစ်ကန့်သတ်ချက် များ ကြီးမားပြီး၊ နိုင်ငံရေးဆိုင်ရာစည်းရုံးလှုံ့ဆော်မှုကို ထိထိရောက်ရောက်တားဆီးခြင်း၊ နိုင်ငံရေး သို့မဟုတ် စီးပွားရေး ကိစ္စများတွင် ပါဝင်ပတ်သက်မှုကိုကန့်သတ်ခြင်း၊ အထူးသဖြင့် ပဋိပက္ခ သို့မဟုတ် အမျိုးသား ဘေးဒုက္ခ ဖြစ်ပွားရာဒေသများတွင် ပထဝီဝင်အနေအထားအရ ကန့်သတ်ချက်များ ချမှတ်ထားသည်။ အစောပိုင်းတွင် ဖော်ပြထားသော ကြီးကြပ်မှုနှင့်အတူ အပြောင်းအလဲများပြုလုပ်ရန်အတွက် အတည်ပြုချက် ရယူရန်လိုအပ်ချက်အရ အသင်းအဖွဲ့များသည် မှတ်ပုံတင်ဘုတ်အဖွဲ့များနှင့် အခြားအာဏာပိုင်များက လက်ခံနိုင် သည်ဟု ယူဆသည့် လုပ်ငန်းများကိုသာ ကန့်သတ်ဆောင်ရွက်နိုင်ဖွယ်ရှိသည်ဟု ဆိုလိုသည်။

ခွင့်ပြုထားသော လုပ်ငန်းစဉ်များမှလွဲ၍ အသင်းအဖွဲ့များအား အခြားလုပ်ငန်းများကိုဆောင်ရွက်ခြင်းမှ ခွင့်မပြု ခြင်းသည် နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများနှင့် မကိုက်ညီပါ။ လက်ရှိ သို့မဟုတ် အဆိုပြုထားသော နိုင်ငံတော်မူဝါဒများ သို့မဟုတ် လုပ်ဆောင်ချက်များအပေါ် အချေအတင်ဆွေးနွေးမှုများအပါအဝင် အများပြည်သူ ဆိုင်ရာ မူဝါဒရေးရာဆွေးနွေးပွဲများတွင် အသင်းအဖွဲ့များ ပါဝင်ခွင့်ရှိသင့်သည်။ [123] နိုင်ငံရေးပါတီများနှင့် ဘာသာရေးအသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းအတွက် သီးခြားစနစ်များ ဖန်တီးရန်နှင့် အသင်းအဖွဲ့ များအဖြစ် မှတ်ပုံတင်ထားသည့်အဖွဲ့အစည်းများကို အငှားအသုံးချခြင်းမျိုးကို တားမြစ်ထားခြင်းမှာ တရားဥပဒေနှင့် ညီသော်လည်း အသင်းအဖွဲ့များသည် နိုင်ငံရေး သို့မဟုတ် ဘာသာရေးဆိုင်ရာ လှုပ်ရှားမှုများကို ကိုယ်စားပြုရန်ရည်ရွယ်ပြီး စစ်တပ်မှကြီးစိုးထားသည့် အစိုးရဌာနများနှင့်ပတ်သက်သည့် မည်သည့်အရာ တွင်မဆို ပါဝင်ဆောင်ရွက်ခွင့်ကို ကန့်သတ်ထားသည့် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေပါ တားမြစ်ချက်များသည် လိုအပ်သည်ထက် များစွာကျော်လွန်သွားသည်။ အခြားသူများနှင့် လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်းခွင့်အရ ကျင့်သုံးသည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ဆိုသည်မှာ အသင်းအဖွဲ့များ အနေဖြင့် အကြောင်းအရာမျိုးစုံကို လွတ်လပ်စွာ ပြောဆိုခွင့်ရှိသင့်သည်ဟု ဆိုလိုသည်။ ဤလွတ်လပ်မှုကို နိုင်ငံတကာဥပဒေအောက်တွင် ကြောင်းကျိုးစစ်ဆေးမှုအပိုင်း သုံးပိုင်းနှင့် အညီ တိကျသောနည်းလမ်းဖြင့်သာ ကန့်သတ်နိုင်သည်။ "လူမှုရေးလုပ်ငန်းစဉ်များ" တွင်သာပါဝင်ရန် ယေဘုယျ ပြဋ္ဌာန်းချက်တစ်ခု သို့မဟုတ်

---

[122] ဥပမာအားဖြင့်၊ International Crisis Group၊ မီးနှင့်ရေခဲ-မြန်မာ့ရှမ်းပြည်နယ်အတွင်း ပဋိပက္ခနှင့် မူးယစ်ဆေးဝါးများ”ကို ကြည့်ပါ၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၈၊ https://www.crisisgroup.org/asia/south-east-asia/myanmar/299-fire-and-ice-conflict-and-drugs-myanmars-shan-state နှင့် Development Media Group ၊ အစိုးရသည် ရခိုင်ပြည်နယ်ရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများအား ခရီးသွားလာခွင့် ကန့်သတ်ချက်များ၊၂၀၂၂ ခုနှစ် ဇူလိုင်လ ၁၈၊ https://bit.ly/3IdsYsA တို့တွင်ကြည့်ပါ။

[123] လူ့အခွင့်အရေးကာကွယ်သူများဆိုင်ရာ အထူးကိုယ်စားလှယ်၏ ၂၀၀၉ အစီရင်ခံစာ၊ မှတ်စု ၉၉၊ အပိုဒ်။ ၁၂။

မှတ်ပုံတင်အဖွဲ့မှ အတည်ပြုထားသော လုပ်ဆောင်ချက်များကိုသာ လုပ်ဆောင်ရန်မှာ ဤအခွင့်အရေးများကို ကျင့်သုံးခြင်းနှင့် ကွဲလွဲနေပါသည်။

ခြုံငုံသုံးသပ်ရလျှင်ဖြင့်၊ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေသည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ အောက်တွင် အကျုံးဝင်သောချုပ်ကိုင်မှုမျိုးမဟုတ်သည့် အသင်းအဖွဲ့များအတွက် ခွင့်ပြုနိုင်သော နှင့် ခွင့်မပြုနိုင်သော လှုပ်ရှားမှုများစာရင်းကို သတ်မှတ်ရန် ကြိုးပမ်းသည်ကိုတွေ့ရသည်-

> အရပ်ဘက်အဖွဲ့အစည်းများအတွက် ခွင့်ပြုထားသော သို့မဟုတ် တားမြစ်ထားသော လုပ်ငန်းစဉ် စာရင်းများပါရှိသော အသင်းအဖွဲ့မှုဘောင်ဥပဒေများသည် များစွာပြဿနာဖြစ်စေပြီး မကြာခဏဆိုသလို ယင်းကဲ့သို့ ပြဋ္ဌာန်းချက်များ မရေမရာ ဖန်တီးခြင်းက သက်ဆိုင်ရာ အစိုးရဦးစီးဌာနများအား လိုသလို အဓိပ္ပာယ်ဖွင့်ဆိုခွင့်ပေးထားပြီး အစိုးရမူဝါဒများနှင့် ကျင့်ထုံးများကို ဝေဖန်ထောက်ပြသည့် အရပ်ဘက်အဖွဲ့အစည်းများ၏ လှုပ်ရှားမှုများကို ရပ်တန့်ရန်အတွက် အသုံးပြုနိုင်သည်။[124]

အသင်းအဖွဲ့များသည် ၎င်းတို့၏ လုပ်ငန်းစဉ်များကို အစိုးရမူဝါဒများနှင့် ချိန်ညှိရန် မမျှော်လင့်သင့်ပါ။ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၏ အင်္ဂါရပ်အချို့မှာ စစ်အစိုးရထံမှ ထိုသို့သော မျှော်လင့်ချက်ရှိနေကြောင်းကို ညွှန်ပြနေသည်။ ဥပမာအားဖြင့် သက်ဆိုင်ရာကဏ္ဍ အစိုးရဦးစီးဌာနထံမှ ထောက်ခံချက်ရယူရန် လိုအပ်ချက်များ၊ မှတ်ပုံတင်ခြင်းတွင် လုပ်ငန်းစဉ်များစာရင်းနှင့် ထွေအုပ်မြို့နယ်ရုံးများသို့ လှုပ်ရှားမှုအစီရင်ခံစာများ တင်သွင်းရခြင်းစသည်တို့က အသင်းအဖွဲ့များသည် ၎င်းတို့၏ လုပ်ငန်းများကို အစိုးရ၏ဦးစားပေး အစီအစဉ်များနှင့် ချိန်ညှိပေးမည်ဟု မျှော်လင့်နေခြင်းဖြစ်ကြောင်း အဆိုပြုထားသည်။ အစိုးရများသည် ထိန်းချုပ်မှုထက် ပူးပေါင်းဆောင်ရွက်မှုဖြင့် အရပ်ဘက်လူ့အဖွဲ့အစည်းများကို ချဉ်းကပ်သင့်သော်လည်း အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေသည် ဆန့်ကျင်ဘက်ချဉ်းကပ်မှုဖြစ်ပြီး အသင်းအဖွဲ့များကို စစ်တပ်ကိုယ်တိုင်၏ တိုင်းပြည်အတွက်ရည်မှန်းချက်နှင့် လိုက်လျောညီထွေဖြစ်အောင် တွန်းအားပေးရန် ကြိုးပမ်းနေသည်။

# ၈. နိဂုံးနှင့် အကြံပြုချက်များ

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေသည် မြန်မာနိုင်ငံကို အုပ်ချုပ်နေသော စစ်အာဏာရှင်စနစ်၏ နောက်ထပ်အာဏာရှင်ဆန်သော ခြေလှမ်းတစ်ခုကို ကိုယ်စားပြုသည်။ ယင်းသည် လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်နှင့် အခြားသော အခြေခံလူ့အခွင့်အရေးများကို နည်းမျိုးစုံဖြင့် ထိပါးလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေတွင်ဖော်ပြထားသော စံချိန်စံညွှန်းများနှင့် ကွဲလွဲနေသည့် အင်္ဂါရပ်များဖြစ်သည့် မဖြစ်မနေ မှတ်ပုံတင်ရန် လိုအပ်ချက်၊ အလွန်ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် လျှောက်လွှာတင်ရန် လုပ်ထုံးလုပ်နည်း၊

[124] *Ibid.*, အပိုဒ် ၇၉

ထိပါးကျူးကျော်ရာရောက်သည့် ကြီးကြပ်မှုနှင့် စစ်ဆေးရေးအာဏာများ၊ ခွင့်ပြုနိုင်သည့် အသင်းအဖွဲ့ လုပ်ငန်းများအပေါ် တားမြစ်ကန့်သတ်ချက်များ၊ လုပ်ငန်းဆောင်ရွက်ခွင့် ဆုံးရှုံးနိုင်ချေနှင့် ရာဇဝတ်မှု ပြစ်ဒဏ်များ ရှိလာနိုင်သည့် များစွာသောအကြောင်းရင်းများသည် နိုင်ငံတကာဥပဒေပါစံနှုန်းများနှင့် ကွဲပြားနေသည်။

စစ်ကောင်စီသည် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေပါ လုပ်ထုံးလုပ်နည်းများ သို့မဟုတ် အကောင်အထည်ဖော်မှုများအား မကြာခဏဆိုသလို ပွင့်လင်းမြင်သာမှုမရှိသော နည်းလမ်းများဖြင့် ထင်သလို ပြောင်းလဲရန် လုပ်ပိုင်ခွင့်ကြီးကြီးမားမားများလည်း ရှိထားသည်။ ဥပဒေ၏ကဏ္ဍတော်တော်များများကို အသေးစိတ်ဖော်ပြထားခြင်းမရှိချေ။ ဥပမာအားဖြင့် ကြီးကြပ်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းအတွက် ရှင်းလင်းသော လုပ်ထုံးလုပ်နည်းများမရှိခြင်း၊ မှတ်ပုံတင်ရေးအဖွဲ့များ၏ အဖွဲ့ဝင်များကို တိတိပပ မသတ်မှတ်ထားခြင်းနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာ လျှောက်လွှာများကို ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြောင်းလဲရန် မှတ်ပုံတင်ရေးအဖွဲ့များ၏ လုပ်ပိုင်ခွင့်စသည်တို့ ပါဝင်သည်။

ယခုအခါ မြန်မာနိုင်ငံရှိ အသင်းများသည် တရားဥပဒေဆိုင်ရာ မသေချာမရေရာမှုများစွာအပြင် ထိန်းချုပ်စောင့်ကြည့်ခြင်းနှင့် အနှောင့်အယှက်ပေးခြင်းအတွက် နောက်ဆက်တွဲအကြောင်းပြချက်များနှင့် ရင်ဆိုင်နေရသည်။ ဤသည်မှာ မြန်မာ့အရပ်ဘက်လူ့အဖွဲ့အစည်းများ အသစ်ကြုံတွေ့ရခြင်းမဟုတ်သော်လည်း၊ အသင်းအဖွဲ့များသည် တရားဥပဒေအသစ်ကို လိုက်နာရန် ကြိုးပမ်းခြင်းရှိမရှိ ခက်ခဲသော ဆုံးဖြတ်ချက်များချရန် လိုအပ်မည်ဖြစ်သည်။ အချို့သူများသည် တရားဝင်အစိုးရသစ်ကို လက်အောက်ခံအဖြစ်ခံမည့်အစား မှတ်ပုံတင်မထားသော အဖွဲ့အစည်းများအဖြစ် လည်ပတ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အရေးယူမှုကို အရဲစွန့်ရင်ဆိုင်ခြင်းက ပိုစိတ်ချရမည်ဟု ဆုံးဖြတ်နိုင်သည်။ အခြားသူများကမူ လုပ်ငန်းများကို လုံးလုံးရပ်တန့်ရန်နှင့် ဖျက်သိမ်းရန် လိုအပ်သည်ဟု ဆုံးဖြတ်နိုင်သည်။

အလှူရှင်များနှင့် မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် ဖွံ့ဖြိုးရေးအကူအညီများ ပံ့ပိုးပေးနေသည့် နိုင်ငံတကာအသိုက်အဝန်းသည် မြန်မာနိုင်ငံတွင် ၎င်းတို့၏လုပ်ငန်းကို တရားဥပဒေသစ်နှင့်အညီ လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်ရာတွင် သိသာထင်ရှားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေပါ အန္တရာယ်များကိုတိုင်းတာရန်နှင့် လုပ်ငန်းဆောင်ရွက်မှုများကို လိုက်လျောညီထွေဖြစ်အောင် ချိန်ညှိရန် ဒေသခံအရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တွေ့ဆုံဆွေးနွေးရေးနှင့် ကြိုတင်ကြံဆထားသောစီမံကိန်းများ လိုအပ်မည်ဖြစ်သည်။